www.burmeseclassic.com



www.burmeseclassic.com

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၉၈၉/၂၀၀၄(၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၇၇/၂၀၀၄(၁၁)

ပထမအကြိမ်
၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ
ကန့်ဖိုး - ၁၀၀၀ ကျပ်
အုပ်ရေ - ၅၀၀

အတွင်း+အဖုံးပုံနှိပ်သူ - ဦးမောင်မောင်လေး (၀၇၀၅၁)
စန္ဒာဝင်းပုံနှိပ်တိုက်
အမှတ် ၂၀၉၊ ၃၆ လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးခင်မောင်သိန်းဆွေ (၀၇၄၇)

သလ္လာဝတီစာပေ
တိုက် ၂၄၀၊ အခန်း (၃)၊
၂၅ ရပ်ကွက်၊ ဇေယျာသုခလမ်း
သုဝဏ္ဏ၊ ရန်ကုန်မြို့။

မြင်းခွာသံကိုတော့ ကြားရ၏။

သို့သော် သူသည် ဇကာဖြင့် ဖြုံးဆေးနေသူများကို စိတ်ဝင်စားစွာ ရပ်ကြည့်လျက်ရှိသည်။ တစ်ယောက်က စီးကျလာသည့် ရေအိုင်ထဲမှရေကို လက်ကိုင်ပါသော ပုံးနှင့်ထိုးကာ ဇကာပေါ်သို့ ပက်တင်ပေးလိုက်သည်။

ကြိုးဆိုင်းဆွဲထားသော ဇကာထဲမှ နွန်းနှစ်များကို လက်နှင့်ပွတ်ကာ အောက်မှရေအိုင်ထဲသို့ စစ်ချနေသည်။ ပါလာသော ကျောက်ကြမ်းများကို ရေနှင့်ထပ်လောင်းကာ မျှော်ကိုင်ကြည့်သည်။

ကျောက်ကောင်းဟူ၍ တစ်လုံးမှပါမလာချေ။ သည်

www.burmeseclassic.com



ကြားထဲ နံနက်က မိုးရွာထားသော တောင်ခါးပန်းတွင် ရေအိုင် ရေဗွက်ငယ်များ ဖြစ်နေလေရာ လမ်းသွားရသည်မှာ ဖိနပ်နှင့် ရွှံ့နီစေးများကပ်နေသောကြောင့် ပိုစိတ်ပျက်စရာကောင်းသည်။

ထိုအချိန်မှာပင် အရှိန်နှင့်မောင်းနှင်လာသံကို ကောင်း ကောင်းကြားရသည်။

"ဟေ့ . . ဟေ့"

"ခွပ် . . ခွပ် . . ခွပ် . . ခွပ်"

ရွှံ့များ ဗွက်များထဲတွင် မြင်းကို အပြင်းစိုင်းလာသည်။ မြင်းစီးလာသူက ယောကျ်ားသားတစ်ဦး မဟုတ်ပေ။ နွဲ့နှောင်း လှပသော မိန်းမပျိုတစ်ဦးသာ ဖြစ်သည်။ မြင်းကိုတင်ပါးလွှဲ ထိုင်ကာ ကျွမ်းကျင်စွာ ဇက်ကြိုးရိုက်၍ မောင်းနှင်လာသည်။

ဖြုံးဆေးသူ၊ ရေတင်သူများ ခေတ္တရပ်ဆိုင်းသွားလေသည်။ ခပ်ဝေးဝေးမှ မြင်းကိုဇက်စောင်းအောင် ကြိုးကိုင်ကာ စီးလာသော အစိမ်းရောင်ပိုးအင်္ကျီနှင့် မိန်းကလေး မြင်းပေါ်မှ ပြုတ်ကျလာကြသည်လားဟု ငေးကြည့်နေကြသည်။

နေသီဟသည် လက်ခါးထောက်ကာ လှည့်ကြည့်လိုက်လေတော့သည်။

"ဗွမ်း"

"အိုး"

"ဗွမ်း . . ဗွမ်း"

"အား"



BURMESE CLASSIC



ထိုအခိုက်မှာပင် မိန်းမပျိုစီးလာသည့် မြင်းသည် သူတို့ ဖြုံးဆေးနေသော တောင်စောင်းမှဖြတ်ကျော်ရာ အနီး ရေဗွက် ငယ်များကို မြင်းက ခွာစုံပစ်ကာ နင်းချရာ ဗွက်များက "နေသီ ဟ"၏မျက်နှာနှင့် ရင်ဘတ်တို့တွင် စင်သွားလေတော့သည်။

ဖြုံးဆေးနေသူ လူသုံးလေးဦးကိုလည်း မြင်း၏က နင်းချ သော အိုင်ဗွက်မှ ရေ စင်ကာ စိုသွားရလေသည်။ သို့သော် ထိုသူများမှာ မူလကပင် အညိုရောင်ရွှံ့နှစ်များဖြင့် လူးနေရာ ပိုးအင်္ကျီလက်ပြတ် ဝတ်ဆင်ထားသော "နေသီဟ"ကိုယ်တွင် သာ ရွှံ့များက ပန်းချီ မလှမပခြယ်ထားသလို စွန်းထင်နေလေ တော့သည်။

နေသီဟသည် ဒေါသထွက်ကာ တောက်ခေါက်လိုက် လေသည်။

"တောက်"

သူသည် ခပ်ဝေးဝေး သစ်ပင်အောက်တွင် ကြိုးချည် ထားသော သူ့မြင်းကြီးရှိရာသို့ လျှောက်လှမ်းလာခဲ့သည်။ ပြီး နောက် ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ဗွက်များကို ဖြတ်ကျော် မောင်းချသွားသော မိန်းမပျို၏နောက်သို့ မြင်းကိုဒုန်းစိုင်းကာ လိုက်ပါလာခဲ့တော့သည်။ သူသည် ရိုးတစ်ခုကိုကွေ့သွားပြီ ဖြစ်၍ ရှေ့မှ မြင်းစီးနေသော မိန်းမပျိုကို မမြင်ရတော့ပေ။

အမှန်တော့ ထင်းရှူးပင်တန်းကျော်လျှင် သူတို့၏ ကျောက်တွင်းပိုင်နက်ကုန်းပြီ ဖြစ်လေသည်။ သို့သော် သူသည် ထင်းရှူးပင်တန်းကို ဖြတ်ကျော်ကာ ကုန်းမြင့်ပေါ်သို့ တက်လာ ခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကုန်းမြင့်ပေါ်၌ ရဲတိုက်ကဲ့သို့ ကြီးမားလှသော တိုက်ကြီးတစ်လုံးကို တွေ့ရသည်။

"သား . . အဲဒီအစွန်ဆုံးတွင်းက တွင်းရိုးစား ဦးဘတင် ဆိုတဲ့လူရဲ့ တွင်းပေါ့၊ သူတို့က ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်ထားတာ သူတို့ကျောက်တွင်းကလဲ ကျောက်ကောင်းတွေထွက်လို့ အကြီးအကျယ်ချမ်းသာနေကြတဲ့ လူတွေပေါ့"

ဖခင်ဖြစ်သူ၏ ပြောစကားကို သူ၏နားထဲတွင် ပြန်၍ကြားယောင်လာသည်။ သို့ဆိုလျှင် ခြံထဲသို့ဝင်သွားသော မိန်းမပျိုမှာ တွင်းရိုးစား ဦးဘတင်နှင့် တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေသူ ဖြစ်ပေလိမ့်မည်။



အချိန်ကာလကား အင်္ဂလိပ်နယ်ချဲ့အစိုးရက မြန်မာနိုင်ငံအား ဝါးမျိုပြီးနောက် နှစ်ပေါင်းသုံးဆယ်ကြာကာလခန့်က ဖြစ်လေသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံ၌ ကိုယ်ကျိုးစီးပွားကိုသာ ကြည့်လျက် အင်္ဂလိပ်အရေးပိုင်၊ နယ်ပိုင်၊ မြို့ပိုင်များ၊ ရာဇဝတ်အုပ်များ၊ သစ်တောဝန်ထောက်များ၊ ယစ်မျိုးဝန်ထောက်များနှင့် ပေါင်းကာ ကိုယ်ကောင်းစားရေး ရှာကြံသော သစ္စာဖောက်များလည်း များစွာပေါ်ထွန်းခဲ့လေသည်။

အချို့ကလည်း မြို့ပိုင်ကို ဘုရားထူးကာ ကပ်ဖားရပ်ဖားလုပ်လျက် မိမိနှင့် မတည့်သော ရန်သူများကို မျိုးချစ်သူပုန်များဟု လက်ညှိုးထိုးကာ ချောက်တွန်းဒုက္ခပေးသူများလည်း ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးပညာတွင် စနစ်ကျနလှသော အင်္ဂလိပ်လူမျိုးများကလည်း အိန္ဒိယတိုင်းသား ကုလားလူမျိုးများကို မြန်မာနိုင်ငံတွင်းသို့ ခေါ်သွင်းလာကာ အထက်တန်းမကျတကျ ရာထူးများပေးကာ မြန်မာလူမျိုးများကို တစ်ဆင့်အုပ်ချုပ်ခိုင်းနေလေသည်။

ရွှေဘိုခရိုင် ဝက်လက်မြို့ရှိ ခြေတံရှည်အိမ်ကြီး၏ အပေါ်ထပ်တွင် ပိတ်အင်္ကျီအဖြူ၊ သျှောင်တာ ဓောင်းနှင့် လူကြီးတစ်ဦးသည် ခြံထဲတွင် နွားစာများစင်းနေသော ကာယဗလတောင့်တင်းသည့် လူငယ်လေးတစ်ဦးကို ငေးကြည့်နေလေသည်။

ထိုလူငယ်မှာ ဘသိုက်ဟု နာမည်တွင်၍ သူငယ်စဉ်ကလိုပင် အသတ်၊ အပုတ်၊ အထိုးအကြိတ်နှင့် မည်သူ့ကိုမျှ ဗိုလ်မထားလိုသော စိတ်မျိုးရှိလေသည်။ သျှောင်တာ ဓောင်း၊ ပိတ်ဖြူအင်္ကျီ ဝတ်ဆင်ထားသော အသက်ငါးဆယ်အရွယ် အဘိုးကြီးမှာ သန်မာလျက်ပင် ရှိသေးသော်လည်း ဇရာက လူငယ်တစ်ယောက်လို လှုပ်ရှားခွင့် မပေးတော့ချေ။

သူသည် မန္တလေးနေပြည်တော် ကောင်းစားစဉ်အခါက တိုင်းတားမင်းကြီး၏ အိမ်တော်တွင် အမှုထမ်းဖူးသော သွေးသောက်ကြီးတစ်ဦး ဖြစ်၏။ ထီးကျိုးစည်ပေါက်၍ မြန်မာ့ထီးနန်း ဆုံးရှုံးရပြီးနောက် မင်းမှုထမ်းများလည်း ကိုယ့်အစုကိုယ့်အရပ်သို့ ပြန်ကြရလေရာ ဦးဘလေးသည်လည်း ရွှေဘိုခရိုင် ဝက်လက်နယ်ရှိ မိဘလက်ငုပ်လက်ရင်း လယ်ယာလုပ်





ငန်းသို့ ပြန်ရောက်လာကာ သားမြေးများနှင့် နေထိုင်လေသည်။

မကြာမီ ခြေတံရှည်နှစ်ထပ်အိမ်ကြီးရှိရာ ခြံဝင်းကျယ်ကြီးထဲသို့ ခြောက်စထောင်လှည်းယာဉ်လေးတစ်စီး ဝင်လာသည်။ လှည်းပေါ်တွင် ရွှေကျင်ခတ်ပဝါပန်းနုရောင်နှင့် အသားအရေ ဝင်းဝါလှသော မိန်းမပျိုလေးတစ်ဦး ပါလာလေသည်။

"သားရေ . . ဧည့်သည်တွေတောင် ရောက်လာပြီဟေ့ . . မင်းအမေ ခုထိ ပြန်မလာသေးဘူး"

နွားစာများကိုချကာ လှည့်ကြည့်လိုက်သည်။ လှည်းယာဉ်သည် နှစ်ထပ်အိမ်ကြီး၏ရှေ့တွင် ရပ်ဆိုင်းသွားလေသည်။ လှည်းပေါ်မှ အသက် (၅၀)အရွယ်လူကြီးတစ်ဦးနှင့် ထိုလူကြီးနှင့် မတိမ်းမယိမ်းမိန်းမကြီးတစ်ဦးလည်း ဆင်းလာသည်။

မိန်းမပျိုမှာ အိမ်တော်ရာထီးလေးဆောင်းထားပြီး ဘသိုက်က ရင်ဘတ်ကားကား ပုဆိုးတိုတိုဖြင့် သူတို့ရှိရာသို့ လျှောက်လှမ်းလာသောအခါတွင်၊ လှည်းပေါ်မှ မဆင်းသေးဘဲ အိမ်တော်ရာထီးနှင့် မျက်နှာကို ကွယ်ထားလိုက်လေသည်။

"ဦးကြီးတို့ကို နေ့လယ်မှ ရောက်မယ်အောက်မေ့နေတာ၊ နေမတက်ခင် စောသားပဲ"

ဘသိုက်က ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်လိုက်ရာ

"ခရီးက နည်းနည်းလှမ်းတော့ လမ်းမှာမနားဘဲ မောင်းချလာတာ ခေတ်အခါကလဲ သိပ်ကောင်းတာ မဟုတ်ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



လှည်းပေါ်မှ မိန်းမပျို ရှက်နေသည်ကို သိရသောကြောင့် ဘသိုက်က အိမ်နောက်ဖက် ရေတွင်းရှိရာသို့ ထွက်ခွာလာရင်း

"အိမ်ပေါ်မှာ အဖေရှိပါတယ်၊ ဟောပြောရင်းဆိုရင်း တောင် ဆင်းလာပါပြီ"

ဟုပြောလိုက်လေသည်။

"လာကြ . . လာကြ၊ အော် သမီး နန္ဒာသင်းတောင် တော်တော်ကို ကြီးလာပါရောလား၊ အေးလေ မတွေ့ကြတာလဲ လေးငါးနှစ်မကတော့" '၀ '

ဝတ်ကောင်းစားလှဝတ်ဆင်ထားသော မိသားစုသုံးဦးမှာ အိမ်ပေါ်ထပ်သို့ ပါသွားကြလေသည်။ ဤအိမ်တွင် ဘသိုက်သာ မိန်းကလေးနေရာဝင်၍ လုပ်စရာရှိသမျှ လုပ်နေရရာ ဘသိုက်သည် အိမ်အောက်ထပ်တန်းပေါ်တွင် ချိတ်ထားခဲ့သော စွပ်ကျယ်ကို ကမန်းကတန်းဝတ်ဆင်ကာ မီးဖိုထဲမှ ရေနွေးအိုးကိုယူကာ ရောက်လာခဲ့သည်။

မကြာမီ ညေ့်သည်များ ဝိုင်းထိုင်နေသော အပေါ်ထပ်တွင် မြေပဲကြော်၊ ငါးခြောက်ဖုတ်နှင့် ထန်းလျက်မြည်းစရာတို့ ရောက်ရှိသွားလေသည်။

နန္ဒာသင်းဟု အမည်တွင်သော မိန်းမပျိုမှာ သူနှင့် မတိမ်းမယိမ်းရှိပြီး မျက်လုံးမျက်ခုံးနှာတံမှာ စွဲမက်စရာကောင်းလောက်အောင် လှနေသော်လည်း ပိုးအင်္ကျီလက်တို၊ ပုလဲပုတီး၊





ဘီးဆံထုံးယဉ်ယဉ်နှင့် တောင့်တင်းကြံ့ခိုင်သော ကိုယ်လုံးတို့မှာ မြင်သူငေးစရာပင် ဖြစ်လေသည်။

ထိုစဉ်မှာပင် ခံတောင်းတစ်လုံးကိုရွက်ကာ အသက်(၄၀)ကျော်အရွယ် မိန်းမကြီးတစ်ဦး အိမ်ထဲသို့ဝင်လာသည်။

"ဟော . . မင်းအမေတောင် ပြန်လာပြီ၊ ဝယ်လာတာတွေကတော့ တောင်းတစ်လုံးအပြည့်ပဲ"

အသီးအနှံများမှာ တောင်းပေါ်သို့ပင် လျှံနေလေသည်။ ညေ့်သည်များကို တစ်ချက်လှမ်းကြည့်ကာ

"ရောက်နေကြတာ ကြာပြီလား"

ဟု ဝမ်းသာအားရ မေးလိုက်သည်။

"မကြာသေးပါဘူး မယ်ရှင်ရဲ့၊ ညည်းနဲ့ ရှေ့ဆင့်နောက်ဆင့်လိုပါပဲ"

"စောသားပဲ ကောင်းတယ် . . နေမပူဘူး"

ဘသိုက်က ဒေါ်ရှင်၏ ခေါင်းပေါ်မှ တောင်းကို အသာယူ ပခုံးတွင်ထမ်း၍ အိမ်ထဲသို့ဝင်လာခဲ့လေသည်။ များမကြာမီ အပေါ်မှ နန္ဒာသင်းနှင့် သူမ၏မိခင် ဒေါ်မြနန္ဒာတို့မှာ အိမ်ရှင် ဒေါ်ငွေရှင်ကို ကူညီရန် အောက်ထပ်ရှိ မီးဖိုထဲသို့ ဆင်းလာကြလေသည်။

သူတို့သည် သည်အိမ်တွင် တည်းခိုမည့်သူများ ဖြစ်သောကြောင့် အေးအေးလူလူပင်။

"မနန္ဒာရယ် ကျွန်မ လုပ်နေကျပါရှင်၊ ဘာမှ ကူညီစရာ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်ပါ့မလဲ မရှင်ရယ်၊ တို့ကလည်း ညွှံ့သည်မှ မဟုတ်တာ ကြက်ကိုပေး . . ကျွန်မ ကိုင်မယ်၊ သမီး ငါးတွေ လုပ်ပေးလိုက်"

"ငါးခူကြော်မယ်၊ ကြက်သားဆီပြန်နဲ့ သီးစုံဟင်း၊ မရမ်းသီးသုပ်မယ်လေ"

ဒေါ်ငွေရှင်က သူ့စိတ်ကူးကို ပြောလိုက်သည်။

"အို . . ဟင်းတွေကလဲ စုံနေတာပဲ၊ ထမင်းတော့ မြိန်တော့မှာပါပဲ"

နန္ဒာသင်းက ငါးများကိုယူရင်း ပြုံး၍ပြောလိုက်လေသည်။

× × ×



ထိုအခိုက်မှာပင် ခြံဝင်းထဲသို့ မြင်းစီးသမား သုံးယောက် ဝင်ရောက်လာကြသည်။ ခြံဝအထိ မြင်းများကို စီးလာပြီးမှ အိမ်ပေါက်ဝရောက်မှ ရပ်လိုက်သည်။ မြင်းသုံးစီးကို ခေါင်းဆောင်လာသူမှာ ရွာသူကြီးသား စံထွန်း ဖြစ်သည်။ သူသည် သူ့လက်စွဲတော်နှစ်ယောက်နှင့် ဦးဘလေးကို လှမ်းခေါ်လိုက်သည်။

"ဦးဘလေး . . ဦးဘလေး"

ဦးဘလေး အပေါ်ထပ်တွင် ရောက်ရှိနေသော ညွှံ့သည်သူငယ်ချင်း ဦးမောင်ကြီးနှင့် ထိုင်ကာ စကားပြောနေခြင်းဖြစ်သည်။ ဘသိုက်က အိမ်ထဲမှ ထွက်လာသည်။

"ဘာလဲကွ စံထွန်း၊ အဖေ့ကို ဘာကိစ္စ ခေါ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စံထွန်းက အောက်ထပ်မီးဖိုမှ နန္ဒာသင်းကို လှမ်း၍ ကြည့်လိုက်ကာ

"စောစောက လှည်းနဲ့လာတဲ့ ဧည့်သည်သုံးယောက်က ဘယ်သူတွေလဲ၊ ဘာလုပ်သလဲ အဖေက လာအကြောင်းကြားပါတဲ့"

ဟုပြောသည်။

စံထွန်းသည် ဘသိုက်ကိုတော့ ခပ်ရွံ့ရွံ့ရှိလေသည်။

"အပိုတွေ လုပ်မနေစမ်းပါနဲ့ စံထွန်းရာ အကြောင်းမသိတာမှတ်လို့ ရိုးရိုးဧည့်သည်တွေပေါ့ကွ၊ မိသားစုသုံးလေးယောက်လာတာ ဘာမျိုးချစ်သူပုန်မှ မဟုတ်ဘူး၊ မင်းအဖေကို ပြောလိုက်"

ဘသိုက်က ခါးထောက်ပြောလိုက်၍ စံထွန်းက မျက်နှာပျက်သွားသည်။

"ဘသိုက် မင်းလဲ ဆင်ခြင်နေထိုင်ပါ၊ အခုလူတွေက ဘယ်သူက ကျား၊ ဘယ်သူက နွားဆိုတာ သိတာ မဟုတ်ဘူး၊ မနေ့က မြို့ပိုင်က အဖေ့ကို လာမှာသွားတယ်၊ မျိုးချစ်တော်လှန်ရေးသမားလို့ မသင်္ကာရင် သူ့ဆီကို ချက်ချင်း သတင်းပို့ပါတဲ့"

"ဟား . . ဟား . . ဟား ကိုယ့်ရွာက ကိုယ့်လူတွေအကြောင်း မင်းသိပြီးသားပဲ၊ အားလုံးဟာ လယ်အလုပ် ထန်းအလုပ် လုပ်နေကြတာ၊ ဘာသတင်းပို့စရာ ရှိသလဲ၊ စံထွန်းသွားစမ်းကွာ၊ ငါ့အိမ်ကလူတွေက လူကောင်းတွေ၊ မင်းအဖေ မယုံရင် ငါလာခဲ့မယ်"





"အဖေ မှာတာက မင်းလာဖို့ မလိုဘူး၊ မင်းက အိမ်ထောင်ဦးစီးမှ မဟုတ်တာ၊ မင်းအဖေ ဦးဘလေးနဲ့ ဧည့်သည်သုံးယောက် ခေါ်ခဲ့ဖို့ပြောတယ်"

"တောက် . . အပိုတွေ"

"မင်းဟာ မင်း ပို့ချင်ပို့ မပို့ချင်နေ၊ ငါ အဖေ မှာတာ ပြောပြီးပြီ သွားမယ်"

မြင်းများကို လှည့်ကာ ခြံထဲမှ ပြန်ထွက်သွားကြလေတော့သည်။

အပေါ်ထပ် ပြတင်းပေါက်မှ လူကြီးနှစ်ဦးက ရပ်ကြည့်နေကြသည်။ သူကြီးသား စံထွန်း ပြောကြားသွားသည့် စကားကို လူကြီးနှစ်ဦးလည်း ကောင်းစွာကြားလိုက်ရလေသည်။ ဧည့်သည်ဖြစ်သော ဦးမောင်ကြီးက သိပ်စိတ်မပူသော်လည်း ဦးဘလေးကတော့ စိတ်ပူသွားမိလေသည်။

စံထွန်း၏အဖေ သူကြီးဦးအေးထွန်း ဆိုသည်က အင်္ဂလိပ်အလိုတော်ရိ ပီသလှသည်။ မြို့ပိုင်နှင့် နယ်ပိုင်များထံ ခဏခဏသွားသည်။ လိုသမျှ ကြက်၊ ဝက်တို့ကို ရွာသူရွာသားများထံမှ ဆက်ကြေးသဘောမျိုး တောင်းခံသည်။ တစ်ပတ်လျှင် ကြက်တစ်ကောင်၊ တစ်လလျှင် ဝက်တစ်ကောင်နှုန်း မြို့ပိုင်နှင့် ရာဇဝတ်အုပ်များအတွက် ပေးကြရသည်။

ဆင်းရဲသောသူများဆိုလျှင် သူကြီး ဦးအေးထွန်းက ကြိမ်းဝါးဆူပူကာ ရွာမှ မောင်းထုတ်တတ်ပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဒီရွာရဲ့အရိပ်မှီနေရင် ဒီရွာရဲ့တာဝန်ကိုတော့ ထမ်းဆောင်ရမှာပဲ၊ ဒါ ငါစားဖို့ မဟုတ်ဘူးကွ၊ မြို့ပိုင်မင်းတို့ကို ဒီရွာနဲ့ပတ်သက်ပြီး စောင့်ရှောက်ကာကွယ်နိုင်အောင် ပို့ရမှာ၊ မင်းတို့က တစ်လလည်း တာဝန်မကျေ၊ နှစ်လလည်း တာဝန်မကျေ၊ သုံးလပြည့်ရင်တော့ ဒီ 'ချောင်းဖြူ'ရွာက ပြောင်းပေတော့"

ချောင်းဖြူရွာတွင် ရရာအလုပ်လုပ်ကာ မိဘဘိုးဘွားစဉ်ဆက် နေထိုင်သော ငါးဖမ်းခြင်း၊ လယ်ကူလီလုပ်ခြင်းဖြင့် နေထိုင်သူတို့မှာ သူကြီး 'ဦးအေးထွန်း'ကို ခြေသလုံးဖက်မတတ် တောင်းပန်ကြရလေသည်။

"သူကြီးရယ် ကျုပ်တို့လဲ တကယ်မရှိလို့ပါ၊ ဆင်းရဲတဲ့သူတွေကို သူကြီးမှ မညှာရင် ဘယ်သူက ညှာပါ့မလဲဗျာ"

"သွားကြကွာ၊ မင်းတို့မျက်နှာ မကြည့်ချင်ဘူး နောက်ကို ကြည့်လုပ်ကြ"

မြို့ပိုင်က သူကြီးမျိုးရိုးစဉ်ဆက် ခန့်ထားသော ဦးအေးထွန်းမှာ နှစ်လုံးပြူးသေနတ်တစ်လက်နှင့် သူပုန်ဓားပြများကို ဖမ်းခွင့်ရှိပြီး လူတစ်ဦးကို ငွေ ၅ ကျပ် ဒဏ်ရိုက်ပိုင်ခွင့် ရှိလေသည်။ ထို့ကြောင့် ထိုခေတ်က သူကြီးဆိုသော ဂုဏ်မှာ သေးငယ်လှသည် မဟုတ်ပေ။ ရွာထဲတွင် သူ့စကားနားမထောင်လျှင် ပျက်စီးသွားတတ်သည်။ ဘသိုက်သည် အပေါ်ထပ်သို့ တက်လာသည်။





"လာကွာ . . လူကလေး ဘသိုက်၊ မင်းနဲ့မတွေ့ရတာ တောင် ကြာပြီ၊ မင်းတို့ရွာက ဘယ်လိုလဲကွ၊ ဧည့်သည်ရောက်တာနဲ့ သူကြီးက နောက်ကလိုက်လာတာ"

"အလကားပါ ဦးလေးရာ၊ ဒီသူကြီး ဦးအေးထွန်းဆိုတာလဲ မြို့ပိုင်တွေကပ်ရပ်ပြီး သူလုပ်ချင်တာ လုပ်နေတာ၊ မုဆိုးမလယ်တွေ သိမ်းချင်လဲသိမ်းတာ၊ သူ့သားက ပိုတောင်ဆိုးသေး"

ဘသိုက်က လူကြီးဝိုင်းတွင် ဝင်ထိုင်ရင်း ပြောလိုက်လေသည်။

"စောစောက ကောင်လေး"

ဦးမောင်ကြီးက မဲမဲတုတ်တုတ်၊ နှာခေါင်းပြားပြားနှင့် လူမိုက်ရုပ်ပေါက်နေသော စံထွန်းကို တွေ့လိုက်ရသောကြောင့် မေးမြန်းခြင်းပင် ဖြစ်လေသည်။

"ဟုတ်တာပေါ့၊ အဲဒီကောင် ရွာက မိန်းကလေးတွေလဲ သူ ဖျက်ဆီးနေတာကြာပြီ၊ ကျုပ်စိတ်နဲ့တော့ မတွေ့ပါဘူး ဦးလေးရာ"

ဘသိုက်က ဒေါသအသံဖြင့် ပြောလိုက်လေသည်။

"ကျုပ် စိတ်ပူနေရတာလဲ အဲဒါပဲ ကိုမောင်ကြီးရေ . . ကျုပ်သား ဘသိုက်က ဒေါသကလဲ ကြီးတယ်၊ သူက ထစ်ခနဲဆို လက်ကလဲ ပါချင်တယ်၊ ကျုပ်ကလဲ သူ့ကို ဗန်တိုဗန်ရှည်တွေ သိုင်းပညာတွေ သင်ကြားပေးမိတော့ ဆိုးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ လူလေး ဘသိုက်ရေ၊ ခေတ်အခြေအနေဆိုတာက သိပ်ကောင်းတာ မဟုတ်ဘူး၊ သူတို့က အင်္ဂလိပ်အလိုတော်ရိလူတွေဆိုတော့ သူတို့နဲ့ ဆက်ဖြစ်ရင် ကိုယ်က တစ်ပန်းရှုံးတယ်"

"အဲဒါကြောင့်လဲ အောင့်အီးသည်းခံနေရတာပေါ့ ဦးကြီးရယ်"



ချောင်းဖြူရွာထိပ်ရှိ မြစ်ကမ်းစပ်၌ တောင်စွန်းလေးပေါ်တွင် "ဆုတောင်းပြည့်ဘုရား"ရှိသည်။

ဘုရား၏ဉာဏ်တော်မှာ သိပ်မမြင့်လှသော်လည်း မြစ်ကမ်းစပ်တွင် ရှိနေခြင်း၊ ရေးဟောင်းကျောင်းအိုဇရပ်အိုများ ရှိနေခြင်းကြောင့် သဘာဝရှုခင်းနှင့် သာယာလှပလှသည်။

ညနေ နေကျချိန်ဆိုလျှင် မြ`ာ်ထဲမှ ရှက်လှေများ၊ တံငါလှေများနှင့် ထုံးဖြူဖြူဘုရားလေးမှာပန်း ရလှပေတော့သည်။

စင်စစ် ဦးမောင်ကြီးနှင့် ဒေါ်မြနန္ဒာတို့မှာ ငယ်စဉ်ကကတိထားရှိသည့်အတိုင်း သူတို့၏သမီးဖြစ်သူ နန္ဒာသင်းနှင့် ဘသိုက်ကို အိမ်ထောင်ရက်သား ချပေးရန် လာရောက်တိုင်ပင်ကြခြင်း ဖြစ်လေသည်။

ဘသိုက်မှာ ယောက်ျားပီသခြင်း၊ ဘုန်းတော်ကြီးကျောင်းတွင် ပရိတ်ကြီး၊ နမကာယနှင့် သဒ္ဒါနှင့် သဂြိုဟ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ဝတ်ကာ လေးဝါ သင်ကြားခဲ့ခြင်းကြောင့် လူယဉ်ကျေးလူအဖိုးတန် ဖြစ်နေသည်ဟု ဦးမောင်ကြီးတို့က ယူဆလေသည်။

"အင်း . . ကျုပ်ကတော့ အများကြီးစဉ်းစားတယ် ဦးမောင်ကြီး"

ဦးဘလေးက ကွမ်းသီးစိတ်ကို ကွမ်းညှပ် ဖြင့် ညှပ်ရင်းတစ်လုံးချင်းပြောလိုက်သည်။

"ဘာတွေစဉ်းစားတာလဲဗျ"

"ခေတ်အခါက မကောင်းဘူး၊ ဘသိုက်ရဲ့စိတ်ကလဲ ကျုပ်တို့လို အင်္ဂလိပ်နဲ့ အင်္ဂလိပ်အလိုတော်ရိတွေပေါ်မှာ မခံချင်စိတ်ရှိတယ်"

ဦးဘလေးက ရှင်းပြလိုက်သည်။

"ဒါကတော့ ကောင်းတဲ့စိတ်ပဲ၊ ကျုပ်တို့လဲ အခင်းမသာလို့သာ အောင့်နေရတာ မဟုတ်လား၊ အခင်းသာလို့ကတော့ ဒီအင်္ဂလိပ်ကောင်တွေကို ဓားဆွဲပြီး တိုက်ချင်တာပါပဲ"

လက်သီးဆုပ်ကာ ဦးမောင်ကြီးက ပြောလိုက်လေသည်။

"အခင်းမသာရုံတင် မဟုတ်ဘူး၊ သစ္စာဖောက်တွေက ကိုယ့်လူမျိုးအချင်းချင်းကို ပြန်ပြီး ဒုက္ခပေးနေတော့ နှံ့နစ်သည်ထက် နစ်နေတယ် ကိုမောင်ကြီး"

"ဒါတွေ ကျုပ်သိပါရဲ့ဗျာ၊ ဒီကိစ္စနဲ့ ကလေးတွေကိစ္စ





က ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဗျာ . . အိမ်ထောင်မပြုခင်မှာ ဒင်းက စိတ်လိုက်မာန်ပါ လုပ်လို့ ရာဇဝတ်ဘေးသင့်ရင် ယောက်ျားလေးပဲ၊ တစ်သက်မှာ တစ်ခါပေါ့ . . ခုသမီးနဲ့ အိမ်ထောင်ချပေးလိုက်မှ သမီးကိုပါ စိတ်သောက ရောက်အောင် ဒုက္ခတွင်းထဲဆွဲချသလို ဖြစ်နေတယ်"

ဦးဘလေးက သူ့သား ဘသိုက်၏စရိုက်ကို အကဲခတ်မိ၍ ပြောလိုက်ခြင်း ဖြစ်လေသည်။

"ဒါကတော့ ကံတူအကျိုးပေးပေါ့ဗျာ၊ ကျုပ်တို့ ခင်ဦးနယ်ဘက်မှာကလဲ အင်္ဂလိပ်အလိုတော်ရိတွေ မင်းမူနေတော့ သမီး ဒိဋ္ဌိတွေ ဘုရားမဲ့ တရားမဲ့တွေနဲ့ အိမ်ထောင်ကျသွားမှာစိုးလို့"

ဦးမောင်ကြီး ပူမည်ဆိုက ပူစရာပင်၊ အင်္ဂလိပ်စစ်တပ်က ခေါ်ဆောင်လာသော အိန္ဒိယစစ်သားများမှာ လူတစ်ရာလျှင်ရှစ်ဆယ်ခန့် အိမ်ထောင်မရှိကြ။ ထိုအထဲတွင် စစ်တပ်စခန်းချသော အနီးဝန်းကျင်ရွာများမှ မြန်မာမိန်းကလေးများကိုလက်ထပ်ကြ ပေါင်းသင်းကြသည်။ ပြီးတော့ သူတို့ဘာသာတွင်းသို့ သွတ်သွင်းကြရာ မြန်မာမိဘများမှာ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေရသည်။

အောက်မှ ငပိရေအိုးနံ့က လှိုက်တက်လာလေသည်။ ငယ်စဉ်ကတည်းက ရင်းနှီးသော နန္ဒာသင်းနှင့် ဘသိုက်တို့က ထိုင်၍ စကားပြောနေကြသည်။ သူတို့ ခြံထဲရှိ မန်ကျည်းပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာ နွေဦးပေါက်တွင် နုလျက်ရှိနေလေပြီ။ ထိုမန်ကျည်းပင်အောက်ရှိ အမြစ်ဆုံနားတွင် လုပ်ထားသော ခုံရှည်တွင် ထိုင်နေ၏။

"ကိုသိုက် ကျွန်မတို့ ငယ်ငယ်က လာတုန်းက သွားသွားဖူးတဲ့ ဘုရားလေး ရှိတယ်လေ၊ အဲဒီဘုရားလေးက သိပ်သာယာတာပဲနော်"

"သင်း သွားချင်လို့လား"

"အင်း"

"ရေသွားချိုးလေ"

"နောက်ဖေးက ရေတွင်းမှာလား"

"အင်းပေါ့"

"ကိုသိုက် လိုက်ခဲ့လေ"

"ဟာ . . သင်းကလဲ ကိုသိုက် အိုးတွေထဲမှာ ရေတွေဖြည့်ထားပါတယ်"

"ကွမ်းသီးခြံထဲက ကျွတ်တွေ မျှော့တွေ ကြောက်တယ်ရှင့်၊ ငယ်ငယ်ကလို တွယ်ရင် ဘယ့်နှယ်လုပ်မလဲ"

နန္ဒာသင်းက မျက်စောင်းထိုးကာ ပြောလိုက်လေသည်။

"အော် . . သင်းက ဒါကို မမေ့သေးဘူးပေါ့"

နန္ဒာသင်း ငယ်ငယ် ရှစ်နှစ်သမီးခန့်က သူ့မိဘများနှင့် အိမ်သို့ အလည်ရောက်လာသည်။ အိမ်သို့ ရောက်သည်နှင့် လူကြီးများ စကားပြောတုန်း ကွမ်းသီးခြံထဲသို့ ဆင်းကာ ဆော့ကြသည်။





နန္ဒာသင်းက ခြေထောက်မြှောက်ကာ ကျယ်ကျယ်လောင်လောင် ငိုလိုက်၍ လူကြီးများ ပြေးဆင်းလာသည်။ သည်တော့မှ ခြေသလုံးဖြူဖြူတွင် တွယ်နေသော ကျွတ်နှစ်ကောင်ကို တွေ့ရသည်။

ဘသိုက်ကတွေ့တော့ တဟားဟား ရယ်သည်။ ဒေါ်ငွေရှင်က ရင်ခွင်ထဲတွင် ပွေ့ကာ ဖြုတ်ပေးရသည်။ သည်ကတည်းက ရေချိုးသွားလျှင် နန္ဒာသင်းသည် မိခင်ဖြစ်သူ မပါလျှင် မသွားတော့ပေ။

"အဲဒီတုန်းက သင်းရဲ့အသံက ပြလိုက်တာ၊ ဘေးခြံတွေကတောင် ခေါင်းပြူကြည့်ကြတယ်"

"သွား . . ဒါပဲ ပြောနေတာပဲ"

နန္ဒာသင်းက လက်သီးနှင့် ရွယ်လိုက်လေသည်။ နန္ဒာသင်းက အပေါ်ထပ်သို့တက်ကာ အဝတ်အစား သွားယူသည်။ ထမီကိုရင်လျားကာ မျက်နှာသုတ်ပဝါ ခြုံလာခဲ့သည်။

"သမီး ရေချိုးမလို့လား"

"ဟုတ်တယ် ဖေဖေ၊ ရေချိုးပြီးရင် ကိုသိုက်ကို ဆုတောင်းပြည့်ဘုရား လိုက်ပို့ခိုင်းမလို့"

"အေးအေး . . ဆွမ်းခံပြန်ချိန်တောင် ရောက်နေပြီ၊ ဘုရားပေါ်မှာ သိပ်မကြာစေနဲ့"

"ဟုတ်ကဲ့"

ယခင်လာစဉ်ကနှင့်မတူ နန္ဒာသင်း၏ ခန္ဓာကိုယ်မှာ အပျိုလုံးလုံး ဖြစ်လာသောကြောင့် ပြည့်ဖြိုးလှသည်။ ရင်လျား



www.burmeseclassic.com

www.burmeseclassic.com



ထမိအောက်မှ တွေ့နေရသော ကိုယ်လုံးမှာ ဖွံ့ထွားစွင့်ကား လှသည်။

အဝတ်အစားနှင့် ဖုံးဖုံးဖိဖိနေစဉ်ကတော့ ထိုမျှအထိ ကြီးမားထွားကျိုင်းကာ လှပသောအရာများ ပိုင်ဆိုင်သူ ဖြစ်လိမ့်မည်ဟု မထင်မိပေ။ ဘသိုက်သည် ရဲရဲမကြည့်ရဲသောကြောင့် တစ်ချက်သာကြည့်ပြီးနောက် ကွမ်းသီးခြံထဲသို့ မျက်နှာလွှဲနေလိုက်လေတော့သည်။

ငယ်ငယ်ကနှင့် မတူတော့ပါချေ။

× × ×

သဘာဝအားဖြင့် ကွမ်းသီးခြံထဲတွင် စိမ့်များရှိသည်။ အောက်တွင် အစိုဓာတ်ရှိမှ ကွမ်းသီးပင်များက ရှင်သန်ထွားကျိုင်းကြသည်။ ကွမ်းသီးပင်များအောက်ခြေရှိ မြက်ခင်းများမှာ စိမ်းစိုနေကာ ထိုအထဲတွင် ဟင်းချိုရွက်များ၊ ဇရဲစ်ပင်များ၊ ဂုံမင်းပင်များမှာ သဘာဝအလျောက် ပေါက်လျက်ရှိကြလေသည်။

ကန်စွန်းရွက်နှင့် ဇရစ်ကို ဆိုင်တွင် ဈေးတွင် ဝယ်စားစရာမလိုပေ။ ကွမ်းသီးခြံထဲမှပင် ရလေသည်။ ကွမ်းသီးခြံထဲသို့ ထွက်လာကြသောအခါ ဘသိုက်က ရှေ့က၊ နောက်မှလိုက်လာသော နန္ဒာသင်းက

"ကိုသိုက်"

"ဘာလဲ သင်း"





"ကျွန်မတို့ ငယ်ငယ်ကထက်စာရင် ကွမ်းသီးပင်တွေက ပိုကြီးလာတယ်၊ မြင့်လာတယ်နော်"

"ဟုတ်တယ်လေ သင်းရဲ့၊ သူတို့ကို မပြောနဲ့ သင်းတို့ ကိုယ်တို့ကိုပဲ ကြည့်လေ"

ဟုတ်ပါသည်။ ယခင်က ပိန်ရှည်ရှည် ဘသိုက်သည် ယခုတော့ ပခုံးနှင့် လက်ပြင်များ ဖွံ့ထွားကာ ရင်ဘတ်ကျယ်ကျယ်၊ လက်မောင်းသားကြီးကြီးနှင့် တကယ့်ယောက်ျားကြီး ဖြစ်နေပြီ။ စွပ်ကျယ်အင်္ကျီ ဝတ်ဆင်ထားသော ဘသိုက်၏ နောက်ကျောကို ကြည့်ရင်း ရင်ထဲတွင် ဖိုခနဲ ဖြစ်သွားသည်။

သူမကိုယ် သူမ ငုံ့ကြည့်ကာလည်း ရှက်သွေးဖြာသွားလေသည်။ နန္ဒာသင်းသည်လည်း ဘသိုက်နှင့် သူမကို မိဘတွေက သဘောတူထားပြီဖြစ်ကြောင်းကို သိရှိပြီးသားပင် ဖြစ်လေသည်။

ဤအတွက် ဘသိုက်ပြောလိုက်သော စကားကြောင့် နန္ဒာသင်း၏မျက်နှာလေးမှာ နီရဲသွားကာ ရှက်သွေးဖြာသွားလေတော့သည်။

"ကိုဘသိုက် အရင်ကလို ကွမ်းသီးပင် တက်သေးလား ဟင်"

"တက်ရတာပေါ့ သင်းရဲ့၊ လူငှားတော့ ကိုယ့်ခြံထဲ ကွမ်းသီးပင် ဘယ်အပင်က ခူးလို့ရပြီ၊ ခူးလို့ မရသေးဘူးဆိုတာ ဘယ်သိမလဲ"

"ပင်ပန်းတာပေါ့ ကိုသိုက်ရယ်၊ ကိုသိုက်တို့က ခြံပိုင်ပဲ လူနှစ်ယောက် ငှားခပေးရတော့ရော ဘာဖြစ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ပါဘူး သင်း၊ ဒါပေမယ့် ကွမ်းသီးပင်တွေကို ယုယုယယနဲ့ အလက်ဟောင်းတွေခွာ၊ ပေါင်းမြက်တွေကိုရှင်း၊ ကွမ်းသီးပင်တွေကို ကောင်းအောင်ပြုပြင်၊ ဒီလိုအလုပ်ကျတော့ သူတို့က စေတနာနဲ့ ဘယ်လုပ်ပါ့မလဲ"

"အဲဒီလို ကိုသိုက် တစ်သက်လုံး တက်နေရတော့မှာလား" ထိုအတွေးမျိုး ကိုဘသိုက်က မတွေးဖူးသေးချေ။နန္ဒာသင်းပြောသောအခါတွင်မှ သူ ပထမအကြိမ် စဉ်းစားမိသည်။

"ဟုတ်တယ် . . လယ်တစ်ဖက် ခြံတစ်ဖက်နဲ့ဆိုရင်တော့ ကြီးရင်နိုင်မှာ မဟုတ်ဘူး၊ အေးလေ ရှေ့ဘာဖြစ်ဦးမယ်ဆိုတာ ပြောလို့ရတာ မဟုတ်ဘူး"

"ဘာတွေဖြစ်လို့လဲ"

"စောစောက သူကြီးသား စံထွန်းကို မတွေ့ဘူးလား"

"အင်း . . ဟိုရုပ်ဆိုးဆိုးကောင် ကျွန်မကို စိုက်ကြည့်နေတယ်"

"ဒီလို အကုသိုလ်ကောင်တွေ ရှိနေသမျှ အေးအေးဆေးဆေး နေရမှာ မဟုတ်ဘူး၊ ညနေကျလို့ရှိရင် ဖေဖေတို့ကို ဘာတွေပြောလိုက်ဦးမလဲ မသိဘူး"

ရေဟွင်းနားသို့ ရောက်လာပြီဖြစ်၍ ဘသိုက်က

"ရေညှိတွေနဲ့နော် သင်း ချော်မယ်" ဟု ပြောလိုက်၏။

သစ်သားပျဉ်များခင်းထားသည်မှာ ရေများချိုးထားခြင်း၊ အမြဲစိုနေခြင်းကြောင့် ရေညှိများ တက်လျက်ရှိနေလေသည်။

"ဟုတ်ပ ချောလိုက်တာ"



သစ်သားပေါ်သို့ ပထမခြေချမိသည်နှင့်ပင် ချောသွား၍ထိန်းကာ ခြေမနှင့် ကုတ်ကာ လျှောက်ရသည်။ နောက်တစ်လှမ်း လှမ်းလိုက်၏။

"အမလေး"

"အိုး"

"ဘုန်း"

နောက်တစ်လှမ်း လှမ်းလိုက်တော့မှ ခြေမတည်နိုင်ဘဲ နန္ဒာသင်း ချော်ကာ ခြေလွှတ်လက်လွှတ် ဖြစ်သွားလေသည်။ အသင့်စောင့်ကြည့်နေသော ဘသိုက်က သစ်သားခုံပေါ်သို့ ပြင်းထန်စွာ မကျစေရန် နောက်မှ နန္ဒာသင်း၏ကိုယ်လုံးကို လက်နှင့် သိုင်းဖက်ပွေ့လိုက်ရာ ဘသိုက်သည် နန္ဒာသင်းနှင့်အတူ ပင်ထိုင်လျက် ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာသင်းက ဘသိုက်ရင်ခွင်ထဲမှာ၊ ဘသိုက်က ရေချိုးခုံပေါ်မှာ ဖင်ထိုင်ကျလျက်။

"ဘယ်နာသွားသေးလဲ သင်း"

"မနာပါဘူး ကိုသိုက်၊ ကိုသိုက်ကိုယ်ပေါ်ကျတာ ကိုသိုက်ပဲ နာမှာပေါ့"

နန္ဒာသင်းက မထ ချင် ထချင်ဖြင့် လက်ထောက်ကာ ထလိုက်ရသည်။ သူမသည် ထမသွားတော့ဘဲ စဥ့်အိုးများနားသို့ ရေတွင်းဘောင်ကိုကိုင်ကာ ရွှေ့သွားလေသည်။

"မဖြစ်သေးပါဘူး၊ ညနေကျရင် ကျွန်မ အုဘ်ခုံတွေ အုန်းဆံတွေနဲ့ လာတိုက်ဆေးဦးမှပဲ"

နန္ဒာသင်း ရေချိုးနေသည်နှင့် ထိုနေရာမှ ထွက်ခွာလာသည်။ သူသည် ထိုင်နေကျ ကွမ်းသီးခြံထဲမှ တဲလေးတွင် ထိုင်နေရာ နန္ဒာသင်းနှင့် ရေတွင်းဘောင်က ကွယ်နေသည်။

ဤသို့သော အနေအထားပင် အကောင်းဆုံးဖြစ်သည်။ သူသည် နန္ဒာသင်းကို ရှေ့တည့်တည့်မှ ရဲရဲကြည့်ပုံသောသူ မဟုတ်ပါချေ။

"ကိုသိုက်"

နန္ဒာသင်းက ရေချိုးပြီး၍ ယူလာသော ထမီအခြောက်ကို လဲလှယ်ကာ လှမ်းခေါ်လိုက်သည်။ နံ့သာရောင်မျက်နှာသုတ်ပဝါလေးကို ခြုံကာ

"ကိုသိုက် သွားကြစို့"

ဟု ခေါ်လိုက်၏။

ပန်းလက်ဝဲထောင်တဝပ



"အေးအေး"

သူတို့နှစ်ယောက် အိမ်ထဲပြန်ဝင်လာသောအခါ အောက်ထပ်ရှိ အိမ်ဆင့်ပေါ်တွင် ထမင်းဝိုင်းကြီး ပြင်ဆင်ပြီးနေပြီကို တွေ့ရသည်။

ကျေးလက်တောရွာတို့၏ ထုံးစံအတိုင်း ဘူးသီးနုနုပြုတ်၊ ဇရစ်ပြုတ်၊ ဘူးညွန့်ပြုတ်နှင့် ငါးပိရည်အဖျော်နံ့ကလည်း တသင်းသင်းမွှေးရာ သနပ်ခါးလူး အကျီလဲရန်တက်သွားသော နန္ဒာသင်းမှာ ဆာလောင်မွတ်သိပ်လာလေသည်။

ဒေါ်ငွေရှင်က

"ကဲ ကလေးတွေ တစ်ခါတည်း ထမင်းစားပြီးမှ သွားပေတော့၊ ဟင်းတွေ ထမင်းတွေ ကျက်ကုန်ပြီ"

ဟု ပြောလိုက်လေသည်။

မနက်ကတည်းက အလုပ်နှင့်လက် မပြတ်အောင် လုပ်နေသော ဘသိုက်သည်လည်း ဗိုက်ထဲမှ တဗွီဗွီနှင့် ဆာလောင်လာလေတော့သည်။

"ကဲ . . နှင့်ဦးလေးနဲ့ နှင့်အဖေ ထမင်းစားခေါ်လိုက်တော့"

ဒေါ်ငွေရှင်က ဘသိုက်အ : ပြောလိုက်သည်။ ဘသိုက်က အိမ်ပေါ်ထပ်သို့ တက်လာသည်။

"အဖေရော ဦးလေး ထမင်းစားမယ်တဲ့"

"ဟာ ကျက်ကုန်ပြီလား"

ပန်းလက်ဝဲထောင်တဝပ

www.burmeseclassic.com

www.burmeseclassic.com



"ထမင်းပွဲတောင် ပြင်ပြီးပြီ"

ဦးမောင်ကြီးမှာလည်း လှည်းစီး၍ ခရီးဝေးလာခဲ့ရသောကြောင့် ဝမ်းဗိုက်မှာ ဆာလောင်မွတ်သိပ်နေပြီ ဖြစ်လေသည်။

"ကဲ . . သင်းလဲ သနုပ်ခါးလိမ်းပြီးရင် ထမင်းစားကြတာပေါ့"

"သင်းလဲ ဆာနေပါပြီ"





ချောင်းဖြူရွာရှိ ကမ်းနဖူးရှိ 'ဆုတောင်းပြည့်စေတီ'မှာ မြစ်ကြောင်းမှလာလျှင် အဝေးမှမြင်ကာ ကြည်ညိုဖွယ်ကောင်းသည့် ဘုရားဖြစ်သည်။

ရွှေပင်မရှိသော်လည်း ထုံးဖြူဖြူနှင့် ကိုးတောင်ကျော်မျှ ဉာဏ်တော်မြင့်သော်လည်း ကမ်းစပ်ရှိ ပေငါးဆယ်ကျော်မြင့်သော တောင်ကုန်းကြီးပေါ်တွင် တည်ရှိသောကြောင့် ထန်းပင်၊ အုန်းပင်၊ ဗိန္ဓပင်တို့ကြားတွင် သာယာ သပ္ပါယ်လှလေသည်။

ရှေးဟောင်းအုတ်လှေကားထစ်များမှာ ကျိုးသည့်နေရာကျိုး၊ ပဲ့သည့်နေရာပဲ့နေသော်လည်း ကောင်းကောင်းတက်၍ရသေးသည်။ ထိုသို့ အုတ်တစ်ချို့ပဲ့ တစ်ချို့လပ်နေခြင်းသည်ပင် အလွန်ရှေးကျသော မြန်မာလူမျိုးတို့၏ ကောင်းမှုဖြစ်ကြောင်းကို ဖော်ပြနေသည့် လက္ခဏာပင် ဖြစ်လေသည်။

"ကိုသိုက်"

ဘသိုက်၏ဘယ်လက်မောင်းကို ဆုပ်ကိုင်၍ အားပြုတက်လာရင်း ခေါ်လိုက်၏။

"ဘာလဲ သင်း"

"သင်းတို့ ငယ်ငယ်ကလေ ကိုသိုက် ရှင်ပြုတော့ ရှိတဲ့ဘုန်းကြီးပုပုလေး ရှိသေးလား"

"ရှိတာပေါ့ အဲဒါ ကိုသိုက်ရဲ့ ဆရာဘုန်းတော်ကြီး ဦးသုမနလေ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်သဘောကောင်းတာပဲနော်"

"ငှက်ပျောသီးတွေ၊ ကိတ်မုန့်တွေ၊ သဘော်သီးတွေ ချပြီး ကျွေးတယ်နော်"

"အခုလဲ အဲဒီလိုပဲလား"

တဖြည်းဖြည်း ဘုရားရင်ပြင်တော်နားသို့ နီးလာသည်။

"ဒီလိုပဲ ညွှန်သည်မှန်သမျှ ဆရာတော်က ညွှန်ခံတယ်၊ သူ့ကျောင်းမှာ ရှိသမျှ အကုန်ကျွေးတာပဲ၊ အဲ . . မျက်နှာဖြူ အရာရှိတွေလာရင်တော့ ကျောင်းတံခါးပိတ်ပြီး အိပ်နေတယ်"

"ဆရာတော် မကြိုက်လို့ပေါ့နော်"

"ဒါပေါ့ ကိုသိုက်တို့ ငယ်ငယ်ကတည်းက သာသနာဖျက်ကောင်တွေ၊ သာသနာဖျက်ကောင်တွေနဲ့ ကြိမ်းဝါးနေတာ"

"ဟုတ်လဲ ဟုတ်တာပဲလေ၊ သူတို့ကလဲ ဘုရားတွေဖောက်၊ ရင်ပြင်တော်မှ စစ်ဖိနပ်တွေစီး လုပ်နေတာကိုး"

ရင်ပြင်တော်ပေါ်သို့ ရောက်လာကြသည်။ မုခ်လေးမုခ်မှ ဘုရားဆင်းတုများကို ဝင်ရောက် ဦးချကြလေသည်။ ထို့နောက် မြစ်ကမ်းစပ်ဘက်သို့ မြင်နိုင်သည့် အရံတံတိုင်းရှိသည့် တန်ဆောင်းထဲသို့ ဝင်လာခဲ့လေသည်။

ထိုနေရာမှ မြင်ကွင်းမှာ ရှင်းသည်။ မြစ်လယ်တွင် သွားနေသော လှေလေးများ၊ ငါးဖမ်းလှေပေါ်မှ လူများကို ပိုက်ချနေပုံများ၊ ဟိုဘက်ကမ်းမှ အုန်းပင်စိမ်းညို့ညို့များနှင့် တသွင်သွင်စီးဆင်းနေသော မြစ်ရေကို မြင်နေရလေသည်။





စေတီတော်ကို ရေတိုက်စားမည်စိုးသောကြောင့် ရွာသူရွာသားများက မြစ်ဖက်မှ ကျောက်စရစ်များဖို့ကာ သစ်သားတိုင်များ စိုက်၍ ကာရံပေးထားလေသည်။

"သင်း"

နှစ်ယောက်သား ထိုနေရာလေးတွင် ထိုင်ရင်း မြစ်ထဲသို့ငေးနေသော နန္ဒာသင်းကို ဘသိုက်က ခေါ်လိုက်သည်။

"ဘာလဲ ကိုသိုက်"

"ကိုသိုက်နဲ့ သင်းကို မိဘတွေက သဘောတူထားတာ သိတယ်နော်"

"သိပါတယ်"

"ခုခေတ်အခြေအနေက သင်းမြင်တဲ့အတိုင်းပဲ၊ ဘာမဆို သူကြီးက အခွန်ကောက် ဆက်ကြေးယူပြီး မြို့ပိုင်နဲ့ ရာဇဝတ်အုပ်တွေကိုပဲ ဂရုစိုက်နေတာ၊ ဒီလိုဆက်သွားရင် တို့ရွာတွေ ဒုက္ခရောက်မယ်"

နန္ဒာသင်းက သက်ပြင်းချလိုက်သည်။

"ကျွန်မတို့ဘက်တွေမှာတော့ ဓားပြရန်ပါ ကြောက်ရတယ်၊ ရွာတွေကို ဓားပြတွေက တစ်လတစ်ခါနှစ်ခါ ဝင်တိုက်နေတာ"

"အင်း . . ဒီလိုသာ ဖြစ်နေရင် ကိုသိုက်က ကြာကြာ ခံနိုင်မှာ မဟုတ်ဘူး"

"အို . . ကိုသိုက်က သူပုန်လုပ်တော့ မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သင်း စဉ်းစားကြည့်၊ ဖေဖေလဲ အသက်ကြီးပြီ၊ တစ်လကို ဝက်တစ်ကောင်ဆိုတဲ့ တန်ဖိုးက နည်းသလား၊ လယ်ရောကွမ်းသီးခြံရော ရှိလို့တဲ့၊ ဒီလိုပေးနေရရင် ကိုယ်လုပ်ကိုင်သမျှ သူတို့ကို ပသနေရတာနဲ့ ကုန်တာပဲ"

နန္ဒာသင်းက ခေါင်းငုံ့နေလေသည်။

"သူကြီးအေးထွန်းနဲ့ သူ့သား စံထွန်းကိုတော့ ကိုသိုက်ဆုံးမမိတော့မယ်၊ ရွာသားတွေကလဲ အမြင်ကပ်နေပြီ၊ အများအတွက် ကိုသိုက် သေချင်သေပေ့စေလို့ တစ်ခါတစ်ခါ ဆုံးဖြတ်မိတယ် သင်း"

"အို . . ကိုသိုက်က စာတတ်တာပဲ၊ စဉ်းစဉ်းစားစားလုပ်ပါရှင်၊ သင်းတို့ကိစ္စကလဲ ရှိသေးတယ် မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီလူတွေရပ်တန်းက ရပ်မှ သင်းနဲ့ ကိုသိုက်တို့ လက်ထပ်တာကောင်းမယ်ထင်တယ်"

"ကိုသိုက်ရယ် ကိုသိုက်စကား ကြားရတာ သင်းရင်ထဲမှာ စိတ်မချဖြစ်မိတယ်၊ သင်း တောင်းပန်ပါရစေ၊ ဒီစကားတွေကို မပြောပါနဲ့တော့နော်၊ လာပါ . . ကိုသိုက်ရဲ့ ဆရာတော်ကြီးကို သွားဖူးကြရအောင်"

ဘသိုက်က သူ့ရင်ထဲတွင်ရှိသော စကားများကိုပြောကြားလိုက်ရ၍ ရင်ထဲတွင် ပေါ့ပါးသွားသည်။ တောင်တစ်ဝက်ရှိ ဆရာတော်ဦးသုမန၏ သစ်သားကျောင်းသို့ ဆင်းလာခဲ့ကြသည်။ ကျောင်းအောက်တွင် စကြံလျှောက်နေသော ဆရာတော်ဦးသုမနက မျက်မှောင်ကြုံ့ကြည့်သည်။





"မောင်ဘသိုက်လား"

"မှန်ပါ ဘုရား"

"သူငယ်မက . ."

"တပည့်တော်မိတ်ဆွေပါ ဘုရား"

"အေးအေး . . ကျောင်းပေါ်လာကြ"

ဆရာတော်က ကပ္ပိယအား ငှက်ပျောသီး၊ လိမ္မော်သီးနှင့် မုန့်များကို ချကျွေးစေသည်။

"မင်း ကျောင်းမရောက်တာတောင် ကြာပြီ၊ မင်း မွေးသက္ကရာဇ်ကို ပြောပါဦး"

"၁၈၉၇ ခုပါ ဘုရား"

"အော် . . အေး အေး"

ဆရာတော်သည် ကျောက်သင်ပုန်း ကျောက်တံဖြင့် ရေးခြစ်နေသည်။

"ကံကောင်းပေလို့ မောင်ဘသိုက်ရေ၊ ဟောဒီရက်ပိုင်းအတွင်း မင်းမှာ ဘေးရန်ရှိတယ်"

"ဗျာ"

"ရှင်"

"မင်းစိုးရာဇာတွေနဲ့ ရင်ဆိုင်ပြီး ဒုက္ခရောက်နိုင်တဲ့ ဘေးမျိုးပဲ၊ ဂရုစိုက်ပြီး ဘုရားအာရုံပြုနေပေတော့၊ ရန်တွေဘာတွေလဲ ကင်းအောင်နေ၊ ကဲ . . ကန်တော့ ကန်တော့"

ဆရာတော်က ဗေဒင်တွက်ကြည့်ပြီးနောက် ဘသိုက်ကို ဒါးပါးသီလပေးကာ အကြိမ်ကြိမ်မေတ္တာပို့သလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့ စေတီရှိရာ တောင်ကုန်းမှ ဆင်းသောအခါ ညနေ စောင်းပြီ။

ဆရာတော်ဦးသုမနက ဆေး၊ ဗေဒင်၊ လောကဓာတ် ပညာများကို ကျွမ်းကျင်သော ဆေးဆရာတော် ဖြစ်ရာ

"ငါမှတ်မိတော့ မှတ်မိတယ်ကွ၊ မင်း ငယ်ငယ်ကတည်းက ငါဇာတာ စစ်ထားတာပဲ၊ ဒါကြောင့် ဒီကောင့်ကို ဒီနှစ်ပိုင်း ဝန်းကျင်မှာ ငါသတိပေးစရာ ရှိမယ်ဆိုပြီး မြန်ကြည့်တာ"

ဟု မိန့်ကြားသည်။

နန္ဒာသင်းမှာ မျက်နှာမကောင်းချေ။

"တပည့်တော်လည်း လက်ဆန်းနည်းနဲ့ တွက်ကြည့်တာ သက်ရောက်ရော ဂြိုဟ်စားပါ စနေတွေ ရာဟုတွေထဲ ကျနေ တာတော့ နည်းနည်းရိပ်မိတယ် ဘုရား"

"အေးလေ . . ခေတ်ကြီးကလည်း မြန်မာဗုဒ္ဓဘာသာ လူငယ်တွေ ဒုက္ခရောက်မယ့်အခါကိုး မောင်ဘသိုက်ရဲ့ ရန်ကို သာ ကြည့်ရှောင်ပေတော့ကွာ၊ ဒါပေမယ့် စနေဂြိုဟ်ရဲ့သဘော ကတော့ ရှောင်လို့မရနိုင်ဘူး၊ ကိစ္စမရှိဘူး၊ အသက်အန္တရာယ် တော့ မကျရောက်နိုင်ပါဘူး၊ လူတော့ အတိဒုက္ခအတော်ရောက် လိမ့်မယ်၊ ကဲ . . ကဲ သရဏဂုံကို မမေ့နဲ့၊ ဂုဏ်တော်ကိုလဲ အထပ်ထပ်သာ ရွတ်ပွားပေတော့"

ဆရာတော် ဦးသုမနမှာ သူ့ကျောင်းတွင် ကိုရင်ဝတ် ကာ စာသင်ကြားလာသော ဘသိုက်အတွက် ဟတွတ်တွတ်ဆု တောင်းရင်း ကျောင်းတံခါးဝအထိ လိုက်၍ပို့ဆောင်လေသည်။





"တပည့်တော်မတို့ကို ခွင့်ပြုပါဦး ဘုရား"

"တပည့်တော်လဲ ခွင့်ပြုပါ ဘုရား"

"အေး . . ဘာအကြောင်းကိစ္စရှိရှိ ဘုန်းကြီးကိုမမေ့နဲ့၊ ဘုန်းကြီးဆီကို အချိန်မရွေးလာ၊ ဘုန်းကြီးကတော့ ဒီနယ်က မြို့ပိုင်တွေ နယ်ပိုင်တွေက သာသနာအလုပ်ပဲ လုပ်တယ်ဆိုတာ သိကြပါရဲ့ကွယ် . . ကဲသွားကြ . . သွားကြ"

လက်အုပ်ချီ၍ ကန်တော့ကာ ကျောက်လှေခါးထစ်များ မှ ဆင်းလာခဲ့သည်။ အပြန်ခရီးတွင် နန္ဒာသင်းမှာ မျက်နှာမ ကောင်းပေ။



www.burmeseclassic.com

www.burmeseclassic.com

"ကိုသိုက်"

"ပြောပါ သင်း"

"ဆရာတော်ကြီး ပြောသလို ဆိုရင်တော့ ကိုသိုက် ကံနိမ့်နေတာပေါ့နော်"

"ကံနိမ့်တယ် ကံမြင့်တယ်ရယ် မဟုတ်ပါဘူး၊ လူက အစိကကျတယ်လို့ ထင်တယ်၊ တို့တိုင်းပြည် ဗေဒင်ဆရာတွေ အများကြီး ရှိတာပဲ သင်း၊ နန်းတော်ထဲဆို ရိက်သတ်လို့ မကုန်ဘူး၊ အဲဒါ အင်္ဂလိပ်နဲ့တိုက်တော့ ယတြာတွေလဲ ချေတာပဲ၊ ဓာတ်တွေလဲ ဆင်တာပဲ ရသလား"

"ဘယ်ရမလဲ ကိုသိုက်ရဲ့၊ လက်နက်ချင်းမှ မတူတာကိုး"

မြေပြင်ညီသို့ ရောက်လာ၍ နန္ဒာသင်းက သူမကိုင်လာသော ဖိနပ်ကလေးကို ဘုရားခြေရင်းသို့ ချကာ ဘသိုက်စီးဖို့ ပေးလိုက်သည်။ သူမ၏ ကတ္တီပါဖိနပ်လေးကိုလည်း ချကာ စီးလိုက်၏။

ဝန်းလက်ဆောင်တာဝေ

www.burmeseclassic.com

www.burmeseclassic.com



"မြစ်ကမ်းစပ်က လျှောက်ကြရအောင်နော်"

"အင်းလေ . . လေတဖြူးဖြူးနဲ့ ကောင်းသားပဲ၊ ဒီတော့ ကိုသိုက်တို့ လူငယ်တွေက ကိုယ့်တိုင်းပြည် ကိုယ်တုံးတက်အောင် လုပ်ရမယ်၊ စက်မှုထွန်းကားအောင် ပညာရှင်တွေနဲ့ လက်နက်တွေလုပ်နိုင်အောင် ကြိုးစားရမှာပေါ့၊ မျိုးချစ်စိတ်ဓာတ်နဲ့ ဓားတဝင်းဝင်း လုပ်နေလို့ မရဘူး၊ ဟိုက သေနတ်နဲ့ပစ်မှာ ဟုတ်တယ် မဟုတ်လား"

"ဟီဟီ . . ကိုသိုက်ကတော့ ပြောတော့မယ်လေ၊ ဒါဖြင့် အခု ဟိုနေရာက ထကြွ၊ ဒီနေရာက ထကြွလုပ်နေတဲ့ မြန်မာမျိုးချစ်တိုက်ခိုက်ရေးသမားတွေကရော"

"သူတို့ကတော့ အုပ်ချုပ်နေတဲ့ အင်္ဂလိပ်အစိုးရ မြန်မြန်ပြေးအောင် ကြိုးစားနေတာပဲ၊ ကိုသိုက်တို့လဲ လက်နက်ရှိလာရင် ဒီလိုပဲ လုပ်သင့်ရင်လုပ်ရမှာပဲ၊ နို့မို့ရင် သူတို့က သူကြီးကတစ်ဆင့် ရွာတွေကို နလံမထူအောင် လုပ်နေမှာပဲ"

ဧရာဝတီမြစ်ရေပြင်သည် ငြိမ်သက်နေလေသည်။

ပြန့်ပြူးသော သဲသောင်ပြင်တွင် ဘသိုက်နှင့် နန္ဒာသင်းတို့၏ ခြေရာလေးများ ထင်ကာ ကျန်ခဲ့ကြလေသည်။ ရေကျသွားသည်မှာ မကြာသေး၍ သဲကပျော့နေသည်။ ထိုစဉ်မှာပင် အုန်းတောထဲမှ သီချင်းသံနှင့်အတူ လူသုံးယောက် ထွက်လာသည်။

"စိန် . . စိန် . . စိန် နေ့ရောညရော အရောင်မပျိန် × × ကုသိုလ်များတဲ့ စိန် × × မယားလေးတွေကို တအားထွေး





ကာ ချစ်မယ့် စိန်"

ထိုခေတ်က ခေတ်စားသော ဘိုးစိန်ကြီး သီချင်းကို အားရပါးရ ဟစ်ကာ ဆိုလာခြင်းပင် ဖြစ်လေသည်။

"ဟေ့ . . စိန် . . စိန် . . စိန်"

နှစ်ယောက်က လက်ခုပ်တီးပေးသည်။ တစ်ယောက်က အော်ဆိုသည်။ သောင်ပြင်ပေါ်သို့ ထွက်လာသောအခါတွင် သီချင်းဆိုသံက ရပ်သွားလေသည်။

အမှန်ကတော့ တမင်ပင် ဆုတောင်းပြည့်ဘုရားသို့ ဘသိုက်နှင့် ညည်သည်မိန်းမပျိုချောချောတို့ ထွက်သွားကြောင်း သူ့လူများက သတင်းပေးသောကြောင့် အုန်းတောထဲတွင် အရက်သောက်ရင်း လာစောင့်နေခြင်း ဖြစ်ပေသည်။

"ကိုသိုက် တွေ့တယ် မဟုတ်လား၊ ဟိုဟာ နေ့ခင်းက အိမ်ကိုလာပြီး ဦးလေးကို မေးတဲ့အကောင် အရက်တွေမူးနေတယ်၊ လာ မြန်မြန်သွားစို့"

ဘုန်းကြီးကလည်း မကောင်းသော ကံဇာတာအကြောင်းကို ဗေဒင်ဟောထား၍ ဘသိုက်၏လက်ကိုဆွဲကာ ကမ်းနားမှ ခပ်သုတ်သုတ် လျှောက်သည်။ စံထွန်းတို့က ရှေ့မှကြိုစောင့်နေသူများ ဖြစ်ရာ သူတို့လာမည့်လမ်းကို ထုပ် ဆီးတိုးသကဲ့သို့ လမ်းပိတ်ထားလိုက်ကြလေတော့သည်။

"စံထွန်း . . ဒါက ဘာလုပ်တာလဲ"

"မြင်တဲ့အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



စံထွန်းက သိပ်မမူးသေးပါ၊ သူ့အဖော်နှစ်ဦး ခြံရံလျက် ခါးထောက်ကာ ခပ်တည်တည်ပင် ပြောလေသည်။

"စံထွန်း မင်းနဲ့ငါဟာ ဒီချောင်းဖြူရွာတစ်ရွာတည်း သားတွေပါကွာ၊ တစ်ယောက်နဲ့တစ်ယောက် ရန်ဘက်ဖြစ်အောင် မလုပ်ချင်စမ်းပါနဲ့"

ဘသိုက်က ခပ်တည်တည်ပြောသော စကားကို စံထွန်းက ဟားတိုက်ရယ်ပစ်လိုက်တော့၏။

"ဟား . . ဟား . . ဟား ဟုတ်တယ်၊ မင်းနဲ့ငါက တစ်ရွာတည်းသား၊ မင်းကို ငါက ဘာမှနှောင့်ယှက်စရာ မလိုပါဘူး၊ မင်းသွားနိုင်တယ်"

"ဟုတ်တယ် ဆရာ၊ သူ့ကိုလွှတ်လိုက်ပါ"

သူ့ညာဘက်က တပည့်ကပါ ထောက်ခံသည်။ နန္ဒာသင်းက တကယ်ပြောသည် ထင်နေ၏။

"ဒါပေမယ့် ဟိုကောင်မလေးကို ငါတို့နဲ့ထားခဲ့ရလိမ့်မယ် ဘယ့်နှယ်လဲ"

"ဘာကွ"

စံထွန်းမှာ အခြားသူများကို ရမ်းရမ်းကားကား ပြုခဲ့သော်လည်း ဘသိုက်ကို ထိုကဲ့သို့ တစ်ခါမျှပင် ပြုမူလေ့မရှိပေ။ နေ့ခင်းက သူ့ကို မချေမငံဆက်ဆံခြင်း၊ နန္ဒာသင်းက မိန်းမချောလေး ဖြစ်နေခြင်းနှင့် အရက်ရှိန်တက်နေခြင်းကြောင့်သာ ထိုသို့ပြောရဲလုပ်ရဲခြင်း ဖြစ်သည်။





"ဒါ ငါတို့အိမ်လာတဲ့ ဧည့်သည်ကွ၊ မင်းမှာလဲ နှမတွေရှိတာပဲ စံထွန်းရာ၊ အနှောင့်အယှက် မပေးပါနဲ့"

"ဘသိုက် . . မင်းတရားကို ငါဘယ်နှစ်နာရီကြာအောင် နာရမှာလဲ၊ သွားစမ်းကွာ . . သွားစမ်း"

"ဖြန်း"

မထင်မှတ်ဘဲ ရှေ့သို့ခြေတစ်လှမ်းတိုးကာ စံထွန်းက ဘသိုက်၏မျက်နှာကို လက်ပြန်လွှဲကာ ချလိုက်လေသည်။ ဘသိုက်က သတိဖြင့် နေသောကြောင့် လက်ဖျံနှင့်ကာထုတ်ပစ်လိုက်သည်။ စံထွန်း၏ဘေးတွင် အားကိုးနှစ်ယောက်ပါသည်။ ထို့ပြင် သူ့ခါးထဲတွင် ဓားမြှောင်တစ်လက်ကို ထိုးယူလာသေးသည်။

"ဘသိုက် မင်း ငါ့ကိုခုခံတယ်ပေါ့ ဟုတ်လား"

"မင်းက မတရားလုပ်တာ ငါက မခုခံလို့ ဖြစ်မလား၊ မင်း ဒီထက်ဆက်တိုးလာရင်တော့ ငါသည်းမခံတော့ဘူး"

ဘသိုက်က ထိုသို့ပြောလိုက်၍ စံထွန်းက ပါးစပ်ထဲမှ တံတွေးများကို သောင်ပြင်ပေါ်သို့ ထွီခနဲ ထွေးပစ်လိုက်သည်။

"ဘသိုက် . . မင်း ငါ့အပေါ် လူပါးဝနေတာ ကြာပြီ၊ ဟိုလကလဲ ပုလိပ်တွေရှေ့မှာ မင်း ఓ ဒီလို လတိုင်းဝက်တွေ လာယူလို့ ကျုပ်တို့ မပေးနိုင်ဘူးလို့ ပြောတယ်"

"ဟုတ်တယ် . . ဒါလဲ မတရားလုပ်တဲ့ကိစ္စပဲ"

ဘသိုက်က ခပ်တည်တည်ပင် စံထွန်း၏အခြေအနေကိုကြည့်လျက် တုံ့ပြန်ပြောဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ မင်းက နေမဝင်အစိုးရကို လှုစုပြီးတော့ ပုန်ကန်ချင်တာ၊ မင်းနောက်က လိုက်မယ့်သူရှိရင် မင်းခေါင်းဆောင်လုပ်မှာပဲ"

စံထွန်းက ကောက်ကျစ်သူပီပီ နယ်ချဲ့တို့အလိုရှိသော မျိုးချစ်သူပုန် မဖြစ်ဖြစ်အောင် စွဲချက်တင်လိုက်သည်။

"ဒီမှာ စံထွန်း .. မင်းအပိုတွေ ပြောမနေနဲ့၊ လမ်းဖယ်မလား မဖယ်ဘူးလား . . ဒါကိုသာ အပြတ်ပြောကွာ"

"ဟား . . ဟား . . ဟား ဒီနေ့တော့ မင်းကို ငရဲပြည်ကို ငါပို့ပြီးမှ ဒီကောင်မလေးကို ခေါ်သွားတော့မယ်"

"အို"

လက်ရဲဇက်ရဲ စံထွန်းက နန္ဒာသင်းကို လှမ်းဆွဲလိုက်ရာ နန္ဒာသင်းက ဘသိုက်၏နောက်သို့ ဆုတ်လိုက်ရသည်။ သူမသည် ပြဿနာဖြစ်တော့မည့်ကို သိ၍ တုန်တုန်ရင်ရင် ဖြစ်နေသည်။

"လာကြပါဦးရှင် . . ဒီမှာ မတရားအနိုင်ကျင့်နေပါတယ်"

မြစ်ကမ်းစပ်တောမှာ တိတ်ဆိတ်နေသည်။ နန္ဒာသင်း၏ အသံက လေထဲတွင် လွင့်ပျံသွားသည်။ သို့သော် မည်သူတစ်ဦးမျှပင် မတွေ့မြင်ရပေ။

"ချောင်းဖြူရွာမှာ ငါလုပ်တဲ့အလုပ်ကို ဘယ်သူမှ ဝင်မနှောင့်ယှက်ရဲဘူး၊ နင် အော်ချင်သလောက် အော်စမ်း"





စံထွန်းက သူ၏ဓားကို ဆွဲထုတ်ရင်း ပြောလိုက်လေသည်။ နောက်မှ နန္ဒာသင်းက ဘသိုက်၏လက်တစ်ဖက်ကို ကြောက်ကြောက်နှင့် ကိုင်ထား၏။

"သင်း နောက်ဆုတ် ခပ်ခွာခွာနေ၊ ကိုသိုက်အတွက် မပူနဲ့၊ ဒီကောင်တွေလောက်ကို ကိုသိုက် မမှုဘူး"

နန္ဒာသင်းက နောက်သို့ဆုတ်ကာ အုန်းပင်တစ်ပင်တွင် ရပ်ကြည့်နေသည်။ စံထွန်း၏တပည့် မောင်ထွေးနှင့် ချစ်ပိုင်တို့သည် ကျောတွင်ထောင်ကာ ထိုးထားသည့် ဓားရှည်များကို ဆွဲထုတ်လိုက်လေတော့သည်။

စံထွန်းသည်လည်း သူကြီးသားပီပီ ရွှေဘိုနယ်မှ သိုင်းဆရာကြီးတစ်ဦးကို သူတို့ခြံထဲတွင် ခေါ်ကာ သင်ကြားခဲ့ဖူးသည်။

တော်ရုံ တိုက်ရည်ခိုက်ရည် ရှိသူလောက်ကိုတော့ သူက ရင်ဆိုင်တိုက်ခိုက်နိုင်သည်။ အတော်ကြီးမှ သင်ကြားခြင်းဖြစ်၍ ဝက်လက်မြို့ရှိ ရသေ့သူတော်ကြီးထံမှ သင်ထားသော ဘသိုက်ကို ခပ်ရွံ့ရွံ့ရှိသည်။

ဘသိုက်က သူ့ခြံထဲမှာပင် လက်သီးထိုးသည့်တိုင်၊ ခြေစောင်းကျင့်သည့်တိုင်တို့ ရှိ၍ နေ့စဉ်လို ကစားနေသည်ကို သူတွေ့ဖူးသည်။ ထို့ကြောင့် ဘသိုက်ကို နယ်ချဲ့ကို ပုန်ကန်သော သူပုန်ဘွဲ့ဖြင့် သူ့မြင်ကွင်းမှ စံထွန်းက ရှင်းပစ်လိုခြင်းပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ဒီကောင်ကို ရှာမှာထားလို့ မဖြစ်ဘူး၊ ဒီကောင်ဟာ တဖြည်းဖြည်း ငါ့အလုပ်တွေကို အနှောင့်အယှက်ပေးလာပြီ"

စံထွန်း၏ညီမ စံမာလာနှင့် စံသူဇာတို့သည် သူတို့၏အစ်ကို စံထွန်း၏သဘောထားနှင့် လုပ်ရပ်ကို သဘောမကျပေ။

"ဒီမှာ အစ်ကို ကိုဘသိုက်က သူ့ဟာသူ အေးအေးနေတာ၊ ပြီးတော့ ရပ်ရေးရွာရေးမှာလဲ အားကိုးရကယ်၊ အလှူတွေ ကထိန်တွေဆိုလဲ ကိုဘသိုက်က ဦးဆောင်လုပ်တာပဲ၊ အစ်ကိုကသာ အရက်သောက်၊ ထန်းရည်သောက်ပြီး ရွာထဲမှာ ထင်ရာစိုင်းနေတယ်"

စံမာလာက သူ့အစ်ကိုကို မျက်စောင်းထိုးကာ ပြောနေသည်။

"အံမာ . . နင်က ဘသိုက်ကိုများ ကြိုက်နေလား၊ ဟင်း . . နင့်အကောင်ကို ငါထောင်ထဲ ရောက်အောင် ပို့ဦးမယ်"

"အို . . သူများကို ယုတ်မာတဲ့စိတ်နဲ့ ဘာအမှုမှမရှိဘဲ ဖမ်းလို့ရမလား"

စံသူဇာကလည်း သူ့အစ်မနှင့်အတူ ထိုင်နေရာမှ အမြင်ကပ်ကပ်နှင့် ပြောလိုက်လေတော့သည်။

"ဖမ်းရတဲ့နည်းတွေ အများကြီးပေါ့ဟာ၊ ဒီကောင်က လူစုတယ်၊ အင်္ဂလိပ်မင်းကို သူပုန်ထဖို့အတွက် ကြံစည်နေတယ်လို့ မြို့ပိုင်ကိုပြောလိုက်ရင် မြို့ပိုင်က တပ်နဲ့လာဖမ်းမှာပဲ၊ အဲဒါ





မှ ဘယ်သူမှ မကယ်နိုင်ဘူး၊ ပြီးတော့ သူ့မိဘတွေပိုင်တဲ့ လယ်တွေ ကွမ်းသီးခြံတွေကို မြို့ပိုင်အမိန့်နဲ့ သိမ်းလို့ရတယ်"

တိုင်ကိုမှီကာ လက်ကိုပိုက်၍ ပြောနေသော သူမတို့၏အစ်ကို စံထွန်းကို ညီအစ်မနှစ်ယောက်လုံးက ကြည့်မရဖြစ်နေသည်။

"ဒီလိုကောက်ကျစ်တဲ့ အကြံမျိုးနဲ့ အစ်ကို မလုပ်သင့်ပါဘူး"

"ဟုတ်ပါ့ . . သူများတွေ လူကောင်းသူကောင်းလိုနေတာ၊ အစ်ကို ဒီလိုသာ လျှောက်ပြီး မကောင်းကြံရင်တော့ တစ်နေ့နေ့ ဒုက္ခရောက်မှာပဲ"

"ရောက်ရောက် မရောက်ရောက်ဟာ၊ နင့်တို့ ဟိုကောင့်ဘက်ကနေ ဘာမှ ငါ့ကိုလာပြောမနေနဲ့၊ ဒီကောင်က မြို့ပိုင်ကြီးဖို့ တစ်လ ဝက်တစ်ကောင် ပေးရတာတောင် ကျေနပ်တာမဟုတ်ဘူး"

စံမာလာနှင့် စံသူဇာတို့သည် စကားမပြောကြတော့ပေ။ သူမတို့အလုပ်ကိုသာ သူမတို့ ဆက်လုပ်နေလေသည်။ ထိုညီမနှစ်ဦးတွင် အငယ်မ စံသူဇာက ရဲရဲတင်းတင်းနှင့် ပွင့်ပွင့်လင်းလင်းရှိသည်။ သူမသည် သူကြီးအတွက် ကွမ်းသီးလာဝယ်ရင်း

"ကိုဘသိုက် ရှင့်ကို ကျွန်မအစ်ကို ကိုစံထွန်းက ငြိုးနေတယ်၊ တတ်နိုင်သလောက် သူ့ကိုရှောင်ပါ၊ သူက အကျင့်မကောင်းဘူး"ဟု ပြောဖြစ်အောင် ပြောသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း စံထွန်း၏အကြံအစည်ကို ဘသိုက်သည် ကြိုတင်ရိပ်မိနေခဲ့သည်။ ရွာထဲမှ သူငယ်ချင်းများနှင့်ပင် ပေါးလားဝါးလား မနေ။

သူ့ကို အင်္ဂလိပ်မင်းကို ဆန့်ကျင်သော သူပုန်ဟူသော စွပ်စွဲမှုဖြင့် စွပ်စွဲကာ ဒုက္ခပေးမည်စိုးသောကြောင့် အနေအထိုင် ဆင်ခြင်ခဲ့သည်။

သို့သော် ရန်ရှာနေသူနှင့် ယခုတော့ ရှောင်တိမ်း၍ မရတော့ပေ။ စံထွန်းသည် ဘသိုက်ကို သူ၏ဓားမြှောင်ဖြင့် ချက်နားသို့ ဇော့ဝဲကာ ခြိမ်းခြောက်နေသည်။

ချစ်ပိုင်နှင့် မောင်ထွေးတို့ကလည်း ဓားရှည်ကိုကိုင်ကာ ဘသိုက်ကို လစ်လျှင် တစ်ချက်တည်းဖြင့် အသေသတ်နိုင်ရန် ချိန်ရွယ်လျက်ရှိလေသည်။ ဘသိုက်က လက်နှစ်ဖက်ကို ခပ်ကားကားထားကာ သူ့ကို သုံးယောက်၏လှုပ်ရှားမှုကို မျက်ခြည်မပြတ် ကြည့်နေလေသည်။

စံထွန်းက ဓားကို မျက်နှာနှင့် လည်ပင်းနားတွင် နှစ်ချက်သုံးချက် ဇော့ယမ်းကာ လွတ်နေသည်ဟု ထင်ရသော ဘသိုက်၏ရင်ဝကို ဓားနှင့်ထိုးပစ်လိုက်သည်။

"အမလေး သေပါပြီ"

နန္ဒာသင်းက အုန်းပင်ကိုကွယ်ကာ ချောင်းကြည့်နေရာမှ မျက်လုံးကိုမှိတ်၍ ထိတ်လန့်စွာ အော်ဟစ်လိုက်လေသည်။

စံထွန်းက ရင်ဝကိုချိန်ရွယ်ကာ ထိုးချလိုက်သည့် ဓားမြှောင်ကို ဘယ်ဘက်သို့ ခြေတစ်လှမ်းဆုတ်ကာ ညာလက်ကို





ကားပေးလိုက်ရာ ရင်ဝကို မထိဘဲ ချိုင်းကြားသို့ ဓားက ကျော်ဝင်သွားရာ စံထွန်းပါ အားလွန်ကာ ဘသိုက်ရှိရာသို့ ကိုယ်ချင်းပွုးကပ်လာသည်။

ဘသိုက်က သူ၏ညာလက်နှင့် စံထွန်း၏လက်ကို ညှပ်လိုက်ပြီး လက်ဖျံနှင့်လိမ်ကာ တံတောင်ဆစ်ကို ခပ်ဆတ်ဆတ် ရိုက်ချလိုက်သည်။

"ဖြောင်း"

"အား"

ချိုင်းကိုဟကာ နောက်ဆုတ်ပေးလိုက်သောအခါ တံတောင်ဆစ် အဆစ်ပြုတ်ကာ ဓားလွတ်ကျသွားသော စံထွန်းမှာ သူ၏လက်ကို ဘယ်လက်နှင့်ကိုင်ကာ ရှုံ့မဲ့ရင်း

"ဒီကောင့်ကို အသေသတ်စမ်း"

ဟု ချစ်ပိုင်နှင့် မောင်ထွေးတို့ကို အမိန့်ပေးလိုက်သည်။ မောင်ထွေးတို့က ဓားရှည်နှစ်လက်ဖြင့် ဘသိုက်ကို ပြိုင်ရွယ်ဝင်ကာ ခုတ်ပိုင်းလိုက်ကြလေသည်။

"ဝှစ်"

"ချပ်"

ဘသိုက်က သူ့ထံသို့ ပြေးကာ ဓားနှင့်ခုတ်ပိုင်းချလိုက်သော ဓားချက်နှစ်ချက်ကို နောက်သို့ ခုန်ကာကျွမ်းပစ်၍ရှောင်လိုက်ရာ ချစ်ပိုင်၏ဓားကို မောင်ထွေး၏ဓားက ခုတ်မိ၍ ချွမ်ခနဲ မြည်သွားလေသည်။

"သတ္တိရှိရင် လာခဲ့၊ ဒီတစ်ခါတော့ ငါက ပြသာတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်”

မြစ်ကမ်းစပ်သို့ ရောက်နေသော ဘသိုက်က စိန်ခေါ်လိုက်သည်။ ဘသိုက်ကို ရုတ်တရက်ဝင်တိုက်ရာမှာ ချစ်ပိုင်ရော မောင်ထွေးပါ ခပ်ရှုံ့ရှုံ့ဖြစ်နေသည်။

ဘသိုက်က ခြောက်သည့်အနေဖြင့် ရှေ့သို့ ခြေလှမ်းတိုးလိုက်ရာ နောက်သို့ ထိတ်လန့်စွာ ချစ်ပိုင်နှင့်မောင်ထွေးတို့ ဆုတ်သွား၏။ ဘသိုက်က ထိုအကွက်ကို အလွတ်မပေးတော့ဘဲ လေထဲသို့ခုန်ကာ ဓားကိုင် လက်ဖျားများကို သူ၏ခြေထောက်နှစ်ဖက်နှင့် ကန်ထုတ်ပစ်လိုက်လေတော့သည်။

“ဖောင်း . . ဖောင်း”

“အား”

ဓားများမှာ အဝေးဝေးသို့ လွင့်ထွက်သွားသည်။ ဘသိုက်က လက်နက် မရှိတော့သော ချစ်ပိုင်နှင့် မောင်ထွေးတို့ကို

“မင်းတို့ဆရာကိုခေါ်ပြီး ငါ့ရှေ့က မြန်မြန်ထွက်သွားစမ်း၊ နောက်တစ်ခါဆိုရင် သူ့ဘယ်ဘက်လက်ပါ ငါချိုးပစ်လိုက်မယ်”

“အေး . . မင်း ငါ့အကြောင်း တစ်နေ့သိရမယ်”

ဟု ကြိမ်းကာ သူ့တပည့်နှစ်ဦးနှင့်အတူ ထွက်ခွာသွားလေတော့သည်။

× × ×





“ဒုက္ခပါပဲ အစ်ကိုရယ်၊ ကျွန်မကြောင့်တော့ ရန်ငြိုးရန်ဖြစ်ပြီ”

ဓားများကို လိုက်ကောက်နေသော ဘသိုက်ကို တုန်ရီသောအသံဖြင့် နန္ဒာသင်းက ပြောကြားလိုက်သည်။

“ရန်ငြိုးက သူတို့ အစကတည်းက လုပ်နေတာပါ၊ ဘာမှ ပူမနေနဲ့၊ တရားဥပဒေအတိုင်း ရင်ဆိုင်ရမှာပဲ၊ ဒါ သက်သေခံပစ္စည်းတွေသိမ်းပြီး သူကြီးခေါ်ရင် သက်သေပြမယ်”

“ကောင်းတယ် . . သူကြီးကတော့ သူ့သားမတရားမှုလုပ်တာ ကို လက်ခံမှာ မဟုတ်ဘူးထင်တယ် ကိုသိုက်”

“အင်း . . ဒါကတော့ ကံသေကံမပြောလို့ မရဘူး၊ ဘာပဲဖြစ်ဖြစ် အခုဟာတော့ စံထွန်းတို့က တော်တော်လွန်တာပဲ၊ ဒါကြောင့် ဆုံးမလိုက်တာ”

ဓားသုံးချောင်းကို အုန်းခြံထဲမှ အုန်းလက်ပတ်ကိုခွာကာ စီးလိုက်သည်။ ပြီးနောက် လက်နှင့်ကိုင်ကာ ရွာထဲသို့ ပြန်ဝင်လာလေသည်။ သူတို့အိမ်သို့ ရောက်သောအခါ အပေါ်ထပ်တွင် လူကြီးများက လဲလျောင်းအိပ်စက်နေကြလေသည်။

လမ်းမှာကတည်းကပင် အိမ်သို့ရောက်ပါက လူကြီးများ စိတ်ပူမည်စိုး၍ မည်သို့မျှ အသံမပေးရန် နန္ဒာသင်းနှင့် ဘသိုက်တို့ တိုင်ပင်ခဲ့ကြလေသည်။ နန္ဒာသင်းတို့ မိသားစုသည်လည်း ချောင်းဖြူရွာတွင် ကြာကြာမနေသင့်ဟု ဘသိုက်က ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်လက်ထပ်ဖို့ကိစ္စကို အခြေအနေအေးချမ်းသော အခါမှသာ စီစဉ်ရန်၊ စီစဉ်လျှင်လည်း မုံရွေးတို့၌သာ မင်္ဂလာပွဲကိုလုပ်ရန်ဟူ၍ နှစ်ဦး သဘောတူတိုင်ပင်ခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် စံထွန်းသည် သူစိတ်ဝင်စားသော မိန်းကလေးကို မရအရ ယူကာ အငြိုးကြီးကြီးဖြင့် ဖျက်ဆီးတတ်သည်။ ကိုဘသိုက်က သိရှိသောကြောင့် ဖြစ်၏။

"မင်းမဲ့တိုင်းပြည် ကျနေတာပဲ ကိုဘသိုက်ရယ်"

"ဒီလိုပေါ့လေ . . သူတို့မို့ ကောင်းတဲ့အချိန်ဆိုတာ သူတို့ အခြေအနေကို ကြည့်ပြီးတော့ ရင်ဆိုင်ရမှာပေါ့လေ၊ ကဲ သင်းလဲ စိတ်ပင်ပန်းမခံနဲ့၊ နေ့ခင်းနေ့လယ် တရေးတမော အိပ်ပေါ့"

"ကိုဘသိုက်ရော"

"ကိုသိုက်ကတော့ အိပ်လို့ရမှာ မဟုတ်ပါဘူး၊ ဒီတော့ မန်ကျည်းပင်အောက်မှာပဲ ထိုင်ပြီးတော့ ရေနွေးကြမ်းသောက် လိုက်ဦးမယ်"

မန်ကျည်းပင်အောက်ရှိ ကွပ်ပျစ်သို့ မီးဖိုထဲမှ ရေနွေး ဘန်းကို ယူလာသည်။ မြေပဲကြော်နှင့် လူကြီးများ စားထားသော မန်ကျည်းရွက်သုပ် အမြည်းကျန်သေးသည်။ ဘသိုက်သည် ပြဿနာကြီးတစ်ခုနှင့် ရင်ဆိုင်ရတော့မည်ကို သိလေသည်။

ထိုပြဿနာက မည်သို့မည်ပုံ ဆက်လက်ဖြစ်ပေါ်လာ မည်ကို သူသည် ကြံစည်တွေးတောနေ၏။

× × ×



မြင်းကို အကြမ်းစီးသွားသော မိန်းမပျိုကြောင့် သူ့ကိုယ် တွင် အညိုရောင်ရွှံ့နှစ်များ ပေကျံခဲ့သော 'နေသီဟ'သည် တိုက် ခံနှစ်ထပ်အိမ်ကြီးနားသို့ ရောက်သောအခါတွင် မြင်းကိုရပ်လိုက် ၏။

တိုက်ခံနှစ်ထပ်အိမ်ကြီးမှာ ကြီးမားလှ၍ ကာရံထား သော ခြံမှာလည်း ကျယ်ဝန်းလှသည်။

မြင်းကို ထင်သလိုစိုင်းသောသော မိန်းမပျိုမှာ ထိုခြံထဲ သို့ ဝင်သွားသည်မှာ သေချာလေသည်။ ခြံတံခါးကတော့ စေ့ ရုံစေ့ထားပုံရသည်။ သူသည် ခြံတံခါးဝနားသို့ မြင်းကိုဆွဲကာ တိုးကပ်လာခဲ့လေသည်။ ခြံစပ်တွင်ရှိသော လက်ပံပင်တွင် သူ့ မြင်းကိုဇက်ကြိုးကို ချည်နှောင်ထားလိုက်သည်။

ခြံပတ်ပတ်လည်တွင် ဗုဒ္ဓသရဏံပင်များ စိုက်ပျိုးထား သောကြောင့် ခြံတွင်းသို့ ကောင်းကောင်းမမြင်ရပေ။

"ဦးခွန်သာ ကျွန်မက နှင်းဆီဖြူပင်တွေကို သပ်သပ်



www.burmeseclassic.com

www.burmeseclassic.com



ခွဲမထားဘဲ နှင်းဆီဖြူပင်က တစ်တန်း၊ နှင်းဆီဝါပင်က တစ်တန်း၊ နှင်းဆီနီပင်က တစ်တန်း အဲဒီလို ရောပြီးတော့ ထားချင်တာ"

"ရတယ်လေ. . မမလေး၊ မမလေး ဘယ်လိုကြိုက်တယ်ဆိုတာ မသိသေးလို့ ဘာမှ မပြင်ဆင်ရသေးဘဲ ဒီအတိုင်း ပုံထားတာပါ၊ အမှန်တော့ ကားပေါ်က ပန်းအိုးတွေကို တစ်ခုစီချထားတဲ့ သဘောပါပဲ"

အသံဝဲဝဲနှင့် ဦးခွန်သာဆိုသူက ရှင်းပြနေသည်။

"ဒီဘက်က အိုးတွေက . ."

"အဲဒါတွေ ဂန္ဓမာပန်းတွေပါ မမလေး"

"အင်း ကောင်းတယ် . . သူ့ကိုတော့ နှင်းဆီပန်းတွေနဲ့ ရောမထားနဲ့၊ မြောင်းသပ်သပ်ထားပေါ့၊ ဟိုဂမုန်းတွေကကို မကြိုက်တာ၊ ဂမုန်းတွေကို နွယ်သာကီပန်းပင်တွေကြားထဲမှာ တစ်တန်းချနော်"

"ဟုတ်ကဲ့ . . အဲဒါတော့ ကောင်းပါတယ်၊ နွယ်သာကီပန်းပင်တွေက တစ်တန်းနဲ့ တစ်တန်းဝေးနေတာ ကြားကွက်လပ်ပြည့်သွားတာပေါ့၊ ခေါင်းရင်းဘက်တစ်ခြမ်းပဲ လုပ်မယ်နော်"

"ဟုတ်တယ်၊ ခြေရင်းဘက်က တမင် စက္ကူပန်းပင်တွေနဲ့ မြက်ခင်းကိုမွေးထားတာ ဧည့်ခံပွဲတွေ ဘာတွေလုပ်ရင် ဒီနေရာမှာ နေရာယူဖို့လေ"





"လိုအပ်တာတွေသာ ပြောပါခင်ဗျာ၊ အားလုံးစီစဉ်ထားပါမယ်"

"ဒီပတ်ဝန်းကျင်က လူတွေတော့ ဦးခွန်သာ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ တော်တော်များများ သိပါတယ်"

ကျွန်မတို့က မိုးကုတ်မှာ ခုမှ အခြေချမှာဆိုတော့ ဘယ်သူကဘာ၊ ဘယ်သူတွေက ဘယ်လိုဆိုတာ သိထားသင့်တာပေါ့"

"ကျွန်တော် တော်တော်များများတော့ သိထားပါတယ်၊ လူကောင်းသူကောင်းတွေ ကျောက်တွင်းပိုင်ရှင်တွေနဲ့ အလုပ်သမားတွေ များပါတယ်"

"ခု ကျွန်မတို့ ဝယ်လိုက်တဲ့တွင်းကရော ဘယ်လိုနေလဲ"

"မမလေး ဒီကျင်းကို နဂါးကျင်းလို့ ခေါ်တယ်"

"ဘာရှင်"

"ဒီမိုးကုတ်မှာ နဂါးကျင်းဆိုတာ နာမည်ကြီးပေါ့၊ ဒီအိမ်ကြီးမှာ နေသွားတဲ့ မိသားစုတိုင်းဟာ အဖိုးတန် ကျောက်တွေချည်းရကြတာချည်းပါပဲ၊ ဒါကြောင့်လဲ ဈေးအကြီးဆုံး ဖြစ်နေတာ"

"အင်း . . ကျွန်မတို့ကလဲ ဈေးနည်းတဲ့ကျင်းတွေကို ဈေးမညှိတော့ဘူး၊ ဈေးအကြီးဆုံးကျင်းကိုပဲ ဝယ်တာ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ပိုင်ရှင်က သားတွေသမီးတွေလဲမရှိ၊ နိုင်ငံခြားမှာ အကုန်ရောက်နေတော့ ပိုင်ရှင်အဘွားကြီးက ဒီအိမ်နဲ့ သူပိုင်တဲ့ကျင်းတွေကို ရောင်းပြီး ဇရပ်ဆောက်၊ ကျောင်းလှူ၊ ဘုရားတည်မယ် ပြောလို့ ဦးလေးက ဝယ်လိုက်တာပါပဲ"

"ဟုတ်ပါတယ် သူတို့က ကျင်းကို ဆက်မတူးဘဲ ထားတာကြာပါပြီ၊ အလုပ်သမားလဲ မငှားတော့ဘူး၊ တ ခြား ကျင်းပိုင်ရှင်တွေက နိုးပြီးတူးလို့ ကျင်းစောင့်တွေထားရတာလဲ ငွေကုန်ကြေးကျများတယ်၊ ပြီးတော့ ရန်တွေဘာတွေ ဖြစ်ရင်လဲ ဖြေရှင်းရ ဘာလုပ်ရနဲ့၊ ခုတော့ တောင်စောင်းတွေ ချိုင့်ဝှမ်းတွေကို ခြံကာပြီး အစောင့်မထားတော့ဘူး"

ဦးခွန်သာသည် မိန်းမပျိုကို အကဲခတ်နေလေသည်။

"ဒီတော့ တ ခြားကျောက်တူးသမားတွေ ဝင်ခိုးမတူးဘူးလား"

"တူးတာပေါ့ . . တူးလို့ပဲ ကျောက်အဖိုးတန်တွေရလို့ မိုးကုတ်ဈေးမှာ အသံတွေမကြာခဏ ထွက်လာသေးတယ်၊ အဘွားကြီးကလဲ အဲဒီသောကတွေ မခံချင်တာနဲ့ ရောင်းတာပါပဲ"

"ကျေးဇူးပဲ ဦးခွန်သာ၊ ဦးခွန်သာတို့လဲ သစ္စာရှိတယ်၊ ခြံစောင့်အဖြစ် ဆက်ငှားပါလို့ ဒီအိမ်ပိုင်ရှင်က ပြောလို့ ငှားရတာပဲ"

× × ×





သူသည် ပုဏ္ဏရိပ်ချုံများကြားမှ ဆံပင်ရှည်ရှည်အရပ်မြင့်မြင့်နှင့် ချောမောလှသော မိန်းမပျိုကို ချောင်းကြည့်ကာ ဦးခွန်သာနှင့် စကားပြောနေသည်ကို နားထောင်နေသည်။ အနည်းငယ်ကြာသွား၏။

သည်တော့မှ 'နဂါးကျောက်တွင်း'များနှင့် တိုက်အိမ်ကြီးကိုပါ ဝယ်ယူလိုက်သော မိသားစုမှ မိန်းမပျိုတစ်ဦးဟု နားလည်လိုက်လေသည်။

သူရပ်နေသည်ကို ဂရုမစိုက်ဘဲ မြင်းကို ရှုံ့ဖွက်များစဉ်အောင် မောင်းနှင်သွားခြင်းကိုတော့ သည်းမခံသင့်ဟု ယူဆသည်။ ထို့ကြောင့် ခြံတံခါးကို လျှောက်လှမ်းလာ၏။

"အဟမ်း . . အဟမ်း"

"တံခါးဝက လူသံကြားတယ် ဦးခွန်သာ၊ အလှူခံလားမသိဘူး၊ အလှူခံဆိုရင်လဲ ကျွန်မမှာတော့ အကြွေမရှိဘူး၊ ဦးခွန်သာမှာ ရှိလား"

"ကျွန်တော့်မှာလဲ မရှိဘူး"

"ကဲဒါဆို သွားမောင်းထုတ်လိုက်ပါရှင်၊ ကျွန်မ အိမ်ထဲမှာ နေရာချစရာတွေ ရှိသေးတယ်"

စကားပြောပုံဆိုပုံက မောက်မာကြမ်းတမ်းလှသည်။ နေသိဟသည် ရင်ထဲတွင် ဒေါသဝုန်းခနဲ ထလာသည်။ ဦးခွန်သာကတော့ သူ့ကိုသိသည်။ ထင်းရှူးခြံကျောက်တွင်းပိုင်ရှင် ဦးဟန်ငြွေ၏သား 'နေသိဟ'ဟု သိထားပြီး ဖြစ်နေပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဆရာလေး နေသီဟကိုး၊ ဘာကိစ္စလဲ ဆရာလေး"

ဦးဟန်ရွှေ၏ခြံထဲတွင်လည်း မာလီလုပ်လာဖူးသော ဦးခွန်သာက ယဉ်ကျေးစွာ မေးမြန်းလိုက်သည်။

"ကျုပ် ကိစ္စရှိလို့ ဦးခွန်သာ"

"ကျုပ်ကိုလာပြီး ရှာတာလား"

နေသီဟ ခေါင်းခါပြလိုက်လေသည်။ ဦးခွန်သာက မျက်စိလျှင်ကာ အစိမ်းရောင်ပိုးအင်္ကျီကိုကြည့်ရာ ဗိုက်နှင့် ရင်ဘတ်တွင် မြင်မကောင်းအောင် ရွှံ့စက်များစဉ်နေသည်ကို တွေ့ရသည်။

"စောစောက မိန်းကလေးတစ်ယောက် မြင်းဒုန်းစိုင်းစီးသွားတယ်၊ လမ်းဘေးမှာ ဖြုံးဆေးနေတဲ့ ကျုပ်နဲ့ ကျုပ်ရဲ့အလုပ်သမားတွေကို သတိမထားဘူး၊ ဒါကြောင့် လိုက်လာတာပါ"

"အော်"

ဦးခွန်သာမှာ နှစ်ဖက်လုံးကို သိနေသူဖြစ်သောကြောင့် အားနာနာဖြင့် အော်ဟုသာ ဆိုလိုက်ရလေသည်။

မာကျောသော နေသီဟ၏အသံကြောင့် အိမ်ထဲရှိ ပန်းပင်များကြားမှ မိန်းမပျိုက ထွက်လာသည်။

"ရှင့်ကိုက လမ်းဘေးမှာ အလုပ်လုပ်နေတာ ခပ်ဝေးဝေးက မြင်းစီးလာတဲ့ လူကို မမြင်ဘူးလား"

"မြင်တော့မြင်တာပေါ့ဗျာ၊ ဒါပေမယ့် ဒီလိုရိုင်းရိုင်းစိုင်းစိုင်းအလုပ်မျိုး လုပ်မယ် မထင်မိလို့ပဲ"





နေသီဟ ခပ်စွာစွာလေသံဖြင့် ပြောနေသော မိန်းမပျိုကို အမြင်ကပ်၍ မိပြောလိုက်သည်။

"ကျွန်မက ရိုင်းတာ မဟုတ်ဘူး၊ ရှင်တို့က မရှောင်ဘဲ ကျွန်မလာတာကို လှည့်ရပ်ကြည့်နေတာကိုး"

ထိုစကားမှာလည်း နေသီဟကို ထိခိုက်သောစကားပင် ဖြစ်လေသည်။ သူမအား ငမ်းနေသောကြောင့် ရေဗွက်များပေါ် မြင်းဖြတ်သည်ကို မရှောင်မိခြင်းဖြစ်သည်ဟု ခပ်ရိရိပြောဆိုခြင်းပင် ဖြစ်လေသည်။

"ကျုပ်တို့က ခင်ဗျားကို စောင့်ကြည့်နေတယ်များ ထင်သလား"

"မထင်ပါဘူး၊ မထင်လို့လဲ လှည့်မကြည့်တာပေါ့၊ ခုရှင့်ရင်ဘတ်မှာ ရွှံ့တွေပေနေတာ၊ ရေဗွက်ကို ကျွန်မမြင်းနဲ့ ဖြတ်တဲ့ဆီက စင်တာလား"

"ဟုတ်တယ်"

"ဒါဆို ရှင့်အင်္ကျီ ဘယ်လောက်တန်သလဲ၊ ခုချွတ်ပြီး လွှင့်ပစ်လိုက်ပါ၊ ကျွန်မ အဲဒီအင်္ကျီဖိုး အလျော်ပေးမယ်၊ ရှင် ငွေယူပြီးပြန်တော့"

မိန်းမပျို၏အပြောအဆိုကြောင့် နေသီဟ အံ့အားသင့်သွားသည်။ ငွေကြေးချမ်းသာမှုဖြင့် သူ၏အပေါ်တွင် မောက်မာသည်ဟုလည်း ယူဆလိုက်မိလေသည်။

"ကျုပ်က ငွေအလျော်လိုချင်လို့ လာပြောနေတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာလို့လာပြောနေတာလဲ"

"ခင်ဗျားအဖြစ်ကို ခင်ဗျားသိဖို့၊ ပြီးတော့ ကျုပ်ကို ပြန်တောင်းပန်ဖို့"

မိန်းမပျိုက ခါးထောက်ကာ ရယ်လိုက်လေသည်။

"ဟင်း . . ဟင်း . . ဟင်း ရှင်က ဒါကိုလိုချင်တာလား၊ ဒါဆိုရင်တော့ ရှင်ပြန်တာ အကောင်းဆုံးပဲ၊ သဇင်နွယ်ရဲ့ဘဝမှာ အမှားတစ်ခုအတွက် ဘယ်လိုသတ္တဝါမျိုးကိုမှ မတောင်းပန်ဘူး ရှင်လျော်ကြေးလိုချင်ရင်ယူ၊ မလိုချင်ရင် အပိုတွေ ပြောမနေနဲ့"

နေသီဟမှာ လက်သီးများကိုပင် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။

"ခင်ဗျားဟာ ဒီအရပ်ဒေသကို ပြောင်းလာတဲ့ လူသစ်လဲဖြစ်တယ်၊ ပြီးတော့ မိန်းကလေးလဲဖြစ်တဲ့အတွက် ခွင့်လွှတ်လိုက်မယ်၊နောက်တစ်ခါဆိုရင်တော့ ဆင်ခြင်ပါ"

မိန်းမပျိုက နှုတ်ခမ်းကို တွန့်လိုက်သည်။

"ရှင်က လူတစ်ယောက်ကို ဘယ်လို ခွင့်လွှတ်တတ်လဲ"

ဟု နောက်မှ မကြားတကြား ပြောလိုက်သည်။ နေသီဟမှာ ကိုယ့်ဒေါသကို ကိုယ်အနိုင်အနိုင် ထိန်းနေရသည်။ ဦးခွန်သာကတော့ အားနာသည့် မျက်လုံးများဖြင့်သာ နောက်ဆုတ်ကာ ကြည့်နေသည်။





သူသည် 'နေသီဟ' ကိုလဲ မပြောနိုင်၊ တိုက်အိမ်ကြီးနှင့် နဂါးကျောက်တွင်းပိုင်ရှင်သမီး သဇင်နွယ်ကိုလည်း မကန့်ကွက်ခဲ့ဖြစ်ကာ ကျန်ခဲ့ရလေသည်။

နေသီဟကတော့ သူ့မြင်းပေါ်ကို လွှားခနဲ ခုန်တက်ကာ ဒုန်းစိုင်း၍ တောင်ကုန်းဆင်ခြေလျှော ထင်းရှူးတောရှိ သူတို့ကျောက်တွင်းများရှိရာဘက်သို့ ဒုန်းစိုင်း သွားလေတော့သည်။

"ဦးခွန်သာ ခြံတံခါးကို ပိတ်၊ အထဲက မောင်းပါထိုးပြီး သော့ပိတ်လိုက်"

"ဟုတ်ကဲ့"

"ဘယ်က ဘယ်လိုလူတွေက ဝင်လာမှန်း မသိဘူး"

"သူ့တို့က ဟိုဖက်က တွင်းရိုးစားကြီး ဦးဟန်ရွှေရဲ့ သားတွေထဲက တစ်ယောက်ပါ မမလေး၊ သူက သဘောကောင်းပါတယ်၊ ခု မမလေးက မတော်တဆ ဂရုမစိုက်မိတာကို စိတ်ခုသွားလို့"

"ကျွန်မကို ရှေ့နေ မလိုက်ပါနဲ့ ဦးခွန်သာ၊ သူက ယောကျ်ားအရင့်မာကြီးတစ်ယောက်ပဲ၊ မိန်းကလေးတစ်ယောက်က မတော်တဆ ဖြစ်တာကို ဒီလို အိမ်တိုင်ရာရောက် လိုက်လာပြီး ရန်ထောင်ရသလား"

ဦးခွန်သာ ခေါင်းငုံ့နေသည်။ သူသည် ဘာမှ ဆက်ပြော၍ မကောင်းတော့ပေ။

"ကဲ . . တိုက်တံခါး ဖွင့်ပါဦး၊ ကျွန်မဦးလေးတွေ စီခဲ့ထားတာ ကျွန်မ ကြည့်ချင်တယ်၊ သူတို့က ကျွန်မအကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ သိမှာပါ"

ဦးခွန်သာက သူ့ခါးမှ သော့တွဲကြီးကိုဖြုတ်ကာ ခန့်ညား သော တိုက်အိမ်တံခါးဝမှ ကြေးဝါတံခါးကြီးကို သော့ဖွင့်ကာ တွန်းလိုက်သည်။

"ကျွီ . . အီ . . အီ"

ကြေးဝါးတံခါးက မပြုပြင်သည်မှာ ကြာ၍ ကြေးခေါင်း စွပ်ထားသော ပတ္တာနေရာမှ ကျွီအီအီဟု မြည်နေ၏။

"ဦးခွန်သာ"

"ဗျာ"

"ဒီတံခါးပတ္တာတွေကို ချောဆီတွေထည့်နော်၊ ကျွန်မ က တံခါးတွေ ပရိဘောဂတွေက အသံမြည်တာ မကြိုက်ဘူး၊ တိုက်ဆိုတစ်အိမ်လုံး တိတ်ဆိတ်နေမှ ကြိုက်တာ"

"ဟုတ် . . ဟုတ်ကဲ့"

ဧည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် အသစ်ချပ်ချွတ် အစိမ်းရောင် ကတ္တီပါအုပ်ထားသော ဆိုဖာဆက်တီကြီးတစ်စုံ ကို တွေ့ရသည်။ ဧည့်ခန်းနံရံတွင် နဂါးနှစ်ကောင် မျက်နှာချင်း ဆိုင်ကာ အမြီးက ခြေထောက်အထိရောက်နေသော ရှေးဟောင်း ဘီရိုကြီးတစ်လုံးကို တွေ့ရလေသည်။

အားလုံးသော ပစ္စည်းများမှာ အစိမ်းရောင်နှင့် အပြာ ဖျော့ဖျော့အရောင်များသာ ဖြစ်ကြလေသည်။ တံမြက်စည်းလှဲ ကာ အမှိုက်များရှင်းထား၍ သန့်ပြန့်နေသည်ကို သဇင်နွယ် တွေ့မြင်ရလေသည်။



ဘသိုက် မန်ကျည်းပင်အောက်၌ ထိုင်၍ စဉ်းစားသော အကြောင်းအရာကား များစွာရှိသည်။ ဒီကောင် စံထွန်းသည် အကျင့်ကောင်းသည့်ကောင် မဟုတ်။

အကျင့်မကောင်းရုံသက်သက်ဆိုလျှင် ရှောင်ရှားရ လွယ်သေးသည်။ စံထွန်းမှာက နောက်ကွယ်တွင် လူမိုက်မျိုး စုံရှိနေသည်။

ထိုလူမိုက်များထဲတွင် သူခိုးဓားပြများလည်း ပါသည် ဆို၏။

"မင်းစဉ်းစားကြည့်ပါလား ဘသိုက်ရာ၊ ဟိုဖက်ချောင်း ကြိုရွာက ကိုဖေတင့်ဟာ ဒီနေ့ပဲ စံထွန်းနဲ့ ထန်းတောထဲမှာ စကားများရန်ဖြစ်တယ်၊ ကိုဖေတင့်က လူဖြောင့်စိတ်တိုဆိုတော့ စံထွန်းကို အလဲထိုးလိုက်တယ်၊ စံထွန်းကို သူ့ကောင်တွေတွဲပြီး လေ့ာနဲ့ ရွာပြန်ကူးရတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်နေ့မှာ ချောင်းကြီးရွာကို ဓားပြဝင်တယ်၊ ပြီးတော့ ကိုဖေတင့်တို့အိမ် ရှေးတိုက်တယ်၊ အိမ်မီးရှို့ပြီး ကိုဖေတင့်ကို ခြေထောက်နှစ်ချောင်းကို ရိုက်ချိုးသွားတယ်၊ ဒါဘယ်သူ့လက်ချက်လဲ"

"ခင်ဗျားက စံထွန်းလို့ ပြောချင်တာလား"

"သေချာတာပေါ့ ဘသိုက်၊ မင်းက ငါ့ကို ထန်းရည်သမားဆိုပြီး အထင်သေးနေတာလား"

ကိုပေသီးက ထန်းရည်အိုးထဲမှ ထန်းရည်ကို ဝါးကျည်တောက်ထဲ ထည့်ရင်း ပြောသည်။

"ငါမင်းအတွက် စိုးရိမ်လို့ ဘသိုက်၊ မင်းက ငယ်သေးတယ်၊ အခုဟာ သူ့အဖေက တိုက်ပိုင်သူကြီး၊ လူတစ်ယောက်ကို ထိပ်တုံးခတ်ပြီး သူ့အိမ်နောက်က အချုပ်ထဲ မသေမချင်း ထည့်ခွင့်ရှိတယ်၊ မြို့ပိုင်ကြီးကလဲ သူ့အဖေပြီးရင်ပြီးတယ်"

ပေသီးနှင့် စကားပြောရသည်မှာ ဗဟုသုတရသည်။ ထို့ကြောင့် ဘသိုက်က သူ့အားသည့်အချိန်တွင် ကိုပေသီးရှိတတ်သော ထန်းတောသို့ဝင်သည်။ ကိုပေသီးအလုပ်က ထန်းတပိုင်ရှင် ဦးမြို့၏ထန်းတောထဲမှာ ဖြစ်သည်။ ထန်းရည်မြူအိုးများကို ညနေပိုင်းတွင် သူက တက်၍ချသည်။ သူ့အလုပ်က ထန်းရည်အိုးလိုသလောက် ဦးမြို့၏ထန်းတဲသို့ ထည့်ပြီးလျှင် ထန်းရည်ကို မမူးမချင်း ဓိမ်နှင့်သောက်တော့၏။

သို့သော် ပေသီးသည် မေ့မေ့လျော့လျော့နှင့် ထန်းရည်မသောက်။ ဘယ်သူက ဘယ်ရွာကလာသည်၊ ဘာစကားပြော





သည်။ ဘယ်သူနှင့် ရန်ငြိုးရှိသည်ဆိုခြင်းကို သူမှတ်ထားသည်၊ သူတို့နှင့်အတူ လာသောက်၍ စကားများပြန်သွားပြီး ကျန်လူတွေက နောက်နေ့တွင် ထန်းရည်ဆိုင်၌ ရန်လုပ်ရန်ဆွေးနွေးလျှင်

"ညီလေးတို့ ကိုယ့်ရွာသားအချင်းချင်း ရန်မဖြစ်နဲ့၊ သည်းခံ . . သူကြီးက ရန်ဖြစ်ရင် မင်းတို့ကို ဖမ်းတာစစ်တာ ရိုက်တာခံရမယ် . . ပြန်ကြ . . ပြန်ကြ"

ဟု ဖျန်ဖြေတတ်သည်။

ရွာနီးချုပ်စပ်မှ လူများက ကိုပေသီးကို ခင်ကြသည်။ လူသိများကြသည်။ သူသည် ထန်းရည်သောက်သည်မှလွဲလျှင် လူ့သဘာဝအကြောင်းကိုတွေးကာ ခပ်အေးအေးနေသော သဘာဝတ္တသမားကြီးဟု ဆိုရပေမည်။

သူအားလျှင် ထန်းပင်ကိုမှီကာ မြူအိုးတစ်အိုးနှင့် ကမ္ဘာလောကကြီးအကြောင်းကို စဉ်းစားလေသည်။ သူက ဘုန်းကြီးကျောင်းတွင် စာလည်း ကျကျနနသင်ခဲ့ဖူးရာ အချို့သော ပျို့ကဗျာလင်္ကာများလည်း သူ့နှုတ်ဖျားတွင် ရရှိထားလေ ရှိတော့၏။

"ကိုပေသီး"

"ဘာလဲ"

"အိပ်ပျော်နေတာလား"

"မအိပ်ပါဘူးဗျာ၊ မနေ့က ခင်ဗျားပေးတဲ့ ငှက်ခါး တောင် ထန်းရည်ကောင်းကောင်းနှစ်မြူလောက်"



www.burmeseclassic.com

www.burmeseclassic.com



ထန်းရည်သမားနှစ်ဦး ရောက်လာ၍ ဦးမြို့ဆီက သွားဆွဲကာပေးလိုက်သည်။ ဝဲကြီးလှော်နှင့် ဆားပါ ပုံပေးလိုက်သည်။ ကျန်တာကတော့ ဦးမြို့အလုပ်။

ကိုပေသီး ကြည့်မရသော လူများထဲတွင် သူကြီးသားစံထွန်းတို့ အုပ်စုလည်း ပါသည်။ တောင်ပြားရွာမှ ကျားကြီးတို့ အုပ်စုလည်း ပါသည်။ ငှက်သိုက်ရွာက ခရုလေးတို့ အုပ်စုလည်း ပါသည်။ သည်ကောင်တွေက ထန်းရည်သောက်ရုံ မဟုတ်။

ထန်းတဲရောက်လျှင် တစ်ယောက်နှစ်တစ်ယောက် ရွာထဲဖြစ်ခဲ့သော ကိစ္စရပ်များကို ရိကြ၊ စကြ၊ မခံချင်ပြောကြ၊ နောက်တော့ လက်သီးလက်မောင်းတန်း၍ ရန်ဖြစ်တော့တာစုလာ၏။

"တော်ပြီ တော်ပြီ . . ကျားကြီး . . မင်း ငါ့ကိုသိတယ် မဟုတ်လား"

"သိပါတယ် ကိုပေသီး"

"မင်းတို့က ထန်းရည်ကို ရိုးရိုးမသောက်ဘူး၊ စကားအထစ်အငေါ့တွေနဲ့၊ စကားထဲက ဓာတ်ပြပြီး မခံချင်စိတ်ပေါ်ရန်ဖြစ်ရော၊ မင်းတို့ ဒီစကားတွေ အဆုံးမသတ်ဘဲ ဆက်ပြောရရင် ငါ ထန်းရည်အိုးတွေ သိမ်းမယ်၊ မင်းတို့ကို ငါမရောင်းတော့ဘူး"

"မလုပ်ပါနဲ့ ကိုပေသီးရာ၊ ကျုပ်တို့ ဆက်မပြောတော့ပါဘူး၊ ဟော့ကောင်တွေ ကိုယ့်အိုးကိုယ်သောက် စကားမများနဲ့"





ကိုပေသီးတာဝန်က ဝိုင်းထိန်းတာဝန်မျိုး ဖြစ်သည်း ကိုပေသီး လုပ်သမျှ ထန်းတဲပိုင်ရှင် ဦးမြို့က ဘာမှမပြော၊ လုပ်သင့်၍ လုပ်သည်ဟု နားလည်ထားလေသည်။

"ခရုလေး"

"ဗျာ"

"မင်းတို့ ထန်းရည် လာသောက်တာလား"

"ဟုတ်တယ် ကိုပေသီး"

"ဒါဆို တစ်ယောက်နဲ့တစ်ယောက် မစကြ၊ မနောက်ကြနဲ့၊ ငါတို့ ရောင်းနေရတဲ့ အခြေအနေကို မင်းတို့ သိတယ်၊ ထန်းတဲမှာ ရန်ဖြစ်ရင် သူကြီးက ရောင်းခွင့် ယစ်မျိုးလိုင်စင် ပိတ်မှာ၊ မင်တို့ကြောင့် သူများအကျိုး မထိခိုက်ပါစေနဲ့ကွာ"

"စိတ်ချပါ ကိုပေသီးရဲ့"

ကိုပေသီးက ပတ်ဝန်းကျင်ကို ထိုကဲ့သို့ပင် ထိန်းလေသည်။ အချို့က ထန်းရည်မသောက်တတ်သော အရွယ်မရောက်တရောက် ချာတိတ်များခေါ်လာသေးသည်။

"ဟော့ကောင်တွေ မင်းတို့ဟာ မင်းတို့သောက်ချင်သောက်၊ ဟိုချာတိတ်ကို မဖျက်ဆီးနဲ့၊ ထန်းရည်သောက်တဲ့ အလုပ်က ကောင်းတာ မှတ်လို့"

ဦးမြို့ထန်းတဲတွင် ထန်းရည်သာ မဟုတ်၊ ချက်အရက်လေးဘာလေးလည်း တိတ်တဆိတ်ရောင်းသေးသည်။ သို့သော် ဈေးသက်သာသော ထန်းရည်ကိုသာ ရွာသူရွာသားများက အသောက်များကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မန်းကျည်းပင်ကိုမှီကာ နေပူပူ ရေနွေးပူပူဖြင့် သောက်ကာ ချွေးတလုံးလုံးဖြင့် ပေသီးအကြောင်း တွေးနေသော ဘသိုက်သည် ငြိမ်သက်နေသော သူတို့အိမ်ကိုကြည့်ကာ ရွာနောက်ရှိ ဦးမြို့ထန်းတောဘက်သို့ ထွက်လာခဲ့လေသည်။

သူရောက်သည့်အချိန်တွင် နေ့လယ်တစ်နာရီကျော်၍ မြူအိုးများကို ကြိုးများဖြင့် သိုင်းချည်ကာ တက်ရမည့်အပင်နေရာများသို့ ကိုပေသီးက လိုက်ချနေလေသည်။

"ဗျို့ . . ကိုပေသီး အလုပ်များနေလား"

"အေးကွာ . . ဒီအချိန်ကတော့ အလုပ်စများပြီလေ၊ ခဏတော့ နားလို့ရပါသေးတယ်၊ နေရှိသေးတာပဲ မင်းကို ငါက တွေ့ချင်နေတာ"

"ဘာဖြစ်လို့လဲ ကိုပေသီး"

"မနက်က စံထွန်းနဲ့ ဟိုအကောင်နှစ်ကောင် ဒီထန်းတဲမှာပဲ အရက်သောက်ထွက်သွားကြတာ၊ မင်း ဆုတောင်းပြည့်ဘုရားက အပြန်မှာ ဘာလုပ်မယ် ညာလုပ်မယ်နဲ့၊ ကျောမှာလဲ သူ့ကောင်နှစ်ကောင်က ဓားရှည်တွေ ထိုးလာသေး၊ ဘာဖြစ်သေးလဲ"

"ဘာဖြစ်ရမှာလဲ၊ ဒီကောင်တွေ ရန်စလို့ ကျုပ် စံထွန်းရဲ့လက်တစ်ဖက်ကို ချိုးပစ်လိုက်တယ် ကိုပေသီး"

x x x



ထိုစကားကိုကြားသောအခါတွင် ပေသီးသည် အံ့အားသင့်ကာ ထန်းပင်တွင် ထောင်ထားသော 'ယင်းထောင်'ခေါ် ဝါးလှေကားပေါ်သို့ ထန်းရည်အိုးများ လွယ်ကာ တက်မည်ပြုပြီးမှ အိုးများပြန်ဖြုတ်ချကာ ထန်းပင်အောက်ခြေ သဲပေါ်ထိုင်လိုက်သည်။

"ဘာပြောတယ် ဘသိုက်၊ မင်း စံထွန်းရဲ့လက်တစ်ဖက်ကို ချိုးလိုက်တယ်"

"ဟုတ်တယ်ဗျာ . . သူတို့က ကျုပ်ကို အသေသတ်တာပဲ၊ ကျုပ်က ခုခံရင်းနဲ့ ဖြစ်တာ၊ ကျုပ်ရင်ဝကို ဓားနဲ့ထိုးလို့ အဲဒီလက်ကို ညှပ်ပြီး ရိုက်ချိုးလိုက်တာပဲ"

ကိုပေသီးက သူ့နဖူးကို သူ့လက်ဝါးနှင့် ရိုက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ ဘသိုက် . . သွားပြီ၊ ခုမြို့ပိုင်က မျက်နှာသာပေးလို့ ချောင်းဖြူရွာမှာ စံထွန်းတို့သားအဖ တန်ခိုးတက်နေတဲ့အချိန်ပဲ"

"အေးပါဗျာ . . အဲဒါကြောင့် ကျုပ်ကလဲ ကိုပေသီးကို သတိရလို့ လာတိုင်ပင်တာ၊ ကျုပ်ကို ဘာလုပ်မှာလဲ လာဖမ်းမှာလား"

"ဖမ်းမှာပေါ့၊ သူ့သားကို လက်ကျိုးအောင်လုပ်တာ၊ တကယ်ဆိုရင်တော့ သူ့သားဆိုးရင်လဲ မင်းက ရိုက်ပုတ်ထိုးပြီး သူကြီးဦးအေးထွန်းကို တိုင်ဖို့ ကောင်းတာပေါ့ကွာ"

ဟုတ်သည်။ ကိုပေသီးက အသက်ကြီးတော့ တွေးတတ်သည်။ သူက ဓားနှင့်ခုတ်သည်ဆိုပေမယ့် "သူကြီးသား"ဆိုသည်ကို ဘသိုက် မမေ့သင့်။

"ကျုပ် မှားသွားတယ်"

"အဲဒီအမှားက ပြင်လို့မရတော့ဘူး ဘသိုက်၊ အကောင်းဆုံးဖြစ်အောင် မင်းရင်ဆိုင်ရလိမ့်မယ်"

ကိုပေသီးက သူ့နဖူးကို လက်ထောက်ကာ စဉ်းစားလိုက်လေသည်။

"ဒီလိုလုပ် မင်း ခဏရှောင်နေရင် ကောင်းမယ်"

"အဲဒါမှ သူကြီးက မြို့ပိုင်နဲ့တိုင်ပြီး ဝရမ်းထုတ်လိုက်လို့ ဝရမ်းပြေးဖြစ်နေပါဦးမယ်"

"ငါမေးပါရစေ၊ ဒီကိစ္စကို မြင်တဲ့ သက်သေ ဘယ်သူရှိနသလဲ"





"ကျုပ်နဲ့ လက်ထပ်ဖို့ မိဘတွေ သဘောတူထားတဲ့ နန္ဒာသင်း ရှိတယ်၊ သူ အစအဆုံး မြင်တယ် ကိုပေသီး"

"ဟော"

"ခင်ဗျားက ဘာလို့မျက်လုံးပြူးရတာလဲ"

"အဲဒီမိန်းကလေးက အရေးကြီးတယ်၊ မင်း သူ့ကို ကောင်းကောင်း လုံခြုံတဲ့နေရာမှာထား၊ သူ့ကို စံထွန်းက တစ်ဖက်လှည့်နဲ့ ဖျောက်ဖျက်လိုက်ရင် မင်းမှာ ဘာသက်သေမှ မရှိတော့ဘူး၊ ထောင်ကျမှာ"

"ဗျာ"

ဒီတစ်ခါတော့ ဘသိုက် မထိတ်လန့်စဖူး ထိတ်လန့်သွားရပါလေတော့သည်။

"ဒီကောင် မင်းကို တစ်ခုခုတော့ ဒုက္ခပေးမှာပဲ ဘသိုက်၊ အဲဒါကို ဘယ်လိုကာကွယ်ရမလဲဆိုတာသာ စဉ်းစားထား၊ သွားသွား . . မင်းအိမ်က ညွှန့်သည်မိန်းကလေးကို ဂရုစိုက်၊ ငါလဲ ထန်းရည်အိုးတွေ ချရဦးမယ်"

ဘသိုက်သည် ကိုပေသီး၏အလုပ် အနှောင့်အယှက်ဖြစ်မည်စိုး၍ စကားဖြတ်ကာ ပြန်လာခဲ့ရသည်။ သူသည် ကိုပေသီးနှင့် တွေ့မှ ပို၍စိတ်ပူလာရသည်။ ယခုဆိုလျှင် သူနှင့် စံထွန်းတို့မှာ ရန်ငြိုးအကြီးအကျယ် ဖြစ်ပွားသွားပြီ၊ အနည်းဆုံးတော့ စံထွန်းသည် သူ့လက်ကို ဆေးကုရတော့မည်။

သူသည် အိမ်ဖက်သို့ ပြန်လျှောက်လာကာ သူ့ခြံထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်သည့်အချိန်တွင် သူ့အမေနှင့် နန္ဒာသင်းတို့အမေက မီးဖိုထဲမှာ ထမင်းဟင်းချက်ရင်း စကားပြောနေကြသည်။

နန္ဒာသင်းကတော့ အောက်ထပ်တွင် ထိုင်ကာ အိမ်ရှေ့သို့ကြည့်နေ၏။ သူဝင်လာမှ သူ့ကိုပြုံးပြသည်။ နန္ဒာသင်း၏ အဖေ ဦးမောင်ကြီးနှင့် ဦးဘလေးတို့ ရွာပြင်လမ်းမသို့ အညောင်းပြေအညာပြေ လမ်းလျှောက်ထွက်သွားကြသည်ဟု ဆိုလေသည်။

"ဘယ်သွားတာလဲ ကိုသိုက်ရဲ့"

"ဒီနားတင်ပါ"

"သင်းက ကိုသိုက် လျှောက်သွားလို့ စိတ်ပူနေတာ"

"ကိုသိုက်က အရေးမကြီးဘူး၊ အခု သင်းက အရေးကြီးနေတယ်"

"ဘာအရေးကြီးတာလဲ"

"သင်းက ကိုသိုက်တို့ ရန်ဖြစ်တာကို မျက်မြင်သက်သေမဟုတ်လား၊ ဒီတော့ စံထွန်းက သင်းကို တစ်နည်းနည်းနဲ့ အန္တရာယ်ရှာလာနိုင်တယ်"

"ရှင်"

စံထွန်းဆိုသည့်အသံကြားသည်နှင့် ကြောက်လွန်းသောကြောင့် မျက်လုံးလေးဝိုင်းကာ နန္ဒာသင်း ထိတ်လန့်သွားသည်။

"ကဲ . . အဲဒီတော့ သင်း ဒီအိမ်ထဲက အိမ်ပြင်မထွက်နဲ့၊ တတ်နိုင်ရင်တော့ အပေါ်ထပ်တက်ပြီး ကိုယ့်အခန်းထဲမှာ ကိုယ်နေ"





"ဒီလောက်တောင်ပဲလား"

"ဟုတ်တယ် . . ဒီကောင်က ဘယ်လိုမှ စိတ်မချရဘူး၊ သူ့မှာ လူဆိုးလူမိုက်တွေလဲ တိတ်တိတ်ပုန်းမွေးထားတာ ရှိတယ်ပြောတယ်၊ ဘာပဲဖြစ်ဖြစ် ကိုသိုက် မရှိရင် သင်း အစစအရာရာ ဂရုစိုက်ပါ"

"ကိုသိုက်က ဘယ်သွားမလို့လဲ"

"အင်း . . ကိုသိုက်က သူကြီးအိမ်က လာခေါ်ရင် ဖြေရှင်းရလိမ့်မယ် ထင်တယ်၊ သူကြီးက ကိုသိုက်ပြောတာ ကျေနပ်ရင်တော့ ပြန်လွှတ်မှာပဲ၊ မကျေနပ်ရင်တော့ သူ့အိမ်နောက်က အချုပ်ထဲ ထည့်ချင်ထည့်ပြီး စစ်ဆေးနိုင်တယ်"

မီးဖိုထဲသို့ လှည့်ကြည့်လိုက်သောအခါ ဒေါ်ငွေရှင်နှင့် ဒေါ်မြနန္ဒာတို့က သူတို့နှစ်ဦး စကားပြောနေသည်ကို ဂရုစိုက်နေသည်ကို တွေ့ရကြောင်းနန္ဒာသင်းက ထွန်ခြေဆည်ကာ မျက်ရိပ်ပြလိုက်သည်။

နန္ဒာသင်း မျက်ရိပ်ပြသည်ကို ကြည့်ကာ ဘသိုက်က နားလည်သည့် အဓိပ္ပါယ်ဖြင့် အိမ်ပေါ်ထပ်သို့ တက်သွားလေသည်။

"နန္ဒာသင်း"

ဒေါ်မြနန္ဒာက လှမ်းခေါ်လေသည်။

"ဘာလဲ မေမေ"

"လာပါဦး"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာသင်း မီးဖိုနားသို့ ရောက်ရှိလာလေသည်။ နန္ဒာသင်းကို ဒေါ်ငွေရှင်က ချစ်မြတ်နိုးသောအကြည့်ဖြင့် ကြည့်နေသည်။

"သမီးနဲ့ သမီးအစ်ကိုနဲ့ ဘာတွေများ အရေးကြီးတဲ့စကားတွေ ပြောနေလဲ"

နန္ဒာသင်း၏ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားမိပါသည်။ သူတို့ပြောနေသည်ကို ရိပ်များရိပ်မိသွားပြီလားဟုလည်း ထင်လိုက်မိလေသည်။

"ဘာမှ မဟုတ်ပါဘူး မေမေရဲ့၊ ငယ်ငယ်က အကြောင်းတွေ ပြန်ပြောနေတာပါ"

"အေးအေး . . ညည်းအစ်ကိုက လက်ထပ်ဖို့ကိစ္စကို ဘာပြောလဲ"

ထိုမေးခွန်းကို မေးတော့မှပင် နန္ဒာသင်း၏မျက်လုံးအိမ်တွင် မျက်ရည်များ ဝေသီလာလေတော့သည်။ ဘသိုက်နှင့်လက်ထပ်ဖို့ကိစ္စမှာ မရေမရာဖြစ်ရသည့် ပြဿနာတစ်ရပ်က ပေါ်လာသောကြောင့် လွယ်လွယ်နှင့်နီးစပ်ဖို့ မလွယ်ဟု ထင်မိခံစားမိသောကြောင့် ဖြစ်လေသည်။

"ဒီရွာရဲ့အခြေအနေကလဲ မကောင်းသေးဘူးတဲ့၊ အဲဒီတော့ သမီးတို့ ချောင်းဦးရွာဖက်မှာ မင်္ဂလာပွဲလုပ်ရင်တော့ မဆိုးဘူး ပြောတာပဲ"

"ဟုတ်တယ် မြရေ . . ဒီရွာမှာက သူကြီးနဲ့ သူကြီးသားက နေရာတကာမှာ ကြီးစိုးနေတယ်၊ မင်္ဂလာဆောင်မယ်ဆိုရင်





လဲ ငွေကြေးကောက်ခံဦးမှာပဲ"

"ဘာဆိုင်လို့လဲ မရှင်ရဲ့"

"မြို့ပိုင်တို့ ရာဇဝတ်အုပ်တို့ ကိစ္စပေါ်လို့ ဒီရွာတွေဘက်လာရင် ဧည့်ခံဖို့ ရုံပုံငွေတဲ့၊ ရှင်ပြုတဲ့လူလဲ ထည့်ရတယ်၊ မင်္ဂလာဆောင်တဲ့လူလဲ ထည့်ရတယ်"

"ဒါကတော့ မတရားသက်သက်ပဲ မရှင်ရယ်၊ အရေးပိုင်အထိ တက်တိုင်ဖို့ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးမြို့ ဂုဏ်တန်ရပ်တွင် မောင်မောင်ကြီးနှင့် မောင်ရွှေအိုးတို့သည် မိဘများ သေဆုံးပြီးနောက် အမွေအဖြစ် ကျန်ရှိခဲ့သော ကျယ်ဝန်းခမ်းနားလှသည့် တိုက်အိမ်ကြီး ခြံကြီးနှင့်တကွ ဘဏ်တွင် ငွေသားသုံးသိန်းကျော်ခန့် အမွေကျန် ရရှိခဲ့ကြလေသည်။

မောင်မောင်ကြီးမှာ အိန္ဒိယ ပြည် ဒါဂျီလင်တက္ကသိုလ်တွင် ပညာသင်ကြားပြီးနောက် ဘူမိဗေဒဘွဲ့ဖြင့် မြန်မာပြည်သို့ ပြန်ရောက်လာသူ ဖြစ်လေသည်။

သူသည် မန္တလေးမြို့ရှိ ကျောက်မျက်ရတနာဈေးကွက်တွင် ရာဖြတ်အနေဖြင့်လည်းကောင်း၊ ပွဲစားအနေဖြင့်လည်းကောင်း အပျင်းပြေလုပ်ကိုင်လျက် ရှိလေသည်။

မောင်ရွှေအိုးကတော့ ကျောင်းပညာ ခလေးငါးခြောက်တန်းသာတတ်ပြီး မိဘများက အလိုလိုက်ထားသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကတည်းက ခပ်ပျော်ပျော်သာ နေတတ်လေ့ရှိသူဖြစ်သည်။

သူသည် အနုပညာလည်း ဝါသနာပါ၍ ဆွမ်းသိမ်းပွဲ၊ ကထိန်လှည့်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူပွဲများတွင် ဦးရွှေရိုးအက၊ သူငယ်တော်အကများကို ဝါသနာအလျောက် ကလေ့ရှိသည်။

အပေါင်းအသင်း သူငယ်ချင်းလည်း စုံသည်။ သူသည် မန္တလေးမြို့တွင် စိန်ပန်းရပ်၊ မျက်ပါးရပ်မှအစ ခင်မင်သူပေါ၍ ငွေကြေးချမ်းသာသော်လည်း ကြံသလိုနေ ကြံသလိုစားတတ်သူ ဖြစ်၏။

မောင်မောင်ကြီးမှာ ခေတ်ပညာတတ်လည်းဖြစ်၊ ငွေကြေးချမ်းသာသူလည်း ဖြစ်သောကြောင့် သူ့ညီ ရွှေအိုးကို ထိုသို့ မနေထိုင်စေချင်ပေ။ သူမရှိပါက ဤခြံနှင့်တိုက်အပါအဝင် ငွေကြေးများကို လွှဲပေးခဲ့ရမည့်ဖြစ်ရာ တည်တည်တန့်တန့် စီးပွားရေးလုပ်ငန်းတစ်ခုခုဖြင့် နေထိုင်စေချင်လေသည်။

"ရွှေအိုး"

"ဗျာ"

"မင်း ဘာလုပ်မှာလဲ"

"ကျွန်တော် ဘာမှ မလုပ်ဘူး၊ အပြင်သွားမလို့"

"ထမင်းကရော"

"ထမင်းလဲ ရောက်တဲ့နေရာ ဖြစ်သလိုကြည့်စားလိုက်တာပေါ့ အစ်ကိုကြီးရာ"





"သူများဆီ လျှောက်မစားပါနဲ့၊ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဝယ်စားစမ်းပါ၊ မင်းမှာ သုံးဖို့ငွေရှိသေးရဲ့လား"

"ရှိပါတယ် အစ်ကိုကြီးရ၊ အစ်ကိုကြီး ကျွန်တော့်အံဆွဲထဲ ထည့်ပေးထားတဲ့ငွေတွေ တစ်ဝက်တောင် မကျိုးသေးဘူး"

"အေးအေး . . လျော့ရင် ငါထပ်ဖြည့်ထားလိုက်မယ်၊ ဒါပေမယ့် ခဏနေပါဦး ဧည့်ခန်းမှာ ခဏထိုင်ပါဦးကွ"

ရွှေအိုးက မျက်နှာရှုံ့မဲ့ကာ ―――ထွက်ရန် လဲထားပြီးသား အင်္ကျီလုံချည်နှင့် ဧည့်ခန်းတွင် ဝင်――ထိုင်လိုက်ရလေသည်။

"မင်းလဲ အခု အသက်လေးဆယ် ပြည့်တော့မယ်၊ မင်းကို ငါ အိမ်ထောင်လေး ဘာလေးလဲ ချပေးချင်တယ်"

"ဗျာ . . အစ်ကိုကြီး၊ ခင်ဗျားက ကျွန်တော့်ပဲ ပြောနေတယ်၊ အစ်ကိုကြီးကျတော့ရော ဘာလို့ အိမ်ထောင်မပြုသေးတာလဲ"

"ဒါတော့ကွာ"

မောင်မောင်ကြီးက သက်ပြင်းချလိုက်သည်။ သူသည် ဤတစ်သက်တွင် အိမ်ထောင်ပြုဖို့ စိတ်မဝင်စားတော့ပေ။ သူ အလွန်ချစ်မြတ်နိုးသော မိန်းကလေးတစ်ဦးကို ဆယ်ကျော်သက်အရွယ်က မဟာမြတ်မုနိဘုရားဝင်းထဲတွင် တွေ့ခဲ့ဖူးသည်။

မိန်းကလေး၏မိဘများမှာ နိဗ္ဗာန်ကုန်ခေါ် ဘုရားကြီးစောင်းတန်း၌ ရုပ်တုဆင်းတုများကို စစ်စေးသုတ်ခြင်း၊ ရွှေချခြင်း၊ ပန်းပုထုခြင်းတို့ကို လုပ်ကိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးသည် မဟာမြတ်မုနိခေါ် ဘုရားကြီးသို့ နံနက်စောစောတွင် အမြဲ ဘုရားလာဖူးလေ့ရှိသည်။ ထိုစဉ်က ဟိုက်စကူးကျောင်းထွက် လက်မှတ်ရခါစဖြစ်၍ ဒါဂျီလင်တက္ကသိုလ်တွင်ပို့ကာ စာပေသင်ကြားနိုင်ရန် သူ့အဖေက စီစဉ်နေဆဲ ဖြစ်လေသည်။

မောင်မောင်ကြီး၏အဖေမှာလည်း ထိုခေတ်က အထူးကျော်ကြားလှသော ရှေ့နေကြီး 'ဦးနေကျော်' ဖြစ်ရာ မာနလည်းကြီး၍ ဒေါသလည်း ကြီးလေသည်။

မောင်မောင်ကြီးအတွက် ဒါဂျီလင်တက္ကသိုလ်မှ မိတ်ဆွေများနှင့် ဆက်သွယ်နေချိန်မှာပင် မောင်မောင်ကြီးက မဟာမြတ်မုနိဘုရားသို့ အိမ်မှကားဖြင့် နံနက်စောစော သွားလေ့ရှိသည်ဆိုတော့ မသင်္ကာဖြစ်လာသည်။

"မောင်မောင်ကြီး"

"ဗျာ"

"မင်း မနက် မနက် ဘုရားကြီးကို အစောကြီးသွားတာ ဘာသွားလုပ်နေတာလဲ"

"ဘုရားဖူးတာပါ အဖေ"

ဦးနေကျော်က ရှေ့နေပီပီ ရယ်မောလိုက်သည်။

"ဟား . . ဟား . . ဟား . . အိမ်က ဘုရားစင်တော့ ညစဉ်မှန်မှန် ဘုရားမရှိခိုးတဲ့ကောင်က ဘုရားကြီးကို နံနက်တိုင်း သွားရှိခိုးတာ အကြောင်းတစ်ခုခုတော့ ရှိရမယ်လေ"





"နံနက်ဘက် ဘုရားရှိခိုးရတာ ကြည်နူးဖို့ကောင်းလို့ပါ အဖေရာ"

"အေး . . အေး လူဆိုတာ ပုန်းကွယ်ပြီးလုပ်လို့ ဘာမှ မရဘူးကွ၊ မဟုတ်တာကို တိတ်တိတ်လုပ်တဲ့သူဟာ တစ်နေ့တော့ ပေါ်တာပဲ၊ ခုတော့ မင်းလုပ်ချင်တာတွေ လုပ်ဦးပေါ့ကွာ"

ရှေ့နေကြီး ဦးနေကျော်မှာ သားဖြစ်သူ မောင်မောင်ကြီးအား ငယ်စဉ်ကတည်းက ကျေးမွေးစောင့်ရှောက်လာခဲ့သူပီပီ ခပ်တည်တည်ဖြင့် ပြောလိုက်လေသည်။

မောင်မောင်ကြီးသည်ကား နိဗ္ဗာန်ကုန်ဆိုင်မှ မိန်းမချောလေးနှင့် ထိုအချိန်က ဘုရားကြီးရှိ တန်ဆောင်းတွင် တွေ့ဆုံကာ ချစ်ကြိုးသွယ်နေကြချိန်ပင် ဖြစ်လေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

"မောင်မောင်"

"ဗျာ"

"မောင်မောင်တို့အဖေက ချမ်းသာတယ်ဆို"

"ဘယ်သူပြောလဲ မြရယ်"

"အို . . လူတွေ ဒီလိုပဲ ပြောနေကြတာပဲ၊ ပြီးတော့လဲ ဘာလဲ ဝတ်လုံတော်ရ ဆိုလား ဘာဆိုလား"

"အဲဒါ ဘာဖြစ်သလဲ မြရဲ့"

"မြဲတော့ သိပ်စိတ်ပူတာပဲ"

သူမကိုသူမ မြဟု အဖျားဆွတ်ကာ ကန့်ကယ ပြောနေသော မိန်းမပျိုက မောင်မောင်ကြီး၏ ရင်ခွင်ထဲတွင် လျော့မိကာ နေနေလေသည်။

"မြ စိတ်ချပါ . . မောင်မောင်က မြကလွဲရင် ဘယ်မိန်းကလေးကိုမှ လက်မထပ်ဘူး၊ ဒီတစ်သက်မှာ မောင်မောင် လက်ထပ်မယ့် မိန်းကလေးဟာ မြပဲ၊ မြနဲ့လွဲရင် မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနဲ့မှ လက်မထပ်ဘူး စိတ်ချ"

"တကယ်ပြောတာလား မောင်မောင်"

"တကယ်ပြောတာပေါ့"

"ဒါဆိုရင် မြတို့ အလုပ်နားတဲ့ လပြည့်နေ့မှာ အမရပူရက တောင်သမန်အင်းကို သွားလည်ကြရအောင်နော်"

မန္တလေးမြို့နှင့် အမရပူရမြို့သည် မဝေးလှ။ မန္တလေးမှ စစ်ကိုင်းသို့ သွားသောကားလမ်းပေါ်တွင် အမရပူရမြို့ရှိသည်။

ထိုအမရပူရမြို့တွင် ဦးပိန်တံတားနှင့် တောင်သမန်အင်းမှာ သာယာလှပလှသည်။ တောင်သမန်အင်းထဲရှိ မယ်ဇယ်ပင်တန်းကြီးများမှာလည်း ကျက်သရေ ရှိလှလေသည်။

မောင်မောင်ကြီးသည် ချစ်သူနှင့် ဤကဲ့သို့ တစ်ကြိမ်မျှ မလည်ဖူးချေ။ မြဆိုသော မိန်းမပျိုမှာလည်း ဤကဲ့သို့ မစွန့်စားဖူးချေ။ မောင်မောင်ကြီး၏ လက်ကလေးကိုဆွဲကာ လိုက်ပါလာရခြင်းသည်ပင် သူမ၏ရင်ထဲ၌ လှိုက်ဖိုကာ နွေးထွေးလျက်ရှိနေလေသည်။

ဦးပိန်တံတားသို့ရောက်ရန် ကားလမ်းမှ ရွာကလေးကိုဖြတ်ကာ ဘုန်းကြီးကျောင်းဘေးရှိ တောင်မင်းကြီးစေတီသို့ လာရသည်။

"မြ"

"ရှင်"





"ဒီတောင်မင်းကြီးစေတီကို ဖူးဖူးလားဟင်"

"မဖူးဘူးသေးဘူး၊ မောင်မောင်ဖူးရင် မြလဲဖူးမယ်လေ"

"အပြန်မှ ဖူးတာပေါ့နော်"

"မောင်မောင့်သဘောပဲ"

နှစ်ယောက်သား ဦးပိန်တံတားပေါ်သို့ တက်လာခဲ့ကြသည်။ ဦးပိန်တံတားသည် ဘေးနှစ်ဖက်တွင် အကာမရှိ။ မိုးတွင်းဖြစ်၍ တံတားအောက်တွင် ရေများပြည့်လျက် ရှိနေလေသည်။

မြသည် မောင်မောင်ကြီး၏ ဘယ်လက်မောင်းကို အားရပါးရ ဖက်ထားသည်။

"မြ သိပ်ကြောက်နေလား"

"အင်း . . တံတားက အကာမှ မရှိဘဲ မောင်မောင်ရဲ့"

"အို . . မြကလဲ၊ ကလေးကျနေတာပဲ အကာမရှိပေမယ့် ကျယ်ပါတယ် မြရဲ့"

"ရေတွေကို တံတားပေါ်က ကြည့်ရတာ ခေါင်းမူးလို့"

မြက မောင်မောင်ကြီး၏လက်မောင်းကို မိကာ ပြောလိုက်လေသည်။ ဦးပိန်တံတားပေါ်တွင် ဆောက်ထားသော ဇရပ်တစ်ဆောင်သို့ ရောက်လာသည်။ ထိုဇရပ်ထဲတွင် ထန်းလျက်၊ ငါးကြော်နှင့် ဘူးသီးကြော်များ ရောင်းသော ဆိုင်ရှိသည်။

"မြ . . ဟိုမှာ အကြော်ဆိုင်ရှိတယ်၊ မြစားချင်စားလေ"

"ဟင့်အင်း . . မစားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မြ မဆာဘူးလား"

"မောင်မောင့်မျက်နှာကို ကြည့်နေရရင် မြ ဘယ်တော့မှ မဆာဘူး"

"မြကတော့ ပိုပြီ"

"တကယ်ပြောတာပါ မောင်မောင်ရယ်၊ မြ ရင်ထဲမှာလေ သောကအလုံးကြီး ရှိတယ် သိလား"

ဇရပ်လေးထဲတွင် နှစ်ဦးသား ဝင်၍ ထိုင်လိုက်ကြသည်။

"ဘာသောကတွေမှ မထားနဲ့၊ မောင်မောင်က မြကလွဲပြီး ဘယ်မိန်းကလေးကိုမှ လက်မထပ်ဘူးလို့ ပြောပြီးသား"

"မြက မောင်မောင့်ကို ယုံပါတယ်"

"ယုံရင်ပြီးရော"

"ဒါပေမယ့် မြက ကံကြမ္မာကို မယုံဘူး မောင်မောင်ရယ်၊ မြ သိပ်အားငယ်တာပဲ"

မြက မောင်မောင်ကြီးရင်ခွင်တွင် မှီကာ မျက်ရည်များ ဝဲနေသည်။

"မောင်မောင်လဲ မြကို အမြန်ဆုံးလက်ထပ်ချင်ပါတယ် ကွယ်၊ ဒါပေမယ့် မောင်မောင့်ဖေဖေက ဒါဂျီလင်တက္ကသိုလ်မှာ ကျောင်းတက်ဖို့ လွှတ်ရင် သွားရဦးမှာ၊ ဒီတော့ မြနဲ့မောင်မောင် နောက်လေးငါးနှစ်တော့ လွမ်းရဦးမှာပဲ"

မြက မောင်မောင်ကြီး၏ ရင်ဘတ်ကို တွန်းကာ ရင်ခွင်ထဲမှ ခေါင်းခွာလိုက်သည်။





"ဘာပြောတယ် မောင်မောင်၊ နောက်လေးငါးနှစ်ဟုတ်လား၊ အဲသည်လောက်သာ မောင်မောင်နဲ့မြ ခွဲနေရရင်တော့ မြလဲ သေမှာပဲ သိလား"

"မဟုတ်တာ မြရယ်၊ လေးနှစ်ဆိုတာ ခဏလေးကုန်သွားမှာပါ၊ ပြီးတော့ မောင်မောင် မန္တလေးကိုပြန်ရောက်လာရော၊ ဒီတော့ မြနဲ့ တင့်တောင့်တင့်တယ် လက်ထပ်၊ ဘယ်လောက်ပျော်စရာ ကောင်းသလဲ"

မြက တဟင့်ဟင့်နှင့် ငိုရှိုက်နေလေသည်။

"မြ . . ဟင် . . မြ ငိုနေတယ်"

"မြက မောင်မောင်နဲ့ ဘယ်တုန်းက အကြာကြီးခွဲဖူးလို့လဲ၊ မြတော့ သေမှာပါပဲ မောင်မောင်ရယ်"

"အို . . မပြောကောင်းတာတွေ မပြောပါနဲ့၊ တကယ်လို့ မောင်မောင်သွားဖြစ်ရင် မြက ဘုရား၊ တရားနဲ့ မောင်မောင် ကျန်းမာဖို့ ချောချောမောမော မြန်မာနိုင်ငံ ပြန်ရောက်ဖို့ ဆုတောင်းပေးနော်"

မြက ကလေးငယ်တစ်ဦးလို မျက်ရည်စများနှင့် ခေါင်းညိတ်ပြလေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီး တောင်သမန်အင်း သွားခြင်းကား အသွားကောင်း မဟုတ်ပါချေ။ အဘယ်ကြောင့်ဆိုသော် သူ့အဖေ ရှေ့နေကြီး ဦးနေကျော်ကို အမွေမှုတစ်ခု အပ်ထားသော အမှုသည်ကြီး ဦးသန်းတင်သည် ကျောက်တော်ကြီးဘုရားအတွင်းသို့ ဝင်လာသော မောင်မောင်နှင့်မြတို့ စုံတွဲကို တွေ့မြင်သွားလေသည်။

ကျောက်တော်ကြီးဘုရားမှာ လိုဏ်ပုံသဏ္ဍာန် တည်ထားရာ ထိုလိုဏ်မုခ်များ၏အပေါ်တွင် နံရံဆေးရေးပန်းချီများ ရှိသည်။ ထိုပန်းချီလက်ရာများမှာ သာယာဝတီမင်းလက်ထက် ကုန်းဘောင်ခေတ်ပန်းချီလက်ရာများ ဖြစ်၍ ထင်ထင်ရှားရှား ရှိနေသည်။

"ဟိုမှာ ကြည့်စမ်း . . မြ၊ လူရုပ်ကလေးတွေ ဓာတ်တော်လေးတွေ ရေးထားတာ ဘယ်လောက်ကောင်းလဲဟင်"

"အင်း . . ဒါဘယ်သူရေးထားတာလဲဟင် . . မြကလဲ ပန်းချီလုပ်ငန်းလုပ်တော့ ဟင်္သာပြဒါးတွေ များများသုံးထားတာပဲ၊ အဝါရောင်က နနွင်းကို ရေဖျော်သုံးတယ်ထင်ပါရဲ့. . . ပျက်ကုန်တာများတယ်"

"မြကတောင် ကိုယ့်ထက် ဆေးရောင်စပ်တာတွေ သိတယ်"

"ဩ . . သိမှာပေါ့ မောင်မောင်ရဲ့၊ မြက မောင်မောင်တို့လို သူဌေးသားမှ မဟုတ်တာ"





သူတို့အာရုံနှင့်သူတို့ ပြောဆိုနေကြသည်။ ကျောက်တော်ကြီးဘုရားရှေ့မှ ဘုရားရှိခိုးပြီး၍ ထိုင်နားနေသော ဦးသန်းတင်က သတိထားမိသွားလေတော့သည်။

"ဟင် . . ဒါ ရှေ့နေကြီး ဦးနေကျော်ရဲ့သားပဲ၊ အိမ်ထောင်များ ကျသွားပြီလား"

ပထမဆုံး ဦးသန်းတင်က ထိုသို့စဉ်းစားလိုက်မိလေသည်။ နောက်မှ

"မဖြစ်နိုင်ပါဘူးလေ၊ မင်္ဂလာဆောင် ခမ်းခမ်းနားနား ဖိတ်စာနဲ့ ဖိတ်မှာပေါ့၊ ဒါ သူ့သားအကြီးဆုံးပဲ၊ ကြည့်ရတာ ရည်းစားနဲ့ လာပုံရတယ်"

ရုပ်စုံပန်းချီများကို ကြည့်ပြီးနောက် ကျောက်တော်ကြီး ဘုရားဘက်သို့ မျက်နှာလှည့်ကာ ဝင်လိုက်သော မောင်မောင်ကြီးမှာ ဦးသန်းတင်၏ ဘေးတစောင်းမျက်နှာကို မှတ်မိသောကြောင့် ခြေလှမ်းတွန့်သွားသည်။

"ဟင်"

"ဘာဖြစ်တာလဲ မောင်မောင်"

"လာ . . လာ၊ ခဏ ဟိုက ဓာတ်ပေါင်းစုဘုရားဘက် သွားရအောင်"

ဦးသန်းတင်က မြင်တွေ့သွားသည် ဆိုခြင်းကို မောင်မောင်ကြီးက မရိပ်မိပေ။ သူသည် မြ၏လက်ကိုဆွဲကာ ကျောက်တော်ကြီးဘုရားပေါ်မှ ဆင်းလာခဲ့၏။ ထန်းပင်များရှိသော ဓာတ်ပေါင်းစုဘုရားဘက်သို့ သူထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ လှည့်ကြည့်လိုက်သောအခါတွင် ဦးသန်းတင်မှာ ဘုရားထဲက ထွက်လာသည်ကို တွေ့ရလေသည်။ ခတ်ပေါင်းစုဘုရားဘက်သို့ သူထွက်လာခဲ့သည်။ ကျောင်းတိုက်ပေါ်သို့ မြကိုခေါ်ကာ တက်လာခဲ့လေသည်။

ထိုကျောင်းတိုက်၏အမည်မှာ 'မေဃဝတီ'ကျောင်းတိုက်ဟု ခေါ်သည်။ နှစ်ထပ်သစ်သားကျောင်းလေးပင် ဖြစ်သည်။ ကျောင်းထိုင်ဆရာတော်က မောင်မောင်ကြီးကို သိသည်။ သူသည် မကြာခဏ ဤကျောင်းသို့ရောက်တတ်သောကြောင့် ဖြစ်၏။

"ဒကာလေးပါလား . . ဘယ်က မျက်စိလည်လာတာလဲ"

"ကျောက်တော်ကြီးဘုရားဖူးရင်း ဝင်လာတာပါ ဘုရား၊ အရှင်ဘုရားရော ကျန်းမာရေးကောင်းရဲ့လား"

"ကောင်းပါတယ် . . ဒကာလေးရယ်၊ ခြေထောက်တွေကတော့ အသက်ကြီးတော့ သိပ်ထောက်လို့ မကောင်းတော့ဘူး၊ ကိစ္စရှိလား"

"မရှိပါဘူး နေပူတာနဲ့ အရှင်ဘုရားကျောင်း ခဏဝင်နားတာပါ"

"အေး . . အေး နားနားနေနေ နေကြ"

ကိုရင်လေးများက ငှက်ပျောသီး၊ လက်ဖက်သုတ်နှင့် ရေနွေးကြမ်းအိုး ပန်းကန်များ လာချပေးသည်။

× × ×





ခဏကြာတော့မှ ကျောင်းပေါ်မှ ဆင်းလာလေသည်။ ဘုန်းတော်ကြီး ကျိန်းနေ၍ နှုတ်မဆက်တော့ပေ။ အောက်ရောက်တော့မှ

"ဘယ်လိုဖြစ်တာလဲ မောင်မောင်ရယ်၊ ကျောက်တော်ကြီးဘုရားထဲကနေ အတင်း မြလက်ကိုဆွဲလာတာပဲ၊ မြဖြင့် လန့်လိုက်တာ"

ဟုပြောလိုက်၏။

"လန့်စရာပဲ မြရဲ့ . . ဖေဖေ့အမှုသည်က ကျောက်တော်ကြီးဘုရားထဲမှာ ရှိနေလို့ သူတွေ့သွားရင် ဖေဖေ့ကို ပြန်ပြောမှာစိုးလို့"

"အို . . မောင်မောင်ကလဲ ပြောပြောပေါ့၊ မောင်မောင့်ဖေဖေကို ဒီလောက်ကြောက်ရသလား"

"အချိန်မတန်သေးဘဲ သိသွားရင် ဖေဖေက ဒေါသကြီးတယ်၊ တော်ကြာ မြနဲ့မောင်မောင်ကို မကွဲကွဲအောင် ခွဲမှာ"

"ဟင် ဒီလောက်တောင်ပဲ၊ မြအိမ်ကဆို မောင်မောင့်ကို ဘယ်လောက်ယဉ်ယဉ်ကျေးကျေး ဆက်ဆံသလဲ"

"ဟုတ်တယ် . . မြတို့မိဘတွေက ရိုးရိုးသားသားတွေကိုး၊ ဖေဖေကတော့ ပညာတတ်၊ ငွေရှိသလောက် မာနကြီးတယ် မြ၊ မောင်မောင်လဲ အဲဒါကို စိတ်ညစ်နေရတာပါပဲ"

"မောင်မောင်ရယ် မောင်မောင့်ပညာတွေလဲ မြ မလိုချင်ဘူး၊ မောင်မောင် ပညာမတတ်ချင်လဲ နေပါစေ၊ မြတို့တော့



www.burmeseclassic.com

www.burmeseclassic.com



ခွဲမသွားပါနဲ့နော်၊ မြကမောင်မောင့်ကို လုပ်ကျွေးပါ့မယ်နော် . . နော်''

မြက မောင်မောင်ကြီး၏လက်မောင်းကိုလှုပ်ခါ ပြောလေသည်။ မောင်မောင်ကြီးကတော့ ဘဝတွင် ရည်ရွယ်ချက်ကြီးမားသူ ဖြစ်သောကြောင့်

''ဒီလိုလဲ ဘယ်ဟုတ်မလဲ မြ၊ ဖေဖေက ကတိရှိပါတယ်၊ ဒေါ်ဂျီလင်မှာ လေးနှစ်ပညာသင်ပြီးရင် လုပ်ချင်တဲ့အလုပ်ကိုလုပ်၊ ယူချင်တဲ့မိန်းမကိုယူလို့ ကတိပေးထားတယ်၊ ဘာမှ မပူနဲ့''

''မြကတော့ လူတွေကို ဘယ်သူ့မှ မယုံဘူး မောင်မောင် မောင်မောင့်ကိုပဲ ယုံတယ်''

''မောင်မောင့်ကိုပဲ ယုံတယ်''

''ဟုတ်တယ်''

''ဒါဆိုရင် ပြီးရော၊ ဘာမှပူမနေနဲ့ ကျောက်တော်ကြီးဘုရားဖူးပြီး ပြန်ကြမယ်''

အမှန်တော့ ဦးသန်းတင်က သူတို့ကို မြင်မမြင် စိတ်မချရ၍ မောင်မောင်ကြီးစိတ်ထဲတွင်လည်း လေးလံသွားပါသည်။ သို့သော် သူဖွင့်ဟပြောလျှင် ချစ်သူ မြကလေးက ပို၍ဆိုးမည်ဖြစ်သောကြောင့် သူ့သောကကို သူ့ရင်ထဲမှာ မြုပ်နှံထားလိုက်သည်။

ထို့နောက် အမရပူရမှ မန္တလေးသို့ သူတို့ချစ်သူနှစ်ဦး မပျော်ရွှင်စွာ မြင်းလှည်းလေးနှင့် ပြန်လာလေသည်။ ဘုရားကြီးမှ





တဆင့် ဂုဏ်တန်ရပ်ရှိ သူတို့ခြံကြီးသို့ မောင်မောင်ကြီး ပြန်လာသောအခါတွင် ညနေစောင်းနေပြီ ဖြစ်လေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ရှေ့နေကြီး ဦးနေကျော်သည် ထိုနေ့တွင်မှ သူ့ကို အိမ်တွင် နေ့တစ်ဝက်ခန့် ထိုင်စောင့်နေသည်ကို တွေ့ရသည်။

''ကဲ . . မောင်မောင်ကြီးရေ၊ မင်းကိစ္စကတော့ အဆင်ပြေသွားပြီ''

''ဗျာ''

''မင်း ဒေါ်ဂျီလင်ကိုသွားဖို့ကိစ္စ အဆင်ပြေသွားပြီ၊ ဟိုမှာ ကျောင်းဝင်ခွင့်တွေလဲ လုပ်ပြီးပြီ၊ သင်္ဘောလက်မှတ်ပါဝယ်ပြီးပြီ၊ သဘက်ခါခရီးထွက်မယ့် သင်္ဘောနဲ့ မင်းလိုက်ရမယ်၊ အဆင်သင့်သာ ပြင်ထားပေတော့''

''ဗျာ . . ဟုတ်ကဲ့''

''ဘာကြောင်စီစီ ဖြစ်နေတာလဲ သားရဲ့၊ ဝမ်းမသာဘူးလား''

''ဝမ်းသာလွန်းလို့ပါ ခင်ဗျာ''

× × ×



www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာတော့ မောင်မောင်ကြီးသည် မြနှင့် ချစ်စကြင်နာစ မခွဲနိုင် မခွာရက် အချိန်ကလေးမှာပင် ရှိသေးသည်။ တောင်သမန်အင်းလို နေရာမျိုးတွင်မှာ လည်ပတ်ချင်ပါသေးသည်။ မဖြစ်တော့၊ မနက်စောစော ဘုရားကြီးမှာ ချိန်းဆိုထားသော မြကိုတော့ ထိုအကြောင်း ပြောပြရမည်။

သူ့အတွက် လိုအပ်သော ပစ္စည်းများကို ဦးနေကျော်သည် စာရင်းပြုကာ ဝယ်ယူဖို့လိုကြောင်း၊ မနက်ဖြန် အပြီးဝယ်ရမည်ဖြစ်ကြောင်း၊ ဈေးချိုကို စောစောသွားမှ ဖြစ်မည့်အကြောင်းများကို ပြောပြနေ၏။

မောင်မောင်ကြီးနားထဲတွင်ကား အိပ်မက်မက်နေသလိုလိုပင် ထင်မှတ်နေရလေတော့သည်။ သူသည် ဒါဂျီလင်တွင် ပညာသင်ကြားလိုသူလည်း မဟုတ်၊ မြဆိုသော အချစ်နှင့်မွေ့လျော်လိုသူသာ ဖြစ်လေသည်။

ထို့ကြောင့် တစ်ညလုံး အိပ်မပျော်ဘဲ ၅ နာရီလောက်တွင် အိမ်ထဲမှ ကားမောင်းထွက်လာခဲ့သည်။ သူ့ကားထွက်သွားသည်ကို ဦးနေကျော်သည် အပေါ်ထပ် ပြတင်းမှ လှမ်းကြည့်နေသည်ကို သူမသိပေ။

ဦးနေကျော်သည် သူ၏လက်စွဲတော် 'ဘခိုင်'နှင့် 'မြမင်း'တို့ကို နှိုးကာ ခေါ်လာသည်။ ပြီးတော့ မြင်းလှည်းဂိတ်မှ မြင်းလှည်းငှားလာခဲ့သည်။





ဘုရားကြီး၏တန်ဆောင်း ကျောက်စာရုံဘေးမှာတော့ မြက တရှုံ့ရှုံ့ငိုနေသည်။ မောင်မောင်ကြီးက ထိုင်ကာချော့နေသည်။

ထိုအခိုက်မှာပင်

"မောင်မောင်ကြီး မင်း သိပ်ဟုတ်တဲ့ကောင်၊ ဒါကြောင့် မင်းက ဒါဂျီလင်သွားရမှာ ဆုတ်ဆုတ်ဆိုင်းဆိုင်း ဖြစ်နေတာကိုး"

"ဟင်"

"အို"

"ဘခိုင် ဒီကောင့်ကိုခေါ်၊ ကားထဲသွင်း ငါလာအောင် မစောင့်နဲ့ အိမ်ခေါ်သွား"

"ဖေဖေ ကျွန်တော် ရှင်းပြပါရစေ"

"ဘာမှ မရှင်းနဲ့ လိုက်သွား"

ဘခိုင်နှင့် မြမင်းတို့ဆွဲခေါ်ရာ သူလိုက်ပါခဲ့ရသည်။ မျက်စိသူငယ်နှင့် ကျန်ခဲ့သော မြကို ဦးနေကျော်က ချော့မော့မေးကာ နိဗ္ဗာန်ကုန်ဆိုင်သို့ လိုက်ခဲ့လေသည်။

စီးပွားရေးအခြေအနေကို မေးမြန်းရာ ဆိုင်ငှား၍လုပ်ရကြောင်း၊ ကြွေးတင်၍ သိပ်မကိုက်ကြောင်း ရိုးသားစွာပြောသည်ကို ဦးနေကျော်က နားထောင်ကာ ပြန်လာခဲ့လေသည်။

မောင်မောင်ကြီး ဒါဂျီလင်သို့ ထွက်သွားစဉ်မှာပင် ထိုဆိုင်လေးကိုဝယ်ယူရန် မိတ်ဆွေတစ်ယောက်ကို တိုက်တွန်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မြတို့မိသားစုကို ငွေတစ်သောင်း ရင်းနှီးစားဖို့ပေးကာ ရွှေဘိုနယ်ဖက်သို့ ထွက်ခွာရန် တောင်းပန်စေခိုင်းလေတော့သည်။

လေးနှစ်ကြာ၍ မောင်မောင်ကြီး ပြန်လာသောအခါတွင် 'မြ'ကို မန္တလေး၊ မုံရွာ၊ မေမြို့တို့တွင် ရှာ၍မတွေ့ရတော့ပါချေ။



နေသီဟသည် သူတို့နေထိုင်သော တောင်စောင်းပေါ်ရှိ အိမ်ထဲသို့ မြင်းကိုဆွဲကာ တက်လာခဲ့သည်။ သူ၏အစိမ်းနုရောင် ပိုးအင်္ကျီတွင် ရွှံ့စက်များက မြင်မကောင်းအောင် စင်လျက်ရှိနေလေသည်။

မိုးကုတ်ဈေးနားမှ ဖြတ်လာခဲ့ရာ အကောင်းစားပိုးအင်္ကျီတွင် ရွှံ့များပေကျံနေသောကြောင့် မိန်းမပျိုများက ပြုံးစေ့စေ့ဖြင့် ကြည့်ကြသည်။ နေသီဟကတော့ ထိုအကြည့်များကြောင့် ပို၍ ဒေါသထွက်လာခဲ့မိလေသည်။

"ဟင်း . . ဒါတောင် ငါ့ကို တောင်းပန်စကား မပြောဘူး၊ သူကပဲ ရန်ပြန်တွေ့နေသေးတယ်၊ နဂါးကျင်းကိုပိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတွေဟာ တော်တော်ရိုင်းတာပဲ''

စိုးသီဟမှာ ''ကျောက်မျက်ရတနာ''ဆိုင်မှ အိမ်သို့ စောစောပြန်ရောက်ကာ ရေချိုးနေပြီ ဖြစ်လေသည်။ သူတို့ညီအစ်ကိုနှစ်ယောက်လုံးမှာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြလေသည်။ ရုပ်အဆင်းမှာလည်း အတော်ပင် ဆင်လေသည်။

စိုးသီဟတွင် မျက်ခုံးထူထူ၊ မေးရိုးမှာ နှစ်ခုဆက်ထားသကဲ့သို့ အလယ်တွင် အချိုင့်လေးရှိနေ၏။ နေသီဟတွင် ထိုကဲ့သို့ပင် တူနေလေသည်။

မျက်လုံးများမှာ တောက်ပပြီး နှစ်ယောက်လုံး ဆံပင်ကို သေသေသပ်သပ်ဖြီးကာ ထားကြ၍ ညီအစ်ကိုနှစ်ဦး ယှဉ်၍သွားလျှင် အလုံးတူ အရုပ်တူဖြစ်သောကြောင့် အမြွှာညီအစ်ကိုလားဟု ထင်မှတ်ဖွယ်ရှိနေလေသည်။

ကွာခြားသည်မှာ စိုးသီဟ၏ ညာဖက်နားထင်တွင် သေးငယ်သော မှည့်နီလေးတစ်လုံးသာပါ၍ ထိုမှည့်အနီလေးမှာလည်း အနီးကပ်ကြည့်ပါမှ သိသာသည်ဖြစ်လေရာ ညီအစ်ကိုနှစ်ဦးမှာ အတော်ပင်ဆင်တူသည်ဟု ပြောရလေတော့မည်။ မိုးကုတ်ဈေးထဲမှ လူများမှာ မကြာခဏပင် သူတို့ညီအစ်ကိုနှစ်ယောက်ကို လူမှားတတ်ကြသည်။

''မင်းက စိုးသီဟလား နေသီဟလား''

''ကျုပ်က နေသီဟပါ''

ခပ်တည်တည်ပင် ပြောသောကြောင့် ခေါ်ပုတ်နှင့် ရှမ်းချဉ်များရောင်းသော ဆိုင်က ဘာမှမပြောဘဲ ငေးကြည့်နေလေသည်။





''အလကားပြောတာပါဗျာ . . ကျုပ်က မနေ့က ခင်ဗျား . ဆီက ခေါ်ပုတ်တွေ ယူသွားတဲ့ စိုးသီဟပါ၊ ရော့ . . ဒီမှာ ခေါ်ပုတ်ဖိုးတွေ လာပေးတာ''

စိုးသီဟက ပိုက်ဆံထုတ်ပေးတော့မှ အံ့အားသင့်သွားလေသည်။

''အေးကွာ . . မင်းတို့ ညီအစ်ကိုနှစ်ယောက်က အမြွှာကျနေတာပဲ''

''အမြွှာတော့ မဟုတ်ပါဘူးဗျာ၊ နေသီဟက ကျွန်တော့်ထက် ၃ နှစ်လောက် ငယ်ပါတယ်၊ ဒါပေမယ့် ကြီးလာတော့ ရွယ်တူလို ဖြစ်လာတော့တာကိုး''

ရှမ်းပစ္စည်းများ ရောင်းသော ဈေးသည်ကြီးက 'ဟုတ်ပ' 'ဟုတ်ပ'ပြောရင်း ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော ရှမ်းချဉ်များကို ယင်မနားရအောင် ယပ်ခတ်နေလေသည်။

နေသီဟနှင့် စိုးသီဟသည် ရုပ်ချင်းဆင်သော်လည်း စိတ်သဘောထားချင်းကတော့ ဆန့်ကျင်ကွာခြားလှသည်။ စိုးသီဟက စိတ်ရှည်သည်၊ မည်သူ့ကိုမဆို စကားချိုချိုသာသာ ပြောတတ်သည်။ သူ့ညီထက် ပေးကင်းတတ်သည်။

'စိုးသီဟ'ကို တွေ့သူများက ခင်မင်သွားကြ၍ ဦးဟန်ရွှေ ရွှေပန်းတိမ်နှင့် ရတနာပစ္စည်းဆိုင်တွင် မိတ်တိုးကာ လာရောက်ဝယ်ယူကြသည်။ နေသီဟ ဆိုင်ထိုင်လျှင် ဝယ်နေကျ မိန်းကလေးများက ပြောပုံဆိုပုံကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"လာလာ . . ကိုစိုးလာမှ ဝယ်ကြမယ်"ဟု ဆိုကာ ထွက်သွားလေ့ရှိကြလေသည်။

ယခုလည်း အင်္ကျီတွင် ရွှံ့စင်လျက် မြင်းကိုဆွဲကာ ဝင်လာသော မျက်နှာညိုကာ ပုပ်နေသည့် 'နေသီဟ'ကို ကြည့်ရင်း စိုးသီဟသည် မြို့ထဲတွင် သို့မဟုတ် ကျောက်တွင်းတွင် တစ်ခုခုဖြစ်လာခဲ့ပြီဟု နားလည်လိုက်လေသည်။

"ဟေ့ . . နေသီဟ မျက်နှာလဲ မကောင်းပါလားကွ၊ ဘာဖြစ်လို့လဲ"

"ဟာ . . မပြောချင်ပါဘူးဗျာ၊ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းပဲ အစ်ကိုရ"

"ဘယ်သူလဲကွ၊ ဆောက်နဲ့ထွင်းတာ ဘာကိုထွင်းတာလဲ ပန်းပုရုပ်ကိုလား . . ဟား . . ဟား . . ဟား"

အနီရောင်အင်္ကျီလက်တိုကို ဖြူဝင်းသော လက်မောင်းသားများပေါ်သို့ လိပ်တင်ရင်း စိုးသီဟက မေးလိုက်သည်။

"ကျွန်တော်တို့ကျင်းရဲ့ရှေ့ ဆက်သွားရင် ထင်းရှူးပင်ကျော်တော့ နဂါးကျင်းတွေ ရှိတယ် မဟုတ်လား"

"အေး . . ဘာဖြစ်လဲ"

"အဲဒီကျင်းမှာ ပိုင်ရှင်ရောက်နေပြီ အစ်ကိုစိုးရ"

"ဒါများ ဆန်းသလားကွာ၊ ကျောက်တွင်းတွေက ဒီလိုပဲ ဝယ်လိုက်ရောင်းလိုက် လုပ်နေတာ၊ အခု အဲဒီကျင်းကိုဝယ်လိုက်တာက မန္တလေးက ဖေဖေ့မိတ်ဆွေလို့ ပြောတယ်၊ သိပ်





သဘောကောင်းတယ်"

"သိပ်သဘောကောင်းတယ် ဟုတ်လား"

"ဟုတ်တယ် . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲဗျ . . ကျုပ်ရင်ဘတ်ကို ကြည့်ပါလား ဘယ်လိုဖြစ်နေလဲဆိုတာ"

"အော် . . ဒါ ဆောက်နဲ့ထွင်းတာမှ မဟုတ်ဘဲကွာ၊ ရွှံ့စင်တာပဲ . . ဘာလဲ သူက မင်းတို့အလုပ်မှာ လာရှုပ်ရင်းနဲ့ မင်းကို ဖြုံးဆေးတဲ့ရေ ပက်မိတာလား"

"ကိုစိုး မသိဘဲ လျှောက်မပြောပါနဲ့ဗျာ၊ ကျုပ် စိတ်မရှည်ဘူး"

"မင်းကလဲ စိတ်က တယ်တိုတာကိုး၊ ကဲ ဘာဖြစ်ခဲ့သလဲ ပြော"

နေသီဟက မြင်းဇောင်းထဲသို့သွားကာ မြင်းကိုချည်ထားလိုက်သည်။ ပြီးနောက် သူ့အခန်းကို စိုးသီဟရှိရာသို့လာရင်း အင်္ကျီကို ကြယ်သီးဖြုတ်ကာ ပခုံးပေါ်သို့ တင်လိုက်လေသည်။

သူတို့ညီအစ်ကိုနှစ်ယောက်စလုံးမှာ စားပညာနှင့် လက်သိုင်းပညာများကို အမြဲမပြတ် ကစားလေ့ရှိသောကြောင့် ကိုယ်လုံးပြည့်ဖြိုးကာ လှပနေလေသည်။ အသားဖြူတာခြင်းလည်း တူ၍ နေသီဟက ပို၍ကျစ်လျစ်သည်ဟု ထင်ရလေသည်။

"ဒီလို ကိုစိုးရ . . ဟိုကောင်တွေက မနက်ဖက်ကို အပွင့်သေးတွေ ရတတ်တယ် မဟုတ်လား၊ အဲဒါကျောက်တွင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ သွားပြီးကြည့်နေတာပါ၊ အဲဒီလို ကျွန်တော်တို့ ဖြူးဆေးတဲ့နားကနေပြီး အဲဒီ နဂါးကျင်းပိုင်ရှင် မိန်းကလေး မြင်းစီးလာတယ်"

"နဂါးကျင်းပိုင်ရှင် မိန်းကလေး ဟုတ်လား"

စိုးသီဟက မျက်မှောင်ကြုံ၍ မေးသည်။

"အင်း . . သူက မိုးရွာထားတဲ့ ရေအိုင်ထဲက မြင်းဖြတ်စီးတာ ကျုပ်ရင်ဘတ်ကို လာစင်တော့တာပဲ"

"ဟား . . ဟား . . ဟား ငါသာ တရားသူကြီးဆိုရင် မင်းအမှု ရှုံးနေပြီ"

"ဘာဖြစ်လို့လဲ ကိုစိုး"

"မင်းဟာ ဖြူးဆေးနေတာကိုသာ အာရုံစိုက်နေရင် ရွှံ့စက်တွေက ကျောစင်ရမှာ၊ မင်း သူ့ကို လှည့်ကြည့်ပြီး ရပ်နေလို့ ရင်ဘတ်ကို စင်တာ၊ မင်းက ဘယ်လိုလုပ် နဂါးကျင်းပိုင်ရှင်မှန်း သိလဲ၊ နဂါးကျင်းပိုင်ရှင်ထဲ မိန်းမပါတယ် မကြားမိပါဘူး"

"ကျုပ်က ဒေါသထွက်ထွက်နဲ့ လိုက်ပြီး ရန်တွေ့တာပေါ့ဗျာ၊ ဒါပေမယ့် သူက ကျုပ်ကို ပြန်ပြီး ရန်ထောင်တယ်၊ တော်တော်ရိုင်းတဲ့ မိန်းကလေးပဲ"

"ဟိုး . . ဟိုး"

စိုးသီဟက လက်ကာပြသည်။

"ဘာလဲ အစ်ကိုက သူ့ဘက်က ရှေ့နေလိုက်မလို့လား"





"ရှေ့နေ လိုက်မလို့ မဟုတ်ဘူး၊ သူတို့ဟာ ကျင်းနားနီးချင်းတွေ ဖြစ်နေပြီ၊ နောက်မှ ပြောလဲရတယ်၊ ဘာလို့ ချက်ချင်းပြောတာလဲ . . ပြီးတော့ ပြောပုံဆိုပုံက လိုသေးတယ်"

"ဘာလဲ ကိုစိုးက ကျုပ်ကို ဘုကျတယ်လို့ ပြောချင်တာလား"

"အေးလေ . . နောက်တော့ မင်းနဲ့တွေ့ရမှာပဲ၊ ဖေဖေက သူတို့ပြောင်းလာပြီးရင် ထမင်းစားဖိတ်မယ် ပြောတယ်"

"ဗျာ"

"ဟုတ်တယ်"

"အဲဒီတော့ မင်းပြောတဲ့ မိန်းကလေးကို မေးကြည့်ရမှာပေါ့ . . သူ့နာမည်က ဘယ်သူလဲ"

"သဇင်နွယ်တဲ့"

"သဇင်နွယ်" ဆိုနာမည်ကို ရွတ်ကြည့်သည်။ စိုးသီဟရင်ထဲတွင် နွေးခနဲ ဖြစ်သွားသည်ဟု ထင်မှတ်ရ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

"ဘသိုက်ရှိလား . . ဘသိုက်"

ခြံဝမှ အော်ဟစ်ခေါ်လိုက်သံကြောင့် အပေါ်ထပ်မှ ဘသိုက်က ထွက်ကြည့်လိုက်သည်။ အခြားသူ မဟုတ်ပေ။

သူကြီးဦးအေးထွန်းက လွှတ်လိုက်သော ဆယ်အိမ်ခေါင်း ဦးသာရင် ဖြစ်သည်။ ဦးသာရင်သည် ဦးဘလေးတို့အိမ်သားများနှင့် ရင်းနှီးပြီးသား ဖြစ်သည်။ သို့သော် ယခု အိမ်သို့ အလာတွင် မျက်နှာထားက တင်းမာနေ၏။

ဦးဘလေးက

"ဟာ . . ဦးသာရင် ပါလား၊ ဘယ်က လှည့်လာလဲ၊ လာလေဗျာ . . ဒီမှာ အကြမ်းလေးဘာလေး သောက်ပါဦး"

ဟု ဖိတ်ခေါ်လိုက်သည်။

"မသောက်တော့ဘူး သူကြီးက လွှတ်လိုက်လို့ ဘသိုက်ကို ချက်ချင်း ခေါ်ခဲ့ပါဆိုလို့"





"ဘသိုက် ဟုတ်လား၊ ဘသိုက်က ဘာလုပ်ဖို့လဲ"

ဘသိုက်ကတော့ သိပြီး ဖြစ်ပါသည်။ သူ့သားနှင့် ရန်ဖြစ်သည့်ကိစ္စ စစ်ဆေးရန်ဖြစ်သည်။

"ကိစ္စမရှိဘူး အဖေ၊ သားလိုက်သွားမယ်"

ဘသိုက်က အင်္ကျီလဲကာ အိမ်ပေါ်မှ ဆင်းလာလေသည်။

"ကိုသိုက်"

လှေကားဆင်းခါနီးတွင် နန္ဒာသင်းက သူမအခန်းထဲမှ ပြေးထွက်လာသည်။

"ကိုသိုက် လိုက်သွားဦးမယ်၊ ကိုသိုက်မရှိတဲ့အချိန် ခြံဝင်းထဲကနေ အပြင်မထွက်နဲ့နော်၊ ကွမ်းသီးခြံထဲသွားရင်တောင် အစ်မတို့ကို ခေါ်သွား"

"အစ်မ"ဆိုသည်မှာ အမေကို ရည်ညွှန်းခြင်းပင် ဖြစ်လေသည်။ ဘသိုက်၏ ပြောပုံဆိုပုံ၊ နန္ဒာသင်းမှာကြားပုံတို့မှာ သက်ဘမကင်းဖွယ်ရာပင် ဖြစ်လေသည်။

ဦးသာရင်၏နောက်သို့ ဘသိုက်သည် ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။ ဦးဘလေးသည် ဘသိုက် နေ့လယ်က ဆုတောင်းပြည့်ဘုရားအသွားတွင် တစ်ခုခုဖြစ်ခဲ့ပြီဟု ဆိုသည်ကို ရိပ်မိလေသည်။

"သမီး နန္ဒာ ခဏလာပါဦး"

ဦးဘလေးက ရိပ်မိဟန်ဖြင့် နန္ဒာသင်းကို လှမ်းခေါ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ နန္ဒာသင်းက ခြံဝမှ မျက်စိတစ်ဆုံး ကြည့်လျက်နေရာမှ ဦးဘလေးနှင့် ဦးမောင်ကြီးတို့ ထိုင်နေရာ ရေနွေးကြမ်းဝိုင်းတွင် ကျုံ့ကျုံ့ကလေး ဝင်ထိုင်လိုက်၏။

"သမီး ဆုတောင်းပြည့်ဘုရားသွားတုန်းက တစ်ခုခု ဖြစ်ခဲ့တယ် ထင်တယ်၊ ဘဘကို မှန်မှန်ပြော"

"ဟုတ်တယ် . . သမီး၊ မောင်ဘသိုက်အတွက် ဖေဖေတို့ ကူညီနိုင်တာ ကူညီရအောင် သမီးက မှန်တာပြော၊ ဘသိုက်က ပြဿနာဖြစ်ရင် လူကြီးတွေဆူမှာစိုးလို့ သမီးကို မပြောနဲ့လို့ ပိတ်ထားမှာပဲ"

"ကဲ . . ဘာဖြစ်ခဲ့သလဲ သမီး"

"အရက်မူးပြီး သမီးကိုဆွဲဖို့ ယမ်းဖို့လုပ်တဲ့ သူကြီးသား စံထွန်းတို့နဲ့ ရန်ဖြစ်တယ် အဖေ"

"သူတို့က တမင်နှောင့်ယှက်တာလား"

ဦးမောင်ကြီးက မေးလိုက်သည်။

"ဟုတ်တယ် ဖေဖေ၊ သမီးကို သူတို့နဲ့ထားခဲ့ပြီး ကိုဘသိုက်ကို ထွက်သွားဖို့ပြောတယ်၊ သူတို့ဆီမှာလဲ ဓားတွေပါလာတယ်"

"တောက် . . စံထွန်း၊ ဒီကောင် တစ်နေ့တ ခြား ပိုပြီး ဆော်ကားလာပါရောလား"

"ဘယ်လိုလုပ်ကြမလဲ အဖေ"

"ခုမှတော့ ဘယ်လိုမှ လုပ်လို့ မရဘူး၊ သူတို့ မတရား





လုပ်သမျှ ခံရတော့မှာပဲ၊ ဘသိုက်က သူ့ပညာနဲ့သူ၊ ဟိုကောင်တွေက ဘာဖြစ်သွားလဲ"

"သူကြီးသား စံထွန်း လက်တစ်ချောင်းကျိုးသွားတယ် ဘဘ"

"ဟင် . . ဟုတ်လား"

"ဟုတ်တယ် ဖေဖေ၊ ကိုသိုက်ကို ဓားနဲ့ထိုးတာ ကိုသိုက်က ရှောင်ပေးပြီး ဓားကိုင်တဲ့လက်ကို ချိုင်းနဲ့ညှပ်ပြီး လိမ်ချိုးပစ်လိုက်တာ"

"အဲ . . ဖြစ်ရမယ်၊ ဒါဆိုရင်တော့ စံထွန်းရဲ့ရန်ငြိုးရန်စက ပိုကြီးသွားပြီ၊ သူ့အဖေ ဦးအေးထွန်းကလဲ ဘာပဲဖြစ်ဖြစ် လက်ရောက်မှုနဲ့ တရားစွဲထောင်ချမှာပဲ"

"ဒီလိုလုပ်လို့ ရသလား ဘဘ၊ သူတို့က ဓားနဲ့ မသေသေအောင် သတ်တာဖြတ်တာ ကျတော့ရော"

ဦးဘလေးက ခေါင်းခါလိုက်သည်။

"ဥပဒေက တို့ဘက်မှာ မရှိဘဲ၊ တ ခြားအကြောင်းပြမှာပေါ့၊ အင်္ဂလိပ်မင်းကို ပုန်ကန်လို့ ဆုံးမတာ၊ လက်မခံဘဲ ခုခံတယ်လို့ ဘာလို့နဲ့ ထောင်ထဲတော့ ဘသိုက် ရောက်တော့မှာပဲ"

"ဒုက္ခပါပဲဗျာ"

ဦးမောင်ကြီးက ညည်းတွားလိုက်သည်။

"ကျုပ်တို့ဘဝကလဲ တယ်ပြီး လူ့အောက်သူ့အောက်



www.burmeseclassic.com

www.burmeseclassic.com



ကျပါကလား၊ ဒီခေတ်ကြီးမှာတော့ ဘာလုပ်လုပ် သူတို့ရဲ့ကျွန်ဘဝက မလွတ်သမျှတော့ မတရားအကျင့်ခံရမှာပဲ"

ဦးမောင်ကြီးက စိတ်ပျက်သံဖြင့် ပြောလိုက်လေတော့၏။

အိမ်မှလူများ စိတ်ပူနေသကဲ့သို့ပင် သူကြီးခြံဝင်းတံခါးကြီးကို ခြံဝင်းရှိ အစောင့်က ဖွင့်ပေးလိုက်သည်။ ဦးသာရင်နှင့် ဘသိုက်တို့ ခြံထဲသို့ဝင်သွားပြီးသည့်နောက် ခြံတံခါးကြီးမှာ ပြန်၍ပိတ်သွားလေသည်။

သူကြီးဦးအေးထွန်းသည် သူ၏အိမ်သို့ မြို့ပိုင်များ ရာဇဝတ်အုပ်များနှင့် စစ်တပ်မှ သူပုန်များကို ရှာဖွေဖမ်းဆီးသူများ မကြာခဏ လာလေ့ရှိသောကြောင့် ခြံကို လုံ အောင်ခတ်ထားလေသည်။

တစ်ခါတစ်ရံလည်း လူဆိုးဓားပြများကို ခြံထဲရှိအိမ်နောက်မှ အချုပ်ဆောင်တွင် ဖမ်းဆီးချုပ်နှောင်ထားရာ အပြင်လူများ ဝင်၍မကောင်းပေ။ ထို့ကြောင့် သူ့ခြံပတ်ပတ်လည်မှာ သစ်လုံးများကိုစိုက ကာထားပြီး ခြံတံခါးကိုလည်း ဆယ်ပေအမြင့်မျှ ပြုလုပ်ထား၍ သစ်လုံးထိပ်များကိုချွန်၍ ထားခဲ့လေသည်။

ခြံစောင့်က အတွင်းမှ မင်းတုံးနှစ်ထပ်ဖြင့် ပိတ်၍ထားသောကြောင့် အပြင်မှလူသည် အသိမပေးဘဲ မည်သို့မျှ ဝင်၍မရပေ၊ ခြံစောင့်သည်လည်း သူကြီး၏အမိန့်ဖြင့် ဖွင့်ခိုင်းသူကိုသာ ဖွင့်၍ ဝင်ခွင့်ပေးလိမ့်မည် ဖြစ်ပေသည်။





အစည်းအဝေးများ၊ ရပ်ရွာကိစ္စများတွင် သူကြီးအိမ်သို့ ဘသိုက် ရောက်ခဲ့ဖူးသည်။ အိမ်မှာ ခြံ၏အနောက်ကို အတော်ဆုတ်၍ နှစ်ထပ်ဆောက်ကာ လေးပင်သုံးပင်ခန်းဖွဲ့ထားသည်။ အပေါ်ထပ်မှာ သူကြီးမိသားစုနေ၍ အောက်ထပ်မှာ အမှုစစ်သော တရားရုံးကဲ့သို့ ပြုလုပ်ထားသည်။

"ထိုင် ဘသိုက်"

ဟု သူ့ရှေ့ တရားခံထိုင်ခုံတွင် ထိုင်ခိုင်းလိုက်လေသည်။

"နေ့ခင်းက ငါ့သားစံထွန်းနဲ့ မင်းနဲ့ ရန်ဖြစ်ကြတယ်ဆို"

သူကြီးက မေးခွန်းတစ်ခုကို စ၍မေးလေသည်။ သူကြီးမှာ သက်တမ်းကြာ၍ အတော်ပင် တရားခံကို စစ်ဆေးတတ်သူဖြစ်သည်။

"ရိုးရိုးတန်းတန်း ရန်ဖြစ်ကြတာ မဟုတ်ပါဘူး"

ဘသိုက်က အဖြစ်အပျက်ကို ရှင်းပြလို၍ အစဖော်လိုက်သည်။

"ငါမေးတာပဲ ဖြေ ဘသိုက်၊ ငါက ရိုးတာ မရိုးတာကို မေးတာ မဟုတ်ဘူး၊ မင်းနဲ့ စံထွန်းနဲ့ ရန်ဖြစ်သလား၊ မဖြစ်ဘူးလား၊ ဒါပဲ မေးတာ၊ ဖြစ်ရင်ဖြစ်တယ်၊ မဖြစ်ရင် မဖြစ်ဘူးပေါ့"

သူကြီး၏မေးခွန်းက ပညာပါသည်။ သူသည် ရန်ပွဲဖြစ်သည့်အခြေအနေတစ်ခုလုံးကို မသိချင်ပေ။ ရန်ဖြစ်ခြင်းကိုသာ မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တယ် . . သူက ရန်စလို့ ဖြစ်တာ"

"ဟောလာပြန်ပြီ . . ငါက သူရန်စတယ်၊ မင်းက ရန်စတယ် ငါမမေးဘူး၊ မင်းတို့ ရန်ဖြစ်တာ မဖြစ်တာပဲ မေးတာ"

ဘသိုက် စိတ်မရှည်တော့ပေ။

"ဖြစ်တယ်ဗျာ"

"အေး . . အဲဒီလို ဝန်ခံမှပေါ့၊ ရန်ဖြစ်တော့ မင်းက လက်လွန်ပြီး ငါ့သားရဲ့ညာလက်ကို ရိုက်ချိုးလိုက်တယ်၊ ဒါ ထိခိုက်နာကျင်စေမှု မဟုတ်ဘူးလား ဟုတ်သလား"

မေးခွန်းတွေက သူ့အပြစ်တွေကိုသာ ဖော်မေးနေသည်။ နန္ဒာသင်းကို နှောင့်ယှက်ခြင်း၊ ဓားနှင့်ရန်စခြင်းကို ဘသိုက် ရှင်းပြ၍ မရပေ။ ဘသိုက်သည် အလိုလို စိတ်တိုလာသည်။

"အကြောင်းမဲ့တော့ မဟုတ်ဘူးဗျာ၊ သူတို့က ဓားတွေပါတယ်၊ ကျုပ်နဲ့ ပါလာတဲ့ မိန်းကလေးကိုလာပြီး နှောင့်ယှက်တယ်၊ ကျုပ်က အဲဒါကိုပြောတော့ သူတို့က အလျင်စပြီး ရန်ရှာတာပဲ"

သူကြီးက လက်ကာပြသည်။

"ဒါ မင်းပြောတဲ့ စကားလေ၊ မင်းပြောတဲ့ စကားတိုင်း ငါက ယုံရမှာလား၊ ငါ့သား စံထွန်းက ပြောတော့ မင်းက သူ့ချိုမိန်းကလေးတစ်ယောက်နဲ့ ဆုတောင်းပြည့်ဘုရားမှာ အင်္ဂလိပ်မင်းကို ပုန်ကန်ဖို့ လူစုခိုင်းတယ်တဲ့လေ"

"ဟာ . . မဟုတ်တာ၊ ကျုပ် ဒီအလုပ်ကို ဘယ်တော့မှ မလုပ်ဘူး"





ဆယ်အိမ်ခေါင်းဦးသာရင်မှာ ဘသိုက်နောက်တွင် ရပ်စောင့်နေလေသည်။ သူ သူကြီးအမိန့်ကို စောင့်နေခြင်းပင်ဖြစ်သည်။

"ခု ငါ့သားက မြို့ဆေးရုံမှာ ကျောက်ပတ်တီးကိုင်ဖို့ သွားနေတယ်၊ ဒီတော့ မင်းတစ်ဖက်သက် ငြင်းလို့ ငါလက်မခံဘူး"

"ဦးလေးသားကသာ လိမ်ချင်လိမ်မယ်၊ ကျုပ်က မလိမ်ဘူး"

ဘသိုက် ဒေါသထွက်ထွက်ဖြင့် အော်လိုက်သည်။

"အောင်မာ . မင်းက ငါ့ကိုတောင် ပြန်အော်တယ်ပေါ့၊ သူပုန်လုပ်ချင်တဲ့ကောင် . . ဟေ့ သာရင် သူ့ကို ဆုံးမလိုက်စမ်း"

ကျောက်ရုပ်လို မျက်နှာမျိုးဖြင့် ဦးသာရင်သည် လက်ထဲတွင် ခေါက်ကိုင်ထားသော ကြာပွတ်ကိုဆန့်ကာ ကျောပေးထိုင်နေသည့် ဘသိုက်ကို ရိုက်ချလိုက်လေသည်။

"ရှမ်း"

"တောက် . . ခင်ဗျားတို့ မတရားလုပ်ရက်ရင် လုပ်ကြပေါ့ကွာ၊ ကျုပ် မျိုးချစ်ခေါင်းဆောင်လူငယ် မဟုတ်ဘူး"

"သူ့ကို အချုပ်ခန်းထဲ ထည့်လိုက်"

× × ×



www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်သည်အထိ ဘသိုက် ပြန်မလာသောအခါ ဦးဘလေး၊ ဦးမောင်ကြီး၊ ဒေါ်ငွေရှင်၊ ဒေါ်မြနန္ဒာနှင့် နန္ဒာသင်းတို့ ငါးဦးလုံး စိတ်ပူလာကြတော့သည်။

"ကိုဘလေး သားကို သူကြီးကတော့ ပြဿနာရှာပြီထင်တယ်၊ ခုထိ ပြန်မလာပုံထောက်ရင်တော့ အချုပ်ခန်းထဲ ထည့်ထားပြီ၊ ရှင် လိုက်သွားမှ ကောင်းမယ်"

ဦးဘလေးမှာလည်း စိတ်မချမ်းမသာ ဖြစ်နေလေသည်။

"အေးကွာ . . သူတို့က မတရားလုပ်နေပါတယ်ဆိုတာ ဘသိုက်က ရန်မရှောင်ဘူး"

"ရှောင်လို့ရမလားတော့ . . ခဏခဏ အမြဲရန်မဖြစ်ဖြစ်အောင် စံထွန်းက ပြဿနာရှာနေတဲ့ဟာ၊ ကဲပါ . . ကျုပ်ပါလိုက်ခဲ့မယ်"

"ဟာ . . ကျွန်တော်လဲ မောင်ဘသိုက်ဆီ လိုက်ပြီး အကျိုးအကြောင်း မေးရမှာပေါ့"

ဦးမောင်ကြီးကပါ ဝင်ပြောလိုက်လေသည်။

"ကောင်းတယ် . . ရှင်တို့သုံးယောက် သွားချင်သွားကြ၊ လိုက်သွားတော့ အကျိုးအကြောင်း သိရတာပေါ့"

"ခြံတံခါးပိတ်ပြီးနေကြ၊ တို့ မကြာဘူး၊ ခုပဲ ပြန်လာမယ်၊ မြို့ပိုင်ရုံးကိုပို့ရင်လဲ ရှေ့နေလေး ဘာလေးငှားချင်ငှားရမယ်"

ဦးဘလေးက တွေးကာပြောလိုက်လေသည်။ အားလုံး စိတ်မကောင်း ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ခြံတံခါးလိုက်ပိတ်လိုက်"

ဒေါ်မြနန္ဒာက ခိုင်းလိုက်သည်။

"ဟုတ်ကဲ့"

သူကြီးအိမ်ရှိရာသို့ သူတို့သုံးယောက် ခပ်သွက်သွက် ထွက်လာကြသည်။ သူကြီးအိမ်တွင် ခြံတံခါးကြီးပိတ်ထားသည် ကို တွေ့ရလေသည်။ သူကြီးအိမ်ပေါက်ဝသို့ ရောက်သောအခါ ကား သစ်လုံးတံခါးကြီး စေ့ပိတ်ထားလေသည်။ ထုံးစံအတိုင်း ဦးဘလေးက ခြံတံခါးဝမှ အော်လိုက်သည်။

"သူကြီးရှိလား . . ဗျို့ သူကြီး"

"ဘယ်သူတွေလဲ"

တံခါးစောင့် အုန်းမောင်က မေးသည်။

"ဟာ တို့က ဘသိုက်ရဲ့မိဘတွေပါ၊ ဘသိုက် ပြန်မလာ လို့ ဘာကိစ္စလဲလို့ သိချင်လို့ လိုက်လာတာ"

ဦးဘလေးက အကျိုးအကြောင်း ပြောပြလိုက်လေ သည်။ သူကြီးအသံ ပေါ်လာသည်။

"ဦးဘလေးတို့ကို ဖွင့်ပေးလိုက်"

"ဟုတ်"

ခြံတံခါးစောင့်က ဖွင့်ပေးသောကြောင့် သူကြီး ခြံဝင်း ထဲသို့ ဦးဘလေးတို့သုံးယောက် ဝင်သွားလေတော့သည်။

× × ×



ဒေါ်မြနန္ဒာနှင့် နန္ဒာသင်းတို့နှစ်ယောက်သည် အိမ်ကြီး ထဲတွင် ကျန်ခဲ့ကြရာ ဦးဘလေးတို့အလာကို မျှော်၍နေကြလေ သည်။ ရာသီဥတုက တဖြည်းဖြည်းအေးလာသည်။ ဒေါ်မြနန္ဒာ က အအေးဓာတ်များလာလျှင် ကိုယ်လက်များ ကိုက်တတ်လေ သည်။

"အင်း . . ရေနွေးပူပူလေး သောက်ရရင်ကောင်းမယ်၊ မီးဖိုထဲမှာ မီးရှိသေးလား သမီး"

"ရှိတယ် . . ရေနွေးတစ်လုံး တည်ထားတာ ဆူလောက် ပြီ သမီး ဆင်းပြီး ထည့်ခဲ့မယ်"

အကြမ်းအိုးကိုယူကာ မီးတိုင်ခွက်ဖြင့် လှေကားမှ ဆင်း လာသည်။ မီးဖိုထဲတွင် အငွေ့တထောင်းထောင်းဖြင့် ဆူစပြု နေသော ရေနွေးအိုးကို တွေ့ရလေသည်။ အကြမ်းအိုးထဲထည့် ရန် မီးတိုင်ခွက်ကို ဘေးနားမှ တန်းပေါ်သို့ တင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေနွေးအိုးရှိရာ မီးဖိုသို့ အလှည့်တွင် သူမ၏မျက်နှာကို တစ်စုံတစ်ယောက်က အဝတ်တစ်ခုဖြင့် အုပ်ကာ ကိုင်လိုက်သည်။

"အ"

အော်ပင် မအော်နိုင်။ ခပ်အစ်အစ်အသံဖြင့်ပင် ခွေကျသွားသည်။ မီးဖိုထဲတွင် မည်သည့်ချိန်က ပုန်း၍စောင့်နေမှန်း မသိသော လူသုံးဦးသည် ပျော့ခွေကျသွားသော နန္ဒာသင်း၏ ကိုယ်ကိုပွေ့ကာ အိတ်အနက်ကြီးအတွင်းသို့ စွပ်လိုက်သည်။

ထို့နောက် မျက်နှာတွင် မျက်လုံးပေါ်ရုံ ဖောက်ထားသော လူတစ်ယောက်က နန္ဒာသင်း၏ သတိမရှိသော ကိုယ်ခန္ဓာကို ပခုံးပေါ်တွင်တင်ကာ ထမ်းလိုက်ပြီး ဘသိုက်တို့အိမ်နောက်ဘက် ကွမ်းသီးခြံထဲသို့ သယ်ယူသွားကြသည်။

လရောင်က မထွက်သေး၍ ကွမ်းသီးခြံထဲတွင် အဝတ်အိတ်အနက်ကြီးကို ထမ်းလာသော လူသုံးယောက်မှာ ဘေးမှ ခြံအကာဖောက်ထားသည့် နေရာမှထွက်ကာ တစ်ဖက်ရှိယာခင်းမှလမ်းပေါ်သို့ တက်လာခဲ့ကြသည်။ လမ်းပေါ်သို့အရောက်တွင် လှည်းတစ်စီးသည် အဆင်သင့်စောင့်နေ၏။ လှည်းမောင်းသမားက

"အဆင်ပြေရဲ့လား"

ဟု မေးလိုက်သည်။

"အားလုံးအဆင်ပြေတယ်"

လှည်းပေါ်သို့ အဝတ်အိတ်အမဲကြီးကို တင်လိုက်ကာ





ထိပ်မှ ချည်နှောင်ထားသော ရှုံ့ကြိုးကိုဖြေကာ မျက်နှာကိုဖော်ပေးလိုက်သည်။

"တော်ကြာ အသက်ရှူမရဘဲ သေသွားလို့ ကိုယ့်အပြစ်ဖြစ်သွားဦးမယ်"

ချစ်ပိုင်က လှည်းရုံတိုင်ကိုမှီကာ ပြောလိုက်လေသည်။ မောင်ထွေးကတော့ စီးကရက်တစ်လိပ်ကို မီးညှိကာ ဖွာရင်း

"ဒါဆိုရင် ဆရာစံထွန်း ခိုင်းထားတဲ့တာဝန် တို့ကျေပါပြီ၊ ဟိုကျရင် သောက်ရုံစားရုံပါပဲ"

ဟု ဝမ်းသာအားရ ပြောလိုက်လေတော့သည်။

လှည်းသည် မြစ်ဆိပ်တွင် ရပ်ဆိုင်းသွား၏။ ရှုံ့အိတ်ရှည်အနက်ကြီးကို ပြန်၍ချည်လိုက်ကြသည်။ သူတို့ငှားထားသော လှေကြီးပေါ်သို့ 'နန္ဒာသင်း'ကို ထည့်ထားသော အဝတ်ရှုံ့အိတ်အနက်ကြီးကို ဆောင်ယူသွားလေတော့သည်။ လှေကြီးမှာ ပေါင်းမိုးဖြင့် အတော်ကြီးမားလှသည်။

သူတို့သည် ထိုလှေနှင့် မန္တလေးမြို့သို့ သွားရမည်ဖြစ်သည်။ စံထွန်းမှာ မန္တလေးမြို့တွင် ဆေးကုသရင်း စောင့်ဆိုင်းကာ နန္ဒာသင်းကို မျှော်နေပြီဖြစ်လေသည်။

သို့သော် လောကကြီးတွင် မိမိတို့စီစဉ်သကဲ့သို့ မဖြစ်တတ်သည့် သဘာဝအတိုင်း သူတို့ငှားလာသောလှေမှာ အနည်းငယ်လှော်ခတ်၍ မြစ်ထဲ၌ ရေမိုင်လေးဖာလုံလောက် ရောက်ရှိလာပြီးနောက် ပဲ့ပိုင်းမှ ပေါက်နေကြောင်း သိရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ခက်ပြီဟေ့၊ ဖာထားတဲ့နေရာက ပွင့်တယ် ထင်တယ်၊ ရေတွေဝင်လာပြီ"

"ဟာ . . ခတ်ကြကွာ၊ ဒီမှာ ခွက်ရှိတယ်၊ တစ်ယောက် က နိုင်နိုင်ခတ်"

ပွဲထဲသို့ဝင်လာသော ရေများကို ကျားသစ်က ခပ်သည်။ ရေများက မနိုင်၊ လှေပေါက်က ကျယ်၍လား မသိ၊ ပို၍ ရေများ လာလေသည်။

"မဖြစ်ဘူးဟေ့ . . လှေကြီးက နစ်တော့မယ်၊ ကမ်း နားကို မြန်မြန်ကပ်"

ရေတွေခပ်ထုတ်ရင်း ကမ်းနားသို့ ကပ်ကြရသည်။ လ ရောင်က ထိန်ထိန်သာနေလေသည်။ ကြည့်ရသည်မှာ သူတို့ သည် မြစ်ငယ်ဘက်သို့ ရောက်လာပြီဟု ထင်ရသည်။ သစ် လုံးများဆင့်ထားသည့် ကမ်းနားကိုတွေ့ရသည်။

"ဟိုမိန်းကလေးကို မြန်မြန်ကမ်းပေါ်တင်ဟေ့၊ လှေထဲ မှာ ရေမွန်းပြီး သေနေဦးမယ်"

နန္ဒာသင်းကို ကမ်းပေါ်တင်စဉ်မှာပင် မြစ်ထဲမှ လက်နှိပ် ဓာတ်မီးဖြင့်ထိုးကာ ကင်းလှည့်လာသော ပတ်တရောင်းပုလိပ် လှေကို တွေ့လိုက်ရသည်။

"ဟေ့ . . ပြဿနာပဲ၊ ဟိုလှေက ပုလိပ်လှေကွ၊ ကောင် မလေးကို တစ်နေရာရာမှာ သွားဖွက်ထားစမ်း မောင်ထွေး မြန် မြန်လုပ်"





ကမ်းစပ်တွင် ချုံများရှိရာ ပုလိပ်များက ထိုချုံများကို တက်ကာ ရှာဖွေတတ်၍ ချုံများကိုဖြတ်ကာ သစ်လုံးများဆင့် ထားသည့် သစ်စက်သို့ သယ်သွားသည်။ သစ်ပုံတစ်ပုံ၏ အပေါ် သို့ နန္ဒာသင်းကို မျက်နှာဖွင့်ကာ တ စောင်းတင်ထားလိုက် သည်။

အောက်မှကြည့်လျှင် လူနှစ်ရပ်ကျော်ရှိသော ကျွန်းလုံး အရှည်ချိုင့်ထဲတွင် ချထား၍ လှမ်းမမြင်နိုင်ပေ။ မကြာမီ ပုလိပ် ဆာဂျင်တစ်ဦးခေါင်းဆောင်လာသော လှေက သူတို့လှေနား ဆိုက်လာသည်။

"ဟေ့ . . ဒီလှေက ဘာလှေလဲ"

"ခရီးသွားလှေပါ ခင်ဗျာ"

ချစ်ပိုင်က ဖြေလိုက်သည်။ လှေကို သူတို့က ကုန်းပေါ် ဆွဲတင်နေကြသည်။

"ဘာလို့ လှေကို ဆွဲတင်နေတာလဲကွ"

"လှေပေါက်လို့ ကမ်းကပ်ပြီး ဖာမလို့ပါ၊ ရေဝင်လို့ ဆက်လှော်လို့ မရတော့ဘူး"

လှေထဲသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။ လှေ ထဲတွင် မည်သည့်လက်နက်မျှ မပါ၍ ပုလိပ်ကင်းလှေမှာ ပြန် ၍ထွက်သွားလေတော့သည်။

"မြန်မြန်လုပ်ကွာ . . လှေပေါက်မှ ငှားလာရတာဆိုလို့ ပွေးညက်ပေါက်တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ကျားသစ် ဟိုဖက်မှာ သစ်ဖောင်ဆိပ်ရှိတယ်၊ သွားပြီးတော့ လှေကောင်းရှာကွာ၊ ဘယ်လောက်ပေးပေး ငှားလာခဲ့ရော့ . . တို့ ဒီကနေပြီး စောင့်နေမယ်"

တချင်ချင်မည်သော ငွေဒင်္ဂါးပြားများကို ချစ်ပိုင်က ထုတ်ပေးလိုက်သည်။ စံထွန်းက မစထား၍ သူတို့မှာ ငွေပေါ နေလေသည်။

× × ×

သစ်လုံးပေါ်မှ နန္ဒာသင်းမှာ မေ့ဆေးပြေကာ နိုးလာသည်။

"ဟော . . ငါဘယ်ကိုရောက်နေပ‌ါလိမ့်"

သူမသည် ကိုယ်ကိုစောင်းလိုက်ရာ သစ်လုံးပုံပေါ်မှ ပြုတ်ကျသွားတော့သည်။

"အမလေး"

"ခွပ်"

သူမသည် ခပ်သဲ့သဲ့အော်သံနှင့်အတူ အောက်မှသစ်လုံးနှင့် ခေါင်းနှင့်ရိုက်မိကာ သတိမေ့သွားရလေသည်။

ထိုစဉ်မှာပင် သစ်များကို စစ်ဆေးကာ ညဘက်တွင် သူခိုးသူဝှက်ရှာသော သစ်စက်မှ ဦးစံဝင်းသည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ သစ်ပုံကြားသို့ ဝင်လာလေသည်။





ဦးစံဝင်း မီးထိုးကြည့်လိုက်ရာ အိတ်မဲမဲဖြင့်ခွပ်ထားကာ ခေါင်းတွင် သွေးစို့နေသော မိန်းကလေးတစ်ဦးကို တွေ့ရလေသည်။

"ဟင် . . မိန်းကလေးတစ်ယောက်ကို သတ်ပြီး လာပစ်ထားတယ် ထင်တယ် . . ဒုက္ခပဲ"

ဦးစံဝင်း ထိတ်လန့်သွားသည်။ သူသည် လုံခြုံရေးအစောင့်များကို အချက်ပေးရန် သစ်ပုံထောင့်ရှိ သံချောင်းထားရာ နေရာသို့ သွားလေသည်။ ထို့နောက် သံချောင်းကို စတင်ကာ ခေါက်လိုက်လေတော့သည်။

"ဒေါင် . . ဒေါင် . . ဒေါင်"

သံချောင်းခေါက်သံနှင့်အတူ နန္ဒာသင်းမှာ သတိရလာလေသည်။ သူသည် ခန္ဓာကိုယ်ကြပ်တည်းနေသည်ကို သတိရသည်။

"ဟင် . . ငါဘယ်ထဲ ရောက်နေပါလိမ့်"

သူမသည် လူးလွန့်ကာ အိတ်ထဲမှ ထွက်သည်။ တဖြည်းဖြည်း အိတ်အနက်ထဲမှ ကျွတ်သွားသည်။ ခြေနှင့်ကန်ကာ အိတ်ကို ပုံထားပြီး ထမီကိုပြင်ဝတ်လိုက်သည်။

"ငါ ဘယ်သူလဲ၊ ဘာလို့ ဒီနေရာကို ရောက်နေရတာလဲ"

"နန္ဒာသင်း"မှာ ခေါင်းတွင် ထိခိုက်သောဒဏ်ရာကြောင့် သူမ၏အတိတ်ဘဝကို မေ့သွားလေပြီ။

"ဒေါင် . . ဒေါင် . . ဒေါင်"



www.burmeseclassic.com

www.burmeseclassic.com



သံချောင်းသံနှင့်အတူ လူများပြေးလာသည်ကို သူမကြားရသည်။ သူမသည် ကမ်းနားသို့ပြေးကာ ကြောက်ကြောက်ဖြင့် ချုံကြီးတစ်ချုံထဲသို့ တိုးဝင်ကာ ပုန်းနေလိုက်လေသည်။

လုံခြုံရေးအစောင့်များ ပြေးလာကာ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့်

"ဦးလေး ဦးစံဝင်း ဘာဖြစ်လို့လဲ"

ဟု မေးကြသည်။

"သစ်ပုံကြားမှာ လူသတ်ပြီး လာပစ်ထားတယ်ထင်တယ်၊ အမှုပတ်နေမယ်"

"ဘယ်မှာလဲ"

"ဟိုဘက်က သစ်လုံးပုံကြားမှာ"

လက်နှိပ်ဓာတ်မီးများဖြင့် ဦးစံဝင်း မြင်ခဲ့သောနေရာသို့ လာကြသည်။ သို့သော် အိတ်အနက်ကြီးသာ ကျန်ခဲ့လျက် အတွင်းမှ မိန်းကလေးအလောင်းမှာ မရှိတော့ပေ။

"ဟင် . . အလောင်းကို ဘယ်သူလာယူသွားပါလိမ့်"

ဦးစံဝင်း အံ့သြသံဖြင့် ပြောလိုက်လေသည်။

"အလောင်းက ဘယ်မှာလဲ"

"ဒီအိတ်အနက်နဲ့ စွပ်ထားတာလေ၊ ခု အိတ်ပဲ ကျန်ခဲ့တယ်"

"သစ်ပုံကြားတွေမှာ ရှာကြပါဦးဟေ့"

လက်နှိပ်ဓာတ်မီးများနှင့် ဆူဆူညံညံ ရှာဖွေသံများ





ကြောင့် လှေပေါက်နားမှ ချစ်ပိုင်တို့မှာ ထိတ်လန့်သွားလေသည်။

"ဟော့ ဟိုကောင်မလေးကို သစ်စက်က ညစောင့်တွေ တွေ့သွားပြီ ထင်တယ်"

"ဘယ်လိုလုပ်မလဲ"

"အဲဒါမှ ဒုက္ခပဲ၊ သတိရလာရင်တော့ သစ်တောဝန်ထောက်ကို တိုင်တော့မှာပဲ၊ ထားခဲ့ပြီး လစ်မှ ဖြစ်မှာပေါ့"

ကျားသစ် ငှားလာသော လှေကြီးရောက်သည်နှင့် သူတို့မှာ တိတ်တဆိတ် ထွက်ခွာသွားကြလေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

လက်နှိပ်ဓာတ်မီးရောင်များ တဖြည်းဖြည်းဝေး၍ဝေး၍ သွားသည်။ ချုံထဲမှ နန္ဒာသင်း မရဲတရဲ ထွက်လာသည်။ သူသည် ကမ်းနားချုံကွယ်များမှ မီးရောင်တလက်လက် မြင်ရသော အောင်များရှိရာသို့ လာခဲ့လေသည်။ ထိုဖောင်များမှာ မြစ်ငယ်မှ မန္တလေး ဂေါ်ဝိန်ဆိပ်သို့ မျောသည့် သစ်လုံးဖောင်များပင် ဖြစ်လေတော့သည်။

နန္ဒာသင်းသည် သူမ ဘယ်သူလဲဟူသော မေးခွန်းကို မေးလာခဲ့သည်။

"ငါဘယ်သူလဲ"

သူမသည် ထိုအဖြေကိုရှာ၍ မရပေ။ သူမသည် ဆက်ခဉ်းစား မနေတော့။ ဤနေရာဝန်းကျင်မှ လူတစ်ဦးသာ ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု သူကိုယ့်သူ ယူဆလိုက်သည်။ သို့သော် သူ့အိမ်နှင့်သူ့နေရာကို သူမသိပေ။ သည်တော့လဲ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက် သွားတော့မည်ဟုပင် သူသည် ဆုံးဖြတ်လိုက်လေတော့သည်။

လူမရှိသော သစ်ဖောင်တစ်ခုပေါ်သို့ နန္ဒာသင်းသည် အလွယ်တကူပင် တက်လာခဲ့လေတော့သည်။ ဖောင်ပေါ်တွင် အဆောင်ငယ်သဘောမျိုး ခနိတဲလေးသုံးခု ရှိသည်။ ထိုစဉ် တဲလေးတစ်ခုမှာ မီးဖိုဖြစ်၍ ကျန်နှစ်ခုမှာ လူများနေထိုင်စားသောက်ရန် လုံခြုံစွာအိပ်စက်နိုင်ရန် ဆောက်ထားခြင်းပင် ဖြစ်သည်။

"ဟင်း . . ဟင်း ဒီနေရာလေးကတော့ လုံခြုံပုံရတယ်၊ ဝါဝင်ပြီး အိပ်လိုက်ရရင် ဟန်ကျပဲ"

အစွန်ရှိ မီးဖိုလေးထဲမှ ထင်းပုံကြားတွင် ဝင်ကာလှဲလျောင်းလိုက်သည်။ သူ့တစ်ကိုယ်လုံးမှာ နွမ်းနယ်၍ ခေါင်းမှာလည်း ချစ်ပိုင်တို့အုပ်ခဲ့သော ကရိုလိုဖောင်းမေ့ဆေးရှိန်ကြောင့် မူးနောက်နောက် ဖြစ်နေရာ ခဏအတွင်း အိပ်ပျော်သွားလေတော့သည်။

သစ်လုံးများစပ်ထားသော ဖောင်ပေါ်တွင် သံပြားခင်းကာ မီးဖိုလုပ်ထားရာ ထိုသစ်ဖောင်များသည် ရေကြောင်းကိုကြည့်ကာ နံနက်လေးနာရီတွင်စတင်ကာ ကြိုးဖြုတ်၍ မျောကြလေတော့သည်။

နန္ဒာသင်း ဝင်ရောက်အိပ်နေသော သစ်ဖောင်မှာ 'ဦး





နေဝ'မိသားစု လိုက်ပါလာသည့် သစ်ဖောင်ဖြစ်သည်။ ခေတ်အခါကြောင့် ဖောင်ပေါ်တွင် ဦးနေဝသည် (၁၀)နှစ်အရွယ် သမီးနှင့် ဇနီးကိုပါ ခေါ်ကာ အစုန်အဆန်မျောရင်း သစ်လုပ်ငန်းမှ ဖောင်သမားအလုပ်ကို လုပ်နေလေသည်။

မြစ်ငယ်မှ ဖောင်များမျောလာကာ အတော်ကြာမှပင် မိုးလင်းလာလေသည်။ နန္ဒာသင်းကား ထင်းပုံနောက်တွင် ကောင်းကောင်းအိပ်မောကျလျက် ရှိနေလေသည်။ ဦးနေဝက

"သမီးရေ . . မိုးလင်းနေပြီ၊ ရေနွေးတစ်လုံးလောက် ကြိုပါလား၊ ဟိုမှာ မုန့်သည်တွေ လာနေပြီ"

သစ်ဖောင်များရှိရာသို့ လှေများဖြင့် ရွာက မုန့်လာရောင်းကြသည်။ ကောင်းညှင်းပေါင်းများ၊ အကြော်စုံများ၊ ထမင်းများ ရနိုင်သည်။ ကောက်ညှင်းပေါင်းကို နံနက်စာဝယ်ကာ ထမင်းနှင့်စားရန် ငါးသလောက်ဟင်းကိုဝယ်၍ ကြွေရည်သုတ်ချိုင့်နှင့် ဦးနေဝဇနီး ဒေါ်လှက ထည့်ထားလိုက်လေတော့သည်။

ရေနွေးအိုးကြိုရန်လာသော ဦးနေဝသမီး 'ပုစူး'သည် လန့်အော်လိုက်သည်။

"အမလေး"

"ဘာလဲ သမီး ဘာဖြစ်တာလဲ"

"ဟို . . ဟို မီးဖိုထဲမှာ"

ရေစီးဖြင့် ဖောင်က မျောနေ၍ ပုစူးကို ဦးနေဝက ပခုံးကိုင်ထားလိုက်သည်။

"ဘာလဲ သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခြေထောက်ကြီး . . မီးဖိုထဲက ထင်းပုံနောက်မှာ ခြေထောက်ကြီး"

"နေပါဦး ဖေဖေ ကြည့်ပါဦးမယ်"

ဦးနေဝ ကြည့်လိုက်သည်။ အရှေ့ဘက်က နေရောင်ကြောင့် ဖွေးဖွေးဖြူနေသော ခြေထောက်နှစ်ချောင်းကို တွေ့မြင်ရသည်။

"ဘုရား . . ဘုရား မိန်းကလေး ခြေထောက်ပဲ မလှရေ . . မလှ"

"ရှင်"

"လာပါဦးကွာ"

သနပ်ခါးလိမ်းနေသော သူ့မိန်းမကို လှမ်းခေါ်လေရာ မလှက အင်္ကျီကိုဝတ်ကာ ထလာသည်။

"ဘာလဲတော့"

"မီးဖိုထဲက ထင်းပုံနောက်မှာ မိန်းကလေးတစ်ယောက် အိပ်ပျော်နေတာလား၊ သေနေတာလား မသိဘူး"

"ဟင်"

မလှမှာ အတော်အတန် သတ္တိကောင်းသူ ဖြစ်သည်။ ဧရာဝတီမြစ်ထဲတွင် လူသေအလောင်းကို မျောလာပါက ဝါးလုံးနှင့်ထိုးကာ ဖောင်နှင့်လွဲအောင် ပြုလုပ်သောအလုပ်ကိုပင် လုပ်ရဲသူ ဖြစ်၏။ ဦးနေဝက ယောကျ်ားဖြစ်သော်လည်း မလှလောက် သတ္တိမကောင်း။





"ကဲ . . ကျုပ်စမ်းကြည့်ပါ့မယ်တော်၊ သေနေတော့လဲ ရေထဲပစ်ချလိုက်တာပေါ့"

မလှက ပြောပြောဆိုဆို ထောင်နေသော ခြေချောင်းနှင့် ခြေဖဝါးကို ဆုပ်ကြည့်ရာ ပူနွေးနွေးဖြစ်နေသည်ကို သတိထားမိလေသည်။

"အသက်ရှိတယ်တော့ . . ဘယ်သူလဲ ထစမ်း . . ထစမ်း"

မလှက ခြေထောက်ကို လှုပ်ကာ နှိုးလိုက်ရာ အိပ်ပျော်နေသော နန္ဒာသင်းမှာ နိုးလာလေသည်။

"ရှင် ကျွန်မ ထပါ့မယ်"

နန္ဒာသင်းက ထထိုင်သည်။

"အပြင်ထွက်ခဲ့"

"ဟုတ်ကဲ့"

ဆံပင်ဖို့ရိုးဖားရားဖြင့် နန္ဒာသင်းက အပြင်ထွက်လာသည်။

"မင်း ဘယ်သူလဲ"

"ကျွန်မ . . ကျွန်မ ဘယ်သူမှန်း မသိပါဘူးရှင်"

နန္ဒာသင်းမှာ သူမဘဝကို မေ့နေသူဖြစ်သောကြောင့် ရင်ဘတ်ကိုဖိကာ ခေါင်းခါပြသည်။

"ဘယ်က လာတာလဲ"

"အဲဒါလဲ မမှတ်မိပါဘူး၊ လူတွေလိုက်တာ ဖမ်းတာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့လို့ ကျွန်မ ဒီဖောင်ပေါ်တက်လာမိတာပါ"

ဦးနေဝရော မလှပါ နန္ဒာသင်းအပေါ်တွင် ကရုဏာသက်သွားမိလေတော့၏။



ခြေထောက်တွင် ဖိနပ်မပါ။ ရေထဲတွင် စီးမျောနေသော ဖောင်ပေါ်ရှိ မီးဖိုအဖြစ်သုံးရန် တိုင်ကီသံပြားများ ခင်းထားသည့် ဆင်းပုံနောက်၌ အိပ်ပျော်နေသော နန္ဒာသင်း ထွက်လာရာ (၁၀)နှစ်အရွယ် ပုစုးက သူ့အမေ၏နောက်မှ သူ့အဖေ ဦးနေဝကို ပြေးဖက်လိုက်၏။

"အမလေး"

သူဖက်လိုက်၍ ဦးနေဝက လန့်သွားလေသည်။

"ဟာ . . ဒီကောင်မလေးကလဲ လူပါဟဲ့"

"လူပါ ညီမလေးရဲ့၊ မမက ဒီလိုဖောင်ကြီးနဲ့ ခရီးဝေးမသွားဖူးဘူး၊ ခု ဘယ်ကိုသွားနေတာလဲ"

"မန္တလေးကို"



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးကို"

"ဟုတ်တယ်"

"ဟို မဟာမြတ်မုနိဘုရားကြီး ရှိတယ်ဆိုတဲ့ မန္တလေး လား"

ဦးနေဝက မလှကို လက်တို့လိုက်သည်။ ဒါတော့သိ သားပဲဟူသော သဘောဖြစ်သည်။

"အား . . ညောင်းလိုက်တာ၊ ကျွန်မ တော်တော်အိပ် ပျော်သွားတယ် ထင်တယ်"

နန္ဒာသင်းသည် ထရပ်ကာ သူမ၏ဆံပင်များကို ဖြေ ၍ရှင်းနေသည်။ မိန်းမသားချင်း သနားကရုဏာသက်မိသော မလှက သူ၏ခေါင်းတွင် ပတ်ထားသော ဘီးစပတ်မှ ဘီးကို ဖြုတ်ယူကာ ပေးလိုက်သည်။

ဆံပင်များကို ဘီးနှင့်ရှင်းချကာ သေသေသပ်သပ် ပြန် ၍ထုံးလိုက်သည်။ သူမ၏ကိုယ်ပေါ်မှ ဖြာများကိုခါချနေသည်။

"လာ ကလေးမ . . ဒီဟာက မီးဖို၊ အိပ်ချင်ရင် ဟို ဘက်တဲကို လာရတယ်၊ ဟိုမှာ အကြီးကြီးတွေ့လား၊ အဲဒါ လူတွေ အိပ်လို့ နေလို့ စားလို့ရတဲ့ တဲ"

မလှက နန္ဒာသင်းကို ရှင်းပြနေလေသည်။ ဦးနေဝက တော့ နန္ဒာသင်းကိုကြည့်ကာ စိတ်ရှုပ်နေသည်။ ခက်သည်က နာမည်လည်း မေး၍မရ။

မည်သည့်အရပ်ဒေသသို့ ပြန်ရမည်လည်း မသိ။ မည် သည့်အရပ်ဒေသသို့ သွားရမည် မသိသော မိန်းကလေးတစ်





ယောက် ဖောင်ပေါ်ရောက်လာခြင်းသည် သူ့အတွက် စိတ်ရှုပ် စရာ ဖြစ်သည်။ သူဌေးက ပြဿနာဖြစ်နိုင်သည့် မည်သည့် လူသားတစ်ဦးတစ်ယောက်မျှ ဖောင်ပေါ် မတင်ရဟု မှာကြား ထားသည်။

သစ်လုပ်ငန်းကို လုပ်နေသော သူဌေးကြီးဦးမောင် မောင်ကြီးက . . .

"ဦးနေဝ . . ခင်ဗျား ကျုပ်နဲ့ အလုပ်လုပ်လာတာ ကြာ ပြီ၊ တစ်နေ့ကျရင် ခင်ဗျားကို ကျုပ် ဒီအလုပ်ကို လွှဲပြီးပေးမယ်၊ ခင်ဗျားပစ္စည်းလို သဘောထားပြီး အကုန်နားလည်အောင် သေချာအောင်လုပ်ထား၊ ဝယ်ရင်လည်း စာရင်းနဲ့ ထွက်ရင် လည်း စာရင်းနဲ့ ငွေကို ခင်ဗျားလက်ထဲမှာပဲထား" ဟု ဆိုသည်။

သူဌေး ဦးမောင်မောင်ကြီး၏ စကားများကို ပြန်လည် ကြားယောင်လာသည်။ ဖောင်ပေါ်ရှိ သူတို့နေသော တဲကလေး သို့ နန္ဒာသင်းကို မလှက ခေါ်သွားလေသည်။ မလှက စိတ်သ ဘောထားကောင်း၍ မည်သူ့ကိုမဆို ချစ်ခင်တတ်သည်။

"ဖြစ်ရလေကွယ် . . ကိုယ့်နာမည်ကိုတောင် ကိုယ်မသိ ဘူးလို့ . . သေချာစဉ်းစားပါဦး"

မလှက အကြောင်းတစ်ခုကြောင့် စဉ်းစားမရဟုထင် ၍ ချော့မေးသည်။

"တကယ်ပါ မမရယ် . . တကယ့်ကို စဉ်းစားမရတာ ပါ၊ အဲဒီလို စဉ်းစားလိုက်ရင် ခေါင်းတွေက မူးပြီး ကိုက်လာ တယ်"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာသင်းက အမှန်တကယ်ပင် ထိုသို့ဖြစ်နေသောကြောင့် ခေါင်းကိုကိုင်ကာ ညည်းညူရင်း စုတ်သပ်လိုက်လေသည်။

"ကျွတ် . . ကျွတ်"

"ဟင် . . ညီမခေါင်းမှာ ဒဏ်ရာနဲ့ပါလား၊ မဖြစ်ဘူး ဆေးတို့ပတ် ထည့်ထားမှ"

သူမ၏အတိတ်ကို ပြန်လည်သတိမရသည်မှလွဲ၍ နန္ဒာသင်းမှာ လူကောင်းပကတိ ဖြစ်နေသည်ကို တွေ့ရသောကြောင့် မလှမှာ သမီးရင်းနှင့် မခြား ချစ်ခင်လျက် သနားနေသည်။

"သနားပါတယ် ကိုနေဝရယ် . . ဟိုမှာ ပူစူးနဲ့ဆိုလဲ မောင်နှမအရင်းတွေလိုပါပဲ၊ ဒီမိန်းကလေးက အတော်စိတ်မချမ်းသာစရာ ရှိလို့ သူ့ဘဝကို သူမေ့လာတာ ထင်ပါရဲ့"

ဦးနေဝက "ငါလဲ အကဲခတ်မိပါတယ်၊ ဒီတော့ ဘယ်လိုလုပ်မလဲ သူဌေးကိုတော့ သွားပြောပြရဦးမပေါ့"

"ကောင်းတယ် . . သူဌေးက ဘာမဆို ရိုးရိုးသားသား ပြောပြဖို့ မှာထားတာပဲ၊ ခုဟာကလဲ ကျွန်မတို့က ဘာမှ မဟုတ်မမှန်တာ တစ်ခုမှ မလုပ်ဘူး၊ သူ့ဟာသူ ဖောင်ပေါ်ရောက်လာတာ"

ရာသီဥတုက သာယာ၍ မိုးအုံ့နေသောကြောင့် ရေစီးက ငြိမ်သည်။ ဖောင်သည် မြစ်လယ်မှ တအိအိမျောနေသည်။ ထိုသစ်ဖောင်ကြီးများရှိရာသို့ ပန်းသည်များ၊ စားစရာများက





လှေလေးများဖြင့် လာရောက် ရောင်းချနေလေသည်။

တောထဲတောင်ထဲမှ ခူးလာသော သဇင်ပန်းခက်၊ သဇင်နွယ်လေးများလည်း ပါလေသည်။ ဦးနေဝသည် ဈေးသည်များကို ငေးနေရင်း

"သူဌေးကလဲ သစ်လုပ်ငန်းကို ငါ့ကို အပိုင်ပေးတော့မယ်လို့ ပြောနေတာ နှစ်ခါသုံးခါ ရှိပြီ"

ဟု ပြောလိုက်သည်။

"သူဌေးက ကျုပ်တို့ကို ကြီးပွားစေချင်လို့ပေါ့တော်၊ ဒီလုပ်ငန်းက အရင်းအနှီးတွေက နည်းတာမှ မဟုတ်ဘဲ၊ ကျုပ်တို့ မန္တလေးမြို့ပေါ်မှာ တိုက်နဲ့ခြံနဲ့ နေနိုင်ပြီပေါ့"

"နေပါဦး မလှရာ၊ မင်းစိတ်ကူးနေတာက တစ်မျိုး၊ ငါစိတ်ရှုပ်နေတာက . ."

"ရှင်က ဘာစိတ်ရှုပ်နေတာလဲ"

"သူဌေးက ဒီကောင်မလေးရဲ့နာမည်မေးရင် ဘယ်လိုလုပ်ပြောမလဲ"

"ကြည့်ပြောတာပေါ့"

"ဒီလို ပြောလို့မရဘူး၊ သူဌေးက တိကျတယ်၊ သွားနာမည်လေးတော့ သိအောင် မေးစမ်းပါကွာ"

ပူစူးနှင့် နန္ဒာသင်းတို့ ကစားနေသည့်တဲကြီးရှေ့ သစ်လုံးပေါ်သို့ လျှောက်လာသည်။

"ညီမ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ညီမနာမည်လေးတော့ မှတ်မိဖို့ကောင်းတယ်၊ နာမည်က ဘယ်သူလဲ"

ထိုအခိုက်မှာပင် ပန်းရောင်းသော လှေပေါ်မှ "သဇင်နွယ်တွေ" "သဇင်နွယ်တွေ"ဟူသော အခက်လိုက်တွဲထားသော သဇင်ပန်းများကို ရောင်းချနေလေသည်။

ထိုအသံကို နန္ဒာသင်းကြားသွားကာ

"ကျွန်မနာမည် သဇင်နွယ်"

"အို . . ဟုတ်လား"

"ဟုတ်တယ်"

ပူစူးမက မျက်လုံးများ ဝိုင်းသွားသည်။

"သဇင်နွယ်ဆိုတာ သိပ်လှတာ မမရဲ့၊ ဥလေးတွေနဲ့ အခက်လိုက်တွဲနေတာ"

"ဒါဆို မမနာမည်က လှတာပေါ့"

"ဟုတ်တယ်"

"ညီမလေးကို မုန့်ဝယ်ကျွေးမယ်"

ဤသို့ဖြင့် နန္ဒာသင်းသည် သူမ၏နာမည်ကို မမှတ်မိတော့ဘဲ ထိုအချိန်မှအစပြု၍ သူမကိုယ်သူမ "သဇင်နွယ်"ဟုသာ နာမည်မှတ်ထားလိုက်တော့၏။

"ညီမ သဇင်နွယ်ရေ . . ထမင်းစားမယ်"

"ဟုတ်ကဲ့"



မောင်မောင်ကြီးသည် သူ့အဖေလွှတ်သော အိန္ဒိယနိုင်ငံ တက္ကသိုလ်သို့ ကျောက်မျက်ပညာကို (၄)နှစ်ကြာသင်ယူခဲ့လေသည်။

ထို့နောက် ကျောက်မျက်ပညာရှင်အဖြစ် ဘွဲ့ရကာ ပြန်လာခဲ့ပြီးနောက် မဟာမြတ်မုနိဘုရားစောင်းတန်းတွင် သူတွေ့လိုသူကို ရှာခဲ့သည်။

မြတ်တို့ဆိုင်နေရာတွင် အခြားသူများ၏ဆိုင် ရောက်ရှိနေပြီဖြစ်သည်။ ထိုသူများကို မေးကြည့်သည့်အခါ နေရပ်လိပ်စာရော လူများကိုပါ မသိဖြစ်နေလေသည်။ မတတ်နိုင်တော့။

သတင်းစုံစမ်း၍ မရသည့်အဆုံး မန္တလေးနှင့် ဝန်ကျင်



www.burmeseclassic.com

www.burmeseclassic.com



မြို့များသို့ ကားတစ်စီးဖြင့် လိုက်ရှာကြည့်သည်။ အစအနပင် မတွေ့ရတော့။ ကျောက်မျက်ရတနာရောင်းချသည့် ဈေးများသို့ ဦးနေကျော်က မောင်မောင်ကြီးကို စေလွှတ်ခဲ့လေသည်။

ငွေကြေးလိုသလောက်ကို ဦးနေကျော်က ထုတ်ပေးသောကြောင့် သူ ကျောက်မျက်ရတနာအရောင်းအဝယ်သမား ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။ မပျော်သော်လည်း အလုပ်ထဲမှာ နှစ်မြုပ်ထားခြင်းဖြင့် အလွမ်းဝေဒနာကို သက်သာစေသည်ဟု မောင်မောင်ကြီး ယူဆလာခဲ့သည်။

သူသည် ကျောက်မျက်ရောင်းဝယ်သူတစ်ဦးနှင့် တွေ့သောကြောင့် သစ်ဖောင်လုပ်ငန်း လုပ်လိုပါက သူ့တွင် အဆက်အသွယ်ရှိကြောင်း၊ ဖောင်လိုက်မည့် စိတ်ချရသည့်လူမျိုးလည်း ရှိကြောင်း ပြောသည်။

သူ့အဖေ၏ဩဇာနှင့် အမြဲနေခြင်းထက် မိမိဖာသာ စီးပွားခွဲလုပ်ထားဖို့ ကောင်းသည်ဟု ယူဆကာ ကျောက်မျက်ရတနာရောင်းဝယ်၍ ရသည့်အမြတ်ငွေအချို့ဖြင့် သစ်ဖောင်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

ဖောင်တစ်ခေါက်လျှင် သစ်လုံး ရေနှစ်ရာပါလာလေ့ရှိရာ အနည်းဆုံး ဂေါဝိန်ဆိပ်သို့ရောက်ပါက ငွေနှစ်ထောင်ခန့် မြတ်လေသည်။

ထိုငွေနှစ်ထောင်မှာ ဖောင်သမားမိသားစုအား လစာပေးပြီး၊ စားဖို့သောက်ဖို့ စားစရိတ်ထောက်ပြီး အပိုကျန်သည့် အမြတ်ငွေပင် ဖြစ်လေသည်။ မြစ်ငယ်သစ်ခုတ်စခန်းမှ တစ်လ





လျှင် ဖောင်တစ်စင်းကျ မျှောခွင့်ရခဲ့ရာ တစ်လနှစ်ထောင်ဆိုသည့် ငွေမှာ ထိုခေတ်က အမြတ်အစွန်း အလွန်များလှသည်ဟု ဆိုသင့်တော့၏။

ဖောင်သမားကြီး ဦးနေဝမှာ ရိုးသည်။ ငွေကြေးနှင့်ပတ်သက်၍ မယုံသင်္ကာစရာ မရှိ။ သူ့မိန်းမ မလှမှာလည်း အလွန်ရိုးသားလေသည်။ စတင်လုပ်ကိုင်စက ငွေငါးထောင်နှင့် ရင်းခဲ့သော ဖောင်လုပ်ငန်းမှာ ယခုအခါ ငွေငါးသောင်းကျော်ရှိနေပြီ ဖြစ်လေသည်။ ထိုငွေများကို သူသည် လက်ဝယ်မထားပါ။

ဘဏ်တိုက်တွင် ဦးနေဝနာမည်နှင့်ပင် တ ချို့တစ်ဝက်သွင်း၍ အပ်နှံခိုင်းထားခဲ့သည်။ သစ်ဖောင်တစ်ခေါက်ဆိုက်လျှင်သာ မြစ်ငယ်မှ ရတတ်သော အစားအစာများ၊ ပျားရည်၊ ဆတ်သားခြောက်၊ ချေသားခြောက်များ ဦးနေဝက လာပို့တတ်သည်။

ဦးနေဝသည် အလွန်သစ္စာရှိ၍ ရိုးသားသူဖြစ်သောကြောင့် မောင်မောင်ကြီးသည် ဦးနေဝတို့ ဆင်းရဲသောမိသားစုအတွက် ဖောင်လုပ်ငန်းကို အပြီးအပိုင်လွှဲပေးရန် ဆုံးဖြတ်ထားသည်။ သူ့အတွက် ထိုမျှလောက်သောငွေကြေးသည် အရေးမကြီးလှပါပေ။

သူတွေဝေ ငေးမောသွားသည်ကို တွေ့ရင်း ရွှေအိုးက

"အစ်ကိုကြီး"

ဟု ခေါ်လိုက်သည်။

"ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြောလိုက်တာနဲ့ အစ်ကိုကြီးစိတ်တွေ အတိတ်ကို ပြန်ရောက်သွားသလား"

"ဟုတ်တယ် ရွှေအိုး . . ဖေဖေဟာ တော်တော်ရက်စက်တယ်"

"ထားလိုက်ပါ အစ်ကိုကြီးရာ၊ ဖေဖေဟာ သေတော့လဲ ရတ်တရက်ပဲ မဟုတ်လား၊ သူဟာ ကျွန်တော်တို့ဘဝကို သိပ်ကောင်းစေချင်တယ်၊ ဒါကြောင့် ဒီအမွေတွေ ထားခဲ့တာပေါ့"

နှစ်နှစ်ခန့်ကြာပြီ ဖြစ်သော ဦးနေကျော် သေဆုံးသွားမှုကို ပြန်သတိရကာ ပြောလိုက်သည်။

"ငါပြောတာ တည်တည်ကြည်ကြည်နဲ့ အလုပ်တစ်ခု ရှိဖို့ပါ ရွှေအိုးရာ"

× × ×



သစ်ဖောင်သည် ဂေါဝိန်ဆိပ်နားသို့ ကပ်ရန် နီးလာလေသည်။ မန္တလေးတောင်မှ ဘုရားများကို မြစ်ထဲလှမ်းမြင်လာရသည်မှာ ကြည်နူးဖွယ်ရာ ကောင်းလှသည်။ 'သဇင်နွယ်' ဟု သူမကိုယ်သူမ ထင်နေသော နန္ဒာသင်းသည် လက်အုပ်ချီကာ ကန်တော့လိုက်သည်။

"ညီမ . . အဲဒါ မန္တလေးတောင်လေ၊ ဘုရားတွေ အများကြီးပဲနော်"

သဇင်နွယ် ခေါင်းညိတ်လိုက်သည်။

"ကျွန်မ အဲဒီဘုရားတွေကို အကုန်သွားပြီး ဖူးချင်တယ်"

"ဖူးရမှာပေါ့ တူမရယ် . . မန္တလေးရောက်ပြီပဲ၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ် တို့ရဲ့သူဌေးအိမ်တော့ အရင်ဝင်ကြရလိမ့်မယ်"

"သူဌေး ဟုတ်လား . . တော်ကြာ သူဌေးက ဖောင်ပေါ် နေဖို့ ပြန်ခိုင်းရင် ဘယ်လိုလုပ်မလဲ"

"မလိုပါဘူး၊ ဂေါဝိန်ဆိပ်မှာ ဖောင်စောင့်ဖို့ တို့လူတွေ ရှိပါတယ်၊ သူတို့က ဖောင်ဆိုက်တာနဲ့ စောင့်ပေးဖို့ တာဝန်ယူ ပြီး . ကးပါ"

ဦးနေဝကပါ သနားကမားဖြစ်သော ငယ်ရွယ်နုနယ် သည့် 'သဇင်နွယ်'ကို ကရုဏာသက်လာသည်။ သူမသည် စိတ် ထိခိုက်စရာတစ်ခုကြောင့် ဘဝအတိတ်ကို မေ့နေဟန်တူသည်။ ထိုအကြောင်းကို သူဌေး ဦးမောင်မောင်ကြီးအား ပြောပြရမည် ဟု ဦးနေဝက ဆုံးဖြတ်ထားလိုက်သည်။

ဖောင်များကပ်သည့်နေရာ ဂေါဝိန်ဆိပ်တွင် အရိပ်ရှိ သော သစ်ပင်အောက်၌ ဖောင်ကိုထိုးကာ ကပ်လိုက်လေသည်။

"ကဲ . . ခဏနေကြဦးနော်၊ ငါ အပေါ်တက်လိုက်ဦး မယ်"

"ထမင်းစားချိန်အမီ ပြန်လာနော်၊ ရှင်နောက်ကျရင် ကျွန်မတို့ စားထားနှင့်မယ်"

"ဆာရင် စားသာစားနှင့်၊ ငါ ကိစ္စနည်းနည်းရှိလို့"

အမှန်တော့ ဦးနေဝသည် မြင်းလှည်းစီးကာ ဂုဏ်တန် ရပ်သို့ ပြေးသွားလေသည်။ ဂုဏ်တန်ရပ်ရှိ ဦးမောင်မောင်ကြီး ၏ အိမ်ပေါက်ဝသို့ ရောက်သောအခါ မြင်းလှည်းပေါ်မှ ဆင်း လိုက်သည်။





ခြံတံခါးကို ဘဲလ်တီးလိုက်သည်။ ခြံထဲတွင် သစ်ပင် ရေလောင်းနေသော ရွှေအိုးက ပိုက်ကိုပစ်ချကာ ခြံပေါက်ဝသို့ ထွက်လာလေသည်။ ရွှေအိုးက မည်သူ့ကိုတွေ့တွေ့ နောက်တတ် ပြောင်တတ်သော ဝါသနာအတိုင်း

"ဦးနေဝ ပါလား" ဟုမေးသည်။

"ဟုတ်ကဲ့"

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ဦးမောင်မောင်ကြီးနဲ့"

"သတင်းမကြားဘူးလား"

"ဗျာ . . ဦးမောင်မောင်ကြီး ဘာဖြစ်လို့လဲ"

"ဟာ . . ဒီသတင်းက မန္တလေးတစ်မြို့လုံး သိနေတာပဲ၊ အိမ်ထောင်ကျသွားပြီလေ"

"ဗျာ . . တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ . . သူ အခု ဒီမှာလဲ မနေတော့ ဘူး"

"ဒါဆို ဘယ်မှာနေလဲ"

"အိမ်ထောင်ကျပြီးပြီဆိုမှ တောင်ကြီးမှာ သွားနေတာ ပေါ့ဗျာ"

ထိုစဉ်မှာပင် အိမ်ပေါက်ဝမှ ထွက်လာသော ဦးမောင် မောင်ကြီးကို တွေ့ရလေသည်။

"ရွှေအိုးက . . မင်း ဦးနေဝကို ဘာပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးက အိမ်ထောင်ကျပြီလို့ သူပြောတာ အဟုတ် အောက်မေ့လို့"

"ဒီကောင် အလကားကောင် လျှောက်နောက်နေတာ"

"ကဲ ထိုင်ပါဦး ဦးနေဝ"

အိမ်ထဲသို့ ခေါ်လာကာ ဧည့်ခန်းတွင် ထိုင်ခိုင်းလိုက်သည်။

"ဆရာ နေကောင်းရဲ့လား"

မောင်မောင်ကြီးကိုကြည့်ကာ မေးသည်။ မောင်မောင်ကြီးမှာ အသက်(၄၀)ကျော်ပြီဟု ဆိုရသော်လည်း အနေအထိုင်နုနယ်၍ ဖြူနုသော အသားအရည်၊ အကောင်းစား လေထီးပိုး အဖြူရောင်ရှပ်အင်္ကျီဖြင့် ပြည့်ဝသော မျက်နှာမှာ ကျက်သရေရှိလှလေသည်။

"မသိပါဘူး ဆရာရယ်၊ ဆရာ့ညီက ဆရာ အိမ်ထောင်ပြုပြီး ဒီအိမ်မှာ မနေတော့ဘူးဆိုလို့ ကျွန်တော်ဖြင့် မောသွားတာပဲ၊ ဒီမှာ ဆရာ ပျားရည်၊ ဒါက ဆတ်သားခြောက်တွေပါ"

သူ့လွယ်လာသော အိတ်ကြီးထဲမှ စားစရာများကို ထုတ်ကာ စားပွဲပေါ်သို့ တင်လိုက်သည်။ ဦးနေဝသည် မန္တလေးသို့လာလျှင် မောင်မောင်ကြီးအတွက် ထိုသို့ တောစာလေးများ ယူလာနေကျ ဖြစ်သည်။

"အတော်ပဲ ဦးနေဝ . . ကျုပ်က ဆတ်သားခြောက် ကုန်သွားလို့ ဦးနေဝကို မျှော်နေတာ"





"ဟုတ်တယ် . . ဆရာ ဟိုတစ်ပတ်က ယူလာတာ နည်းသွားတယ်၊ ဒီတစ်ပတ်တော့ (၃)ပိဿာပါ၊ ကျွန်တော် နောက်တစ်ခေါက်လာတဲ့အထိ လောက်မှာပါ"

"လောက်ပါတယ် . . ၃ ပိဿာဆို တော်တော်များတာပဲ၊ နောက် ဒီလောက်အများကြီး မလုပ်နဲ့၊ ခင်ဗျား သယ်ရတာ လေးတယ်"

"သယ်နိုင်လို့ သယ်လာတာ များများစားရတာပေါ့ အစ်ကိုရာ"

"မင်းကတော့ လုပ်တော့မယ်၊ သူများကို ဘယ်တော့မှ အားမနာတဲ့ကောင်"

အိမ်ထဲသို့ဝင်လာသော ရွှေအိုးကို လှမ်းပြောလိုက်လေသည်။ ရွှေအိုးက စပ်ဖြဲဖြဲနှင့် အိမ်ထဲဝင်ထိုင်လိုက်သည်။

"အလုပ်လုပ်ရတာ အဆင်ပြေလား ဦးနေဝ"

"ပြေတော့ ပြေပါတယ် ဒါပေမယ့်"

ဦးနေဝက စကားမပြောရဲတော့သလို ရပ်တန့်လိုက်လေသည်။

"ဘာအခက်အခဲ ရှိလို့လဲ၊ သစ်တွေက အတော်မှားလာလို့လား ရဲရဲပြောပါ ဦးနေဝ၊ ဘာဖြစ်ဖြစ် ခင်ဗျားကို ကျုပ် အပြစ်မတင်ပါဘူး"

"မဟုတ်ပါဘူး ဆရာ၊ အခုတစ်ခါက မြစ်ငယ်ဖောင်ဆိပ်က ထွက်လာတော့ ထူးဆန်းတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိုးက နားထောင်နေရာမှ

''ဘာလဲ သရဲခြောက်ခံရတာလား၊ ပြောစမ်းပါဗျာ . . ထူးဆန်းတဲ့အဖြစ်အပျက်ဆိုရင် ကျုပ်က စိတ်ဝင်စားတယ်'' ဟု ပြောလိုက်ပြန်၏။

''ရွှေအိုး အသာနေစမ်းကွာ၊ ဦးနေဝ စကားပြောတာကို ဆုံးအောင် နားထောင်ပါဦး''

မျက်နှာပြောင်သော သူ့ညီကို မောင်မောင်ကြီးက ဟန့်တားလိုက်သည်။

''ဖြစ်ပုံက ဒီလိုပါ ညဆယ်နာရီကျော်လောက်မှာ ဖောင်ပေါ်က တဲထဲမှာ ကျုပ်ရော၊ မလှရော ကျုပ်သမီး ပုစူးရော အိပ်ပျော်သွားခဲ့ကြပါတယ်''

ရွှေအိုး၏မျက်နှာက အလွန်စိတ်ဝင်စားစွာ ရှေ့သို့ ငိုက်လာသည်။

''အဲ . . ဖောင်က မိုးလင်းရင် ရေကျမှ မျှောမှာ မဟုတ်လား၊ အေးအေးဆေးဆေး ဖောင်ကြိုးတွေ တုတ်နှောင်ထားရလို့ ကိုယ်တွေလက်တွေ နာပြီး အိပ်မောကျသွားပါတယ်''

''ကိုယ်တွေလက်တွေ နာတာ ဘယ်သူလဲ၊ ခင်ဗျားလား ခင်ဗျားမိန်းမ မလှလား''

''ဟာ . . ဒီကောင် ရွှေအိုး ပါးစပ်ပိတ်ထားပါလို့ ဆိုနေ''

''နှစ်ယောက်လုံးပေါ့ဗျာ . . ကျုပ်က ရေထဲက ငုတ်





ချည်ရတယ်၊ သူက သစ်လုံးတွေတွဲမယ့် ကြိုးကို ရေပေါ်က ဆေးရတာကိုး''

ရွှေအိုး၏စိတ်ထဲတွင် ကုက္ကိုပင်၊ တမာပင်နှင့် မန်ကျည်းပင်များ ကိုင်းကာကျလျက်ရှိသော မြစ်ငယ်ဆိပ်ကမ်းကို မြင်ယောင်လာသည်။ ကမ်းနားတွင် လေက တဟူးဟူးတိုက်နေသောကြောင့် အုန်းပင်များက ယိမ်းထိုးနေကြသည်။

ဖောင်ပေါ်သို့ ကိုင်းညွတ်ကျနေသော မန်ကျည်းကိုင်းများပေါ်တွင် မဲမဲသတ္တဝါကြီးများ ခုန်ချရန်ဖြစ်နေသည်ကို ရွှေအိုး၏မျက်လုံးထဲတွင် မြင်ယောင်လာသည်။ သူသည် ညဘက်တွင် လှေပေါ်ဖောင်ပေါ်၌ မနေရဲပေ။

သူ့အတွေးနှင့်သူ ကြောက်နေခြင်းပင် ဖြစ်သည်။ လူဘက် ရွှေအိုးက တစ္ဆေသရဲကို ကြောက်တတ်လေသည်။

''ခင်ဗျားတို့ အိပ်ပျော်နေတုန်း ဖောင်ပေါ်ကို ဝုန်းခနဲ ခုန်ချလာရောလား''

ကြောက်သံဖြင့် ရွှေအိုးက မေးလိုက်သည်။

''ဘာက ခုန်ချလာရမှာလဲ၊ မင်းကြီးတော်ကြီးလား''

မောင်မောင်ကြီးက အမြင်ကတ်ကတ်ဖြင့် ပြောလိုက်သည်။

''ဖောင်ပေါ်ကိုခုန်ချလာတာတော့ မဟုတ်ဘူး ကိုရွှေအိုးရ၊ ခြေသံမကြားရအောင်ကို တက်လာတာ ဆိုပါတော့''

''မည်းမည်းကြီးတွေလား''



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်နှစ်ဖက်ကို ရင်ဘတ်တွင်စုကာ ကြောက်သံဖြင့် ရွှေအိုးက ထပ်မေးသည်။

"မည်းမည်းတော့ မဟုတ်ဘူးဗျ၊ ဖြူဖြူဖွေးဖွေးပဲ"

ရွှေအိုး နောက်တတ်မှန်းသိ၍ ဦးနေဝကပါ နောက်၍ ပြန်ပြောလိုက်သည်။

"ဖြူဖြူရှည်ရှည်ကြီးတွေလား"

သရဲဆိုလျှင် ဖြူဖြူရှည်ရှည်ဟု သူ့ကို မည်သူကပြော ထားသည်မသိ၊ ထပ်၍မေးလာပြန်သည်။

"ဖြူဖြူ မရှည်ဘူးဗျာ၊ အနေတော်ပဲ၊ အရပ်အတော် အသင့် ချောချောလှလှ"

"ဟား . . ဟား . . ဟား"

မောင်မောင်ကြီးက သဘောကျကာ ရယ်လိုက်လေ တော့သည်။ ပြီးတော့မှ

"ဆိုပါဦး ဖောင်ပေါ်ကို မိန်းကလေးတစ်ယောက် တက် လာတာလား"

ဟု မေးလိုက်လေသည်။

"ဟုတ်တယ် ဆရာ . . ကျွန်တော့်ဖောင်ပေါ်မှာ တဲသုံး လုံးရှိတယ် မဟုတ်လား၊ နောက်ဆုံးတဲက မီးဖို၊ သံပြားခင်း သံ ပြားကာပြီး ထင်းတွေထားတဲ့ တဲလေ"

"ကျုပ်သိပါတယ်"

"အဲဒီထဲမှာ ဘယ်လိုဝင်ပြီး အိပ်နေလဲ မသိဘူး၊ မနက်





ပွဲဦးမက ရေနွေးတည်ဖို့သွားတော့ ခြေထောက်နှစ်ချောင်း ထွက် နေတာတွေ့တယ်"

"အဲဒါ လူမဖြစ်နိုင်ဘူး ဦးနေဝ၊ ဥစ္စာစောင့်ပဲ ဖြစ်ရမယ်၊ မြစ်ငယ်က ဥစ္စာစောင့်က မန္တလေးကိုလာတာ"

"ရွှေအိုး ထင်တာမြင်တာ လျှောက်ပြောမနေနဲ့"

"ကျွန်တော်ကလဲ ကြောက်တတ်တယ် ဆရာ၊ ဖောင် ပေါ်မှာ လာပြီးသေနေတာတို့ ဘာတို့ဖြစ်မှာ စိုးလို့"

"ဟုတ်တာပေါ့၊ ဒါဆို ဒီဖောင်ကို ဦးစီးတဲ့သူ ပြဿနာ တက်နိုင်တာပေါ့၊ အထူးသဖြင့် ခင်ဗျားကို ပုလိပ်က ဆွဲပြီး ကောင်းကောင်းစစ်မှာပေါ့"

"ကျုပ်ကလဲ ဒါကိုကြောက်တာပါပဲ၊ တ ခြားဟာက

တော့ ဒီလောက်မဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ် မိန်းမ မလှက တော့ မကြောက်ဘူး ဆရာရဲ့၊ သူက ဟောဟောဒိုင်းဒိုင်း"

"ဟုတ်တယ် ခင်ဗျားတို့လင်မယားက နတ်ဖက်တဲ့ လင် မယားပဲ"

မလှက ဦးနေဝကို အော်ကာဟစ်ကာ ဦးဆောင်လုပ် ကိုင်တတ်သည်ကို ဦးမောင်မောင်ကြီး သိသည်။ ဦးနေဝက အား နာတတ်သည်။ အနည်းငယ်အေးသည်။

မလှကတော့ ထိုသို့မဟုတ်၊ မဟုတ်သည့်စကားလည်း မပြော၊ သူတစ်ပါး မတရားလုပ်လျှင်လည်း ခံ၍ မနေ၊ ချက်ချင်း ပြောတတ်သည်။ မလှလို ရှင်းရှင်းလင်းလင်း ပြောကာရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလုပ်တတ်သည့် မိန်းမမျိုးကို မောင်မောင်ကြီးက ချီးကျူးမိလေသည်။

"ဒါနဲ့ မလှက ဘာလုပ်လဲ"

"ဟာ . . မလှက ခြေထောက်သွားကိုင် လှုပ်နှိုးတာပေါ့၊ ဒါနဲ့ ထလာရော၊ ရုပ်ကလေး သနားကမားလေးပါ ဆရာရယ် . . ရူးတာတော့လဲ မဟုတ်ပါဘူး"

"ဘာဖြစ်တာလဲ"

"သူ့နာမည်က အစ၊ သူ့အိမ်တွေ သူ့ဘဝတွေကို ဘာမှ မေးလို့ မရတော့ဘူး"

"ဟင်"

မောင်မောင်ကြီး စဉ်းစားတွေဝေသွားလေသည်။

"သူမှတ်မိတာ သစ်ပုံကြားထဲမှာ လူတွေက လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီး လိုက်လို့ သူ ချုံထဲဝင်ပုန်းရာကနေ ဖောင်ရှိတာတွေ့လို့ ဖောင်ပေါ်တက်ပုန်းနေတာပါတဲ့၊ သူက အဲဒီကစပြီးတော့ပဲ မှတ်မိတယ်၊ ကျန်တာ စဉ်းစားခိုင်းရင် ခေါင်းကိုက်လို့ဆိုပြီးတော့ ဘာမှ စဉ်းစားလို့ မရတော့ဘူး"

"သူ့ခေါင်းမှာ ဒဏ်ရာ ရှိသလား"

"အင်း အမြင့်တစ်နေရာရာက လိမ့်ကျတဲ့ သွေးစို့နေတဲ့ ဒဏ်ရာရှိတယ်"

ရွှေအိုးကတော့ စိတ်ဝင်စားစွာ နားထောင်နေလေသည်။

"ကျုပ် အိန္ဒိယမှာ စာအုပ်တွေ ဖတ်ဖူးတယ်၊ ဒါဟာ ခေါင်းကို ထိခိုက်လို့၊ စိတ်ထိခိုက်လို့ အတိတ်မေ့တဲ့ ရောဂါမျိုးပဲ၊



ကျုပ်တို့ညီအစ်ကိုဆီ ခေါ်လာခဲ့ဗျာ၊ တတ်နိုင်သလောက် ဆေးကုကြည့်တာပေါ့၊ သတိရရင်လဲ သူ့မိဘရပ်ထံ ပြန်ပို့ရတာပေါ့"

"ဟုတ်ကဲ့ ဆရာ၊ ဖောင်ပေါ်မှာထားရင်လဲ ဖြစ်ပါတယ်၊ တခြားတော့ သူက ဘာမှရိုင်းရိုင်းစိုင်းစိုင်း မရှိပါဘူး၊ သူ့ဘဝသူမမှတ်မိတာ တစ်ခုပါပဲ"

"ခင်ဗျား ဖောင်ပေါ်မှာဆိုတော့ ပုလိပ်တွေက တွေ့သွားရင် အမှုပတ်နေမှာစိုးလို့၊ ပြီးတော့ သူဟာ နောက်ကြောင်း မရှင်းတဲ့သူဆိုရင်လဲ ခင်ဗျား အဖြေရှင်းရ ခက်နေတာပေါ့"

မောင်မောင်ကြီးက ပြောပြတော့မှပင် ဦးနေဝမှာ အနည်းငယ် သဘောပေါက်လာသည်။

"ကျုပ်ကတော့ ဒီက ရာဇဝတ်အုပ်တွေ၊ မြို့ပိုင်တွေ၊ အရေးပိုင်တွေနဲ့ ခင်တော့ ဒီမိန်းကလေးရဲ့ကိစ္စကို ကျုပ်ဖြေရှင်းပေးနိုင်ပါတယ်"

"ကောင်းပါပြီ ဆရာ၊ မလှတို့ သမီးတို့ကလဲ ဆရာနဲ့ မတွေ့ရတာကြာလို့ တွေ့ချင်နေကြတာ"

"ကောင်းတယ် . . ဦးနေဝ ညနေစာကို ကျုပ်အိမ်မှာ စားပေါ့၊ ဘဏ်စာရင်းစာအုပ်လဲ ယူလာခဲ့၊ ကျုပ် လုပ်စရာရှိတယ်"

"ကောင်းပါပြီ ဆရာ၊ ဒါဆိုရင် ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

× × ×

www.burmeseclassic.com

www.burmeseclassic.com



ပထမပိုင်းတွင် ဝင်ကာနောက်ပြောင်လျက် စကားပြောသော ရွှေအိုးပင် စဉ်းစားကျန်ရစ်ခဲ့သည်။ မောင်မောင်ကြီးသည်လည်း ထိုင်ကာ ကုလားထိုင်နောက်မှီပေါ်သို့ ခေါင်းမှီကာ စဉ်းစားနေ၏။

"အစ်ကိုကြီး"

"ဟေ"

"ဖောင်ပေါ်က ပါလာတဲ့ ကောင်မလေးကို ဒီတိုက်မှာ ခေါ်ထားမလို့လား"

"အေးလေ . . မင်းက သဘောမတူဘူးလား၊ ဦးနေဝ ဖောင်ပေါ်မှာ ပုလိပ်က စစ်လို့ဆေးလို့ အရေးယူရင် ငါကပဲ ဖြေရှင်းပေးရဦးမှာ မဟုတ်လား"

"ဒါကတော့ ဟုတ်ပါတယ်၊ ကျွန်တော်ပြောချင်တာက ဒီအိမ်မှာ ဘယ်တုန်းကမှ မိန်းမ ထမင်းချက်၊ မိန်းမ မာလီ မငှားဘူး၊ ခု ထမင်းချက် ဦးကျောက်ဖြူနဲ့ ခြံစောင့် ဦးကုလားတို့လို ယောက်ျားပဲ ထားတာ မဟုတ်လား"

"ဟုတ်တယ်လေ . . အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ အစ်ကိုကြီးရ၊ မိန်းကလေး လာနေတော့ ဘယ်မှာလဲ သူဝတ်ဖို့ အဝတ်အစား၊ ဘယ်မှာလဲ သူစီးဖို့ ဖိနပ်"

"ဒါများကွာ . . သူရောက်လာမှ ဝယ်ရမှာပေါ့၊ ငါကလဲ အခြေအနေကို ကြည့်ဦးမှာပါ၊ ရှိုင်းရှိုင်းစိုင်းစိုင်းထဲက ဆိုရင်တော့ အိမ်မှာ ဘယ်ထားမလဲ၊ လူမှုဝန်ထမ်းဌာနတို့ ဘာတို့ကို ဖုံးဆက်ပြီး အပ်လိုက်မှာပေါ့"





မောင်မောင်ကြီးက ပြတ်သည်။ ပြောသလိုလည်း လုပ်တတ်သူဖြစ်သည်။

"ဟာ . . ဒီလိုတော့ မလုပ်ပါနဲ့ အစ်ကိုကြီး၊ ကိုယ့်ဘဝ ကိုယ်မေ့နေတဲ့ မိန်းကလေးတစ်ယောက်ဟာ ဘုမသိဘမသိနဲ့ စိတ်သိပ်ညစ်သွားမှာပေါ့"

မောင်မောင်ကြီးက တဟားဟားဖြင့် ရယ်မောလိုက်သည်။

"ဘာရယ်တာလဲ အစ်ကိုကြီးရ"

"မင်းက ဒီလိုတော့လဲ ကိုယ်ချင်းစာ တတ်သားပဲ"

"ကျွန်တော်လဲ လူပါ အစ်ကိုကြီးရ၊ ကျွန်တော်က အမြဲ ပျော်ပျော်နေတတ်လို့၊ အစ်ကိုကြီးက ကျွန်တော့်ကို အထင်သေးနေတယ်"

"ဒီလိုတော့ မဟုတ်ပါဘူးကွာ၊ ငါက မင်းစိတ်ကို စမ်းကြည့်တာပါ"

"ကျွန်တော်ကလဲ ခပ်ငယ်ငယ် တူမကလေးတစ်ယောက် ရှိစေချင်တာ၊ ဒါမှ အိမ်မှာ သိမ်းဖို့ဆည်းဖို့လျှော်ဖို့ အဖော် ရမှာပေါ့၊ ခုတော့ ဒိုဘီကုလားပဲ အပ်နေရတယ်"

"အေးလေ . . ဘယ်လိုဟာမျိုးလဲ ဆိုတာကို စောင့်ကြည့်ပါဦးကွာ"

x x x

သူကြီးနဲ့ ဆွေးနွေး၍ ဦးဘလေးနှင့် ဦးမောင်ကြီးတို့ အဆင်မပြေကြပေ။ ဒေါ်ငွေရှင်က ဝိုယိုကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သူကြီး . . ရှင့်သားလက်ကျိုးလို့ ဆေးကုမှာ ဘယ်လောက်ကုန်မှာလဲ၊ ဒီဆေးဖိုးကို ကျွန်မ ခံပါ့မယ်ရှင်၊ ကျွန်မသားကို ချုပ်မထားပါနဲ့ . . လျှော်ကြေးဒဏ်တပ်ပါ"

ဟု ပြောရှာသည်။

သူကြီး ဦးအေးထွန်းက ခေါင်းခါလိုက်သည်။

"အခုဟာက ကျုပ်လက်ထဲမှာ ထားလို့ မရဘူး၊ သူ့ကို မျိုးချစ်သူပုန်တွေနဲ့ ဆက်သွယ်တယ်လို့ သတင်းပေးတွေက မြို့ပိုင်ကို သတင်းပေးထား ကြပြီ၊ ဒီတော့ ခင်ဗျားတို့ ကျုပ်ကို ဘာမှ လာမပြောပါနဲ့၊ ဒါဟာ ရာဇဝတ်မှု တစ်ခုထဲမှ မဟုတ်ဘဲ သူပုန်မှုဆိုတာ ခင်ဗျားတို့ပါ ဒုက္ခရောက်နိုင်တယ်"

အရေးထဲမှာ သူကြီးဦးအေးထွန်းက လူကြီးများကိုပါ ဆွဲထည့်ချင်သော သဘောရှိသည်။ ဦးမောင်ကြီးကတော့ မပြောတော့၊ မုံရွာတွင် သူ၏ဆွေမျိုးသားချင်း တော်စပ်သော အရေးပိုင် ဦးသံဒိုင် ရှိသည်။

သူ့ထံသို့ သွားရောက် အကူအညီတောင်းရန်သာ စိတ်ကူးမိတော့သည်။

"သူကြီး . . ဒါဆို ကျွန်မသားကို ရှင် လုံးဝ လွှတ်မပေးနိုင်ဘူးပေါ့"

"ဟုတ်တယ် . . လွှတ်မပေးနိုင်ဘူး၊ မြို့ပိုင်ရုံးက တစ်ဆင့် ရွှေဘိုထောင်ကို ပို့ရလိမ့်မယ်"

"ကောင်းပြီ . . ကျွန်မ သက်ဆိုင်ရာက လိုက်မယ်"

ဒေါ်ငွေရှင်က အပြတ်ပြောလိုက်သည်။





"ကဲ . . ပြန်ကြစို့"

ဦးဘလေးကလည်း ဒေါသထွက်ကာ ထပြန်လာခဲ့လေသည်။

"ဒါ သက်သက် မတရားလုပ်တာပဲ၊ သူ့သားကလဲ အနိုင်ကျင့်သေးတယ်၊ ခုခံလို့ လက်ကျိုးတော့ ဒီကလူကို ဖိနှိပ်ချင်တယ်"

ဦးဘလေးက လမ်းမအရောက်တွင် မကျေမနပ် ပြောသည်။

"စိတ်မပူပါနဲ့ဗျာ . . နောက်နေ့ကျ ကျုပ်အစ်ကိုဝမ်းကွဲ မုံရွာက အရေးပိုင်ဆီ အကူအညီသွားတောင်း ကြတာပေါ့"

"အဲဒီလို အားကိုးရတဲ့သူရှိလို့ကတော့ ငွေဘယ်လောက်ကုန်ကုန်ရှင်၊ ကျွန်မတို့ လိုက်မယ်"

ဒေါ်ငွေရှင် အားတက်သရော ပြောလိုက်သော်လည်း အိမ်ခြံသို့အရောက်တွင် တံခါးဖွင့်ဖို့ တော်တော်နှင့် ခေါ်၍ မရပေ။

"သမီးရေ . . သမီး"

"နန္ဒာသင်း ဖေဖေတို့ကို လာတံခါးဖွင့်ပါဦး"

အသံများက တိတ်ဆိတ်နေသည်။ ခဏကြာတော့မှပင် ကွမ်းသီးခြံထဲမှ မီးရောင်တလက်လက်ဖြင့် ဒေါ်မြနန္ဒာ ပေါ်လာသည်။

"သမီးရေ . . တံခါးဖွင့်"



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ ကျွန်မ လာဖွင့်ပေးမယ်၊ သမီးပျောက်နေလို့တော့ ကျွန်မ စိတ်ပူနေရတာ"

"ဟင် . . ဘယ်လိုဖြစ်ရတာလဲ"

ခြံတံခါးကို ဖွင့်ပေးလိုက်၍ အားလုံး ဝင်လာကြရသည်။

"သမီးရေ . . အိမ်သာတွေ ဘာတွေများ သွားသလား"

"အိမ်သာမှာလဲ မရှိဘူး"

"ဟင်"

ဘသိုက် အဖမ်းခံထားရသည့်အထဲတွင် ဦးဘလေးနှင့် ဦးမောင်ကြီးတို့မှာ နန္ဒာသင်းက ပျောက်သွားပြန်သည်။

"ဒါ သွေးရိုးသားရိုးတော့ မဟုတ်ဘူး"

"ဟုတ်တယ် ကိုဘလေး၊ ဒါလဲ ကောင်တွေ လက်ချက်ပဲ ဖြစ်ရမယ်"

"ဘယ်လိုလုပ်မလဲ"

"မနက်ကျမှ ဌာန သွားပြီး တိုင်ချက်ဖွင့်ရမှာပေါ့၊ ဒါဟာ မတရားသွေးဆောင်မှု အကြမ်းဖက်မှုပဲ"

သူတို့သည် ညကြီးသန်းခေါင်တွင် မီးအိမ်တဝင်းဝင်းဖြင့် ကွမ်းသီးခြံထဲ ဆင်းလာကြသည်။ ကွမ်းသီးခြံထဲတွင် ခြေလှမ်းကျဲကျဲဖြင့် တစ်ဖက်ခြံသို့ ဝင်သွားသော ခြေရာကြီးများကို တွေ့ရလေသည်။

"အင်း . . ဒါ နန္ဒာသင်းကို ဖမ်းသွားတဲ့ ကောင်တွေ၊ သုံးယောက်ရှိတယ် . . ခြေရာသုံးစုံ . . ဒင်းတို့လက်ချက်ပဲ ဖြစ်မယ်"





သူတို့သည် တစ်ဖက်ရှိ ခြံသို့ကူးကာ ချောင်းခပ်သို့သွားသည့် လမ်းအတိုင်း လိုက်ရှာကြသည်။ သို့သော် မည်သည့် အရာမျှ မတွေ့ရတော့ချေ။ လက်လျှော့ကာ သူတို့ခြံရှိရာသို့ ပြန်လာသော လူလေးဦးတို့၏ ခြေလှမ်းများသည် လေးလံနေကြလေသည်။

ထိုညတစ်ညလုံး မအိပ်နိုင်ကြ။ နံနက်တွင် ရွှေဘိုပုလိပ်ဌာနသို့သွားကာ တိုင်ချက်ဖွင့်ကြတော့၏။

× × ×

မြို့ပိုင်ရုံးမှ သူပုန်များနှင့် ဆက်သွယ်ခြင်း၊ ရပ်ရွာကို အုပ်ချုပ်သော သူကြီးသားအား ခုခံခြင်းဟူသော ပုဒ်မတို့ဖြင့် ရွှေဘိုထောင်၌ ဘသိုက်ကို ထောင်ဒဏ် သုံးနှစ်အပြစ်ပေးလိုက်လေသည်။

စီရင်ချက်ချပြီးနောက် ဒေါ်ငွေရှင်က ဘသိုက်၏ မျက်နှာကို ဘယ်ပြန်ညာပြန်နမ်းကာ ငိုပါလေတော့သည်။

"သား . . မင်း မတရားခံရပြီ၊ ငါ့သား ဝဋ်ရှိသမျှ ခံပေတော့၊ ငါ့သားကို မတရားအပြစ်ပေးတဲ့ လူတွေကို အမေတို့နေ့တိုင်း မေတ္တာပို့ပါ့မယ်၊ သူတို့ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အိပ်ပျော်ပါစေ၊ စားဝင်ပါစေ . . ငါတို့သားအမိ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်တာမျိုး သူတို့ မကြုံကြပါစေနဲ့၊ မတွေ့ကြပါစေနဲ့"

ဘသိုက်၏ကိုယ်လုံးကို ဒေါ်ငွေရှင်က မလွှတ်တမ်းဖက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ . . ကျွန်တော် ယောက်ျားပါ၊ ကျွန်တော် ထောင်ကထွက်လာရင်တော့ ကျွန်တော့်ကို မတရားလုပ်တဲ့လူ တွေကို ဒီအတိုင်း ကြည့်မနေဘူး၊ ကျွန်တော့်အကြောင်း ကောင်း ကောင်း သိစေရမယ် အမေ"

ဘသိုက်တွင် လက်ထိပ်များ ခတ်ထားသည်။ ထောင် သို့ပို့ရန်အတွက် ဒေါ်ငွေရှင်၏လက်ထဲမှ ပုလိပ်များက အတင်း ဆွဲယူသွားကြသည်။

"သား . . ဘသိုက်"

"သားလေး"

ဦးဘလေးက အံကြိတ်ကာ မျက်ရည်ဝဲနေလေသည်။ ကိုလိုနီခေတ်၏ အနိဋ္ဌာရုံသဘောသည် ထင်ရှားလာ၏။ ပုလိပ် များမှာ သူတို့တာဝန်ကို သူတို့လုပ်သော ကျောက်ရုပ်များနှင့် တူလေသည်။

မြို့ပိုင်ရုံးမှ ရာဇဝတ်မှု ကျူးလွန်သော ရုံးတင်အမှုစစ် သည့် တရားခံများနှင့်အတူ ဘသိုက်သည် ဝက်ခြံလို လော်ရီ ကားကို ဘေးပတ်ပတ်လည် ကာရံထားသည့် ကားပေါ်သို့ ရောက်သွားသည်။

ဦးမောင်ကြီးနှင့် ဒေါ်မြနန္ဒာတို့သည်လည်း မျက်ရည် များကျနေသည်။ သူတို့မိသားစုနှစ်စုသည် ကံကြမ္မာဆိုးင်လေ ပြီ။ ဘသိုက်ကိုတော့ ထောင်ကျသည့်အချိန်တွင် ပို၍စိတ်ထိ ခိုက်စရာ ဖြစ်မည်စိုးသောကြောင့် နန္ဒာသင်းအကြောင်းကို ပြောမပြလိုက်တော့ပေ။





ပူလောင်သော မိသားစုနှစ်ခု ဆက်နေ၍ အကြောင်း ထူးမည် မဟုတ်သောကြောင့် ဦးမောင်ကြီးနှင့် ဒေါ်မြနန္ဒာတို့ သည် ထိုနေ့မှာပင် ရှတ်ဆက်ကာ ခင်ဦးသို့ လှည်းဖြင့် ပြန်သွား ကြလေတော့သည်။

× × ×

ထောင်လဲလှယ်ရေး အစီအစဉ်အရအမှုဟု တိတိကျကျ မပြနိုင်ဘဲ၊ အင်္ဂလိပ်မင်းအား ပုန်ကန်လူစုမှု၊ သူတစ်ပါးကို လက်ကျိုးအောင်ရိုက်နှက်မှုဟူသော ပြစ်ချက်များနှင့်ပင် ထောင် ကျသွားခဲ့ရသော ဘသိုက်သည် ထောင်သားများ လဲလှယ်ရေး အစီအစဉ်အရ 'ဂျွန်ကင်းဖလား'ဟူသော ထောင်ပိုင်ကြီး အုပ် ချုပ်သောနှစ်၌ ဘသိုက်သည် သရက်ထောင်မှ 'ပြည်ထောင်' သို့ ပြောင်းရွှေ့ခြင်း ခံရပြန်လေသည်။

ဘသိုက်သည် ထောင်ထဲတွင် လူအမျိုးမျိုးတို့ကို တွေ့ ကြုံရသည်။ အချို့ကလည်း ရာဇဝတ်မှုတစ်ခု ကျူးလွန်မိ၍ ထောင်ထဲသို့ ရောက်လာရသော်လည်း အလွန်စိတ်ကောင်းရှိ သူများ ဖြစ်ကြသည်ကို တအံ့တဩ တွေ့မြင်ရလေသည်။

"ဘသိုက်ရ လောကကြီးမှာ တစ်ခါတ လေ ကိုယ်က

ကောင်းကောင်းနေပေမယ့်လဲ အတိတ်က မကောင်းတဲ့ အကု သိုလ်ကံ လုပ်ခဲ့မိတော့ အဲဒီကံက အကျိုးပေးဖို့ ပေါ်လာတာကွ မင်းလဲ ဒီလိုပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးချူးတင်ဆိုသော အသက်လေးဆယ်ကျော် လူကြီးက ဘသိုက်ကို ရှင်းပြသည်။

"ခု မင်းကောင်းကောင်းနေတယ်၊ မင်းက သူတို့ကို ဘာမှ မလုပ်ဘူး၊ သူတို့က မင်းကိုလုပ်တယ်၊ မင်း ဘာတတ်နိုင်လဲ"

"ဘာမှ မတတ်နိုင်ဘူးဗျာ၊ ဒါ မတရားမှုသက်သက်ပဲ၊ ဒါပေမယ့် ဦးလေးကို တစ်ခုမေးချင်တယ်"

"မေးပါကွာ"

"ကံတွေဘာတွေ ကျွန်တော် သိပ်နားမလည်ဘူး၊ အတိတ်တွေ ပစ္စုပ္ပန်တွေ ခဏထားဦး၊ ခုဖြစ်လာတဲ့ကိစ္စက သူတို့က အခွင့်အရေးရှိတယ်၊ သူများကို နှိပ်စက်လို့ရတယ်၊ ဒါကို ကျုပ်တို့က ငုံ့ခံရမှာလား"

ဦးချူးတင်က ပြုံးလိုက်သည်။

"ဟုတ်တယ် . . ငုံ့ခံတယ် မခံဘူးဆိုတာ အခြေအနေပေါ်မှာ မူတည်တယ်၊ ခု မင်းလွတ်ရက်နီးပြီ . . မင်းအပြင်ထွက်ရတော့မယ်၊ မင်းဘယ်သွားမလဲ"

ဦးချူးတင်က အရေးကြီးသောကိစ္စကို မေးမြန်းလိုက်သည်။

"ကျုပ် ရွှေဘိုကိုပြန်မယ်၊ ကျုပ်မိဘတွေ ရှိတာပဲ၊ ကျုပ် သူတို့နဲ့နေမယ်၊ ပြီးတော့ ကျုပ်နဲ့ စေ့စပ်ထားတဲ့ ချစ်သူ နန္ဒာသင်းနဲ့ လက်ထပ်မယ်"





ဦးချူးတင်က တဟားဟားဖြင့် ရယ်မောလိုက်လေသည်။

"ဟား . . ဟား . . ဟား . . ဟား"

"ဘာရယ်တာလဲဗျ"

"မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို စိတ်ရှည်လက်ရှည်နဲ့ အပြင်လောက ကနေ ထိုင်စောင့်နေပါ့မလား၊ ပြီးတော့ မင်းကို ထောင်ဝင်စာ ဘယ်နှစ်ခါလာတွေ့သလဲ"

ဦးချူးတင်၏အမေးကြောင့် ဘသိုက် ငိုင်သွားလေသည်။

"ဒီထောင်မှာ မဟုတ်ဘူးလေ၊ မင်းတို့နဲ့နီးတဲ့ ရွှေဘိုထောင်မှာ"

ဘသိုက် ခေါင်းခါပြလိုက်လေသည်။

"အေး . . အဲဒါဆိုရင် နန္ဒာသင်းတင် မဟုတ်ဘူး၊ မင်းရဲ့မိဘတွေတောင် ဒုက္ခတစ်ခုခု ရင်ဆိုင်နေရတတ်တယ်"

"မပြောကောင်း မဆိုကောင်းဗျာ"

"မင်း ပြောပြချက်အရ ငါက တွေးတာပါ၊ မင်းတို့ရွာက သူကြီးသားအဖက သိပ်ပြီးတော့ ပါးနပ်တယ်၊ ကောက်ကျစ်တယ်ဆို၊ နန္ဒာသင်းဟာ သူကြီးသားက ဓားနဲ့ခုတ်လို့ မင်းက ခုခံတဲ့အတွက် လက်ကျိုးတာမြင်တဲ့ မျက်မြင်သက်သေ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"မင်းပဲ သူ့ကို အန္တရာယ်ပေးနိုင်တယ်လို့ သူကြီးသား အကြောင်း သိတဲ့ လူတစ်ယောက်က ပြောတယ်ဆို"

"သူကတော့ ခန့်မှန်းတာပေါ့ဗျာ"

"အေး . . အဲဒီခန့်မှန်းချက်တွေ မှန်နေရင် ဘယ်လို လုပ်မလဲ"





ဘသိုက်မှာ ထောင်ကလွတ်ကာနီးလာမှ အာရုံတွေက တွေပြားလာသည်။ အပြင်လောကမှ စိတ်ပူစရာတွေကို တွေးမိလာသည်။ သူသည် လွတ်ရန် တစ်လကျော်ကျော်သာ လိုလေတော့သည်။

ထောင်ထဲတွင် ကောင်းမွန်စွာ နေထိုင်ခြင်း၊ လျှော့ရက်၊ ဆုရမှတ်ကို ပုံမှန်ရခြင်းကြောင့် (၂)နှစ်နှင့် တစ်လတွင် ဘသိုက်ကို ထောင်မှလွှတ်တော့မည် ဖြစ်ကြောင်း သိရသည်။

သူသည် အခန်းလူကြီးအဖြစ်ဖြင့် ထောင်ထဲတွင် ဘာမျှ မလုပ်ရဘဲ နှစ်ကြီးသမားအဖြစ် နေနေရသည်။ သူနေခဲ့သော နေရာနှင့် အိပ်ရာတို့ကို ဘသိုက်သည် ကြည့်ကာ ငိုင်နေ၏။

"လူသစ်တွေလာလို့ ထောင်မှူးက အခန်းအုပ်တွေ ဘာရာတွေကို ခေါ်နေတယ်"

လူသစ်များ ရောက်လာလျှင် ထုံးစံအတိုင်း ထောင်တွင်း မှတ်ပုံတင် လုပ်ရပေမည်။ အခန်းမှူးတစ်ဦးအနေဖြင့် ဘသိုက်သည် မှတ်ပုံတင်စာရေးအဖြစ်လည်း ဆောင်ရွက်ရသေးသည်။

"ကဲ ရွှေဘိုထောင်က ပို့လိုက်တဲ့ လူခုနစ်ယောက်ပဲ ဘသိုက်ရေ . . သူတို့ကို ထောင်တွင်းမှတ်ပုံတင် နံပါတ်လုပ်ပါဦး"

"ရပါတယ် ဆရာအေး . . စာရွက်တွေ စာအုပ်တွေ အဆင်သင့်ပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဘသိုက်ကိုကူညီရန် တစ်ဦးတစ်ယောက်က စားပွဲနောက်ရှိ ဘသိုက်ဘေးမှာ လာထိုင်သည်။ ထောင်မှူးနှင့် လာပို့သူများက အချုပ်ထောင်ထဲမှ ထွက်သွားသည်။

ဘသိုက် ထရပ်လိုက်သည်။

"မေးတာကို ရှင်းရှင်းဖြေ၊ မအူမလည် မလုပ်နဲ့၊ အားလုံး ပုံစံနဲ့ရပ်စမ်း၊ ဒါ ထောင် မင်းတို့အမေ့လင်အိမ် မဟုတ်ဘူး"

ဘသိုက်က ထုံးစံအတိုင်း ထောင်သားများကို အပြောကြမ်းကြမ်းဖြင့် ပြောရလေသည်။ ရှေ့ဘယ်လက်ပေါ် ညာလက်အုပ်၍ ခေါင်းငုံ့ရပ်ကာ တန်းစီလိုက်လေသည်။ မှတ်ပုံတင်ပြီးလျှင် ပုံစံခန်းသို့ ပို့ရမည်လူများ ဖြစ်သည်။

တစ်ဦးပြီးတစ်ဦး နာမည်၊ အသက်၊ အမှုတွဲကို မေးကာ ထောင်တွင်းရှိ ရောက်ရှိလာသော ကိုယ်ပိုင်နံပါတ်ကို ပေးရသည်။ သို့မှသာ လူတစ်ဦးကို ခေါ်ယူလိုလျှင် ထိုကိုယ်ပိုင်နံပါတ်၊ ထိုမှတ်တမ်းနှင့်ပင် ခေါ်ရ၏။

ထောင်ထဲရောက်သည်မှ လွတ်သည်အထိ ထိုမှတ်တမ်းသည် ထောင်သားတစ်ဦးအတွက် အရေးကြီးလေသည်။

"ကျော်ဇင်"

"အဘအမည်"

"ဦးနီ"

"အလုပ်"

"လယ်လုပ်ငန်း"

"ထောင်ကျသည့်အမှု"





ကျော်ဇင်။

ကျော်ဇင်ကို သူကောင်းကောင်း သိသည်။ ကိုပေသီးထန်းတက်နေသည့် ထန်းတောမှ ထန်းတဲပိုင်ရှင် ဦးမြို့ရင်၏သားတစ်ဦး ဖြစ်သည်။ ကျော်ဇင်ကလည်း ဘသိုက်ကို မှတ်မိပုံရသည်။ သူသည် ဘေးမှတန်းစီများကို အကဲခတ်ကာ မရဲတရဲကြည့်နေ၏။

"ကဲ . . ကျော်ဇင် မင်း ဒီဘက်လာရပ်နေစမ်း"

"ဟုတ်ကဲ့"

ကျော်ဇင်က သူ့ကို ဘသိုက်မှတ်မိကြောင်း သိလိုက်ရသောကြောင့် မျက်နှာညိုးညိုးနှင့်ပင် ဘသိုက်ဘေးတွင် ရပ်နေသည်။ အားလုံးမေးမြန်းပြီး မှတ်ပုံတင်လုပ်ကာ ပြန်ပို့ဖို့ပြင်စဉ်

"ကျော်ဇင် မင်းနဲ့ငါ စကားပြောချင်တယ်၊ ခုတော့ မင်းပုံစံခန်းကိုလိုက်သွား၊ ပုံစံခန်းမှာ မင်း(၃)ရက်တော့ နေရမယ်၊ ဒီက ထွက်လာရင် မင်းကို ငါ့အချုပ်ဆောင်မှာ ခေါ်ထားမယ်"

"ကျေးဇူးပါပဲဗျာ"

ကိုယ့်ရပ်ရွာသားချင်းကို ထောင်တွင်း၌ ထိုသို့ပင် ကူညီစောင့်ရှောက်လေ့ရှိသည်။ ပုံစံခန်းအုပ်ချုပ်သူ သုံးဦးကိုလည်း ကျော်ဇင်ကို ပြထားလိုက်၍ သက်သာရာ ရသွားလေသည်။ ရောက်ရောက်ချင်း တောင်ယာတွင် ကျသောကြောင့် ရွာအကြောင်းသိချင်သော ဘသိုက်သည် ကျော်ဇင် ကျသည့် တောင်ယာခုတ်နောက်သို့ လိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုတ်လူကြီးမှာ ဘသိုက်ကို သိနေ၍

"ကိုဘသိုက် သင်္ဘောသီးနဲ့ ပဲ ချက်တယ် စားမလား"

ဟု နှုတ်ဆက်သည်။

"စားပါဗျာ . . ကျုပ် ကိစ္စရှိလို့ ဟိုက လူကို ခဏခေါ်မယ်"

"ခေါ်ပါ . . ခေါ်ပါ"

တောင်ယာတွင် ရေလောင်းနေသော ကျော်ဇင်ကို လက်ခုပ်တီးခေါ်လိုက်သည်။ ဘေးမှ လူများက လက်တို့ပြ၍ ကျော်ဇင်က တွေ့မြင်သွားလေသည်။

ကျော်ဇင်သည် ဘုတ်လူကြီးကို အရင်လှမ်းကြည့်လိုက်သည်။ ဘုတ်လူကြီးနှင့် ဘသိုက်တို့ စကားပြောနေသည်ကို တွေ့မှ ခပ်အေးအေးပင် လျှောက်လာခဲ့၏။ ထို့နောက် အရိပ်ရှိသော ကုက္ကိုပင်ရှိရာသို့ လျှောက်လာရာ ကျော်ဇင်က

"ကိုဘသိုက် လွတ်ခါနီးပြီလား"

ဟု မေးလိုက်သည်။

"နီးပြီပေါ့ကွာ . . နှစ်နှစ်ကျော်ပြီပဲ၊ ငါ့ရွာအကြောင်း သိချင်လို့၊ မင်းအဖေ ဦးမြို့ရော"

"အဖေက ထုံးစံအတိုင်း ထန်းတဲမှာပေါ့"

"ကိုပေသီးရော နေကောင်းလား"

"ကောင်းပါတယ်၊ အသောက်မပျက် အစားမပျက်ပါပဲ"

"မင်းက ဘယ်လိုလုပ်ဖြစ်ပြီး နွားခိုးမှု ဖြစ်ရတာလဲ"





"အပေါင်းအသင်း မကောင်းလို့ပေါ့ဗျာ၊ ကျုပ်က ခိုးပါဘူး၊ သူတို့က ထန်းရည်မူးမူးနဲ့ ကျော်ဇင်လာ . . ရိုးထဲမှာ နွားတစ်ကောင် ပေါ်လို့ လိုက်ခဲ့၊ အိမ်စားဖို့လဲ ရမယ်ဆိုလို့ လိုက်သွားတာ"

"ဖြစ်ရလေကွာ အဲဒါနဲ့ ပုလိပ်တွေက ဝိုင်းဖမ်းတာလား"

"ပုလိပ် မဟုတ်ပါဘူး၊ သူကြီး ဦးဖိုးတာက ဆယ်အိမ်ခေါင်း ကိုညိုအေးနဲ့ ရွာသားတွေခေါ်ပြီး လာဖမ်းတာပဲ"

"ဖြစ်ရမယ် နေပါဦး၊ သူကြီးဦးဖိုးတာက တက်သေးရာကပဲ၊ သူကြီးဦးအေးထွန်းက"

"အော် . . အဲဒီအကြောင်းတွေ ခင်ဗျား မသိသေးဘူး၊ သူကြီးဦးအေးထွန်းက သူ့သား စံထွန်းတို့ ချစ်ပိုင်တို့ ဝါးလည်ရွာမှာ ဓားပြမှု ဖြစ်တယ်လေ၊ စံထွန်းဟာ အဲဒီတော့မှ ဓားပြဆိုတာ တစ်ရွာလုံး သိရတယ်"

"လူယုတ်မာကွာ တောက် . . သူကများ ငါ့ကို ဒုက္ခပေးသေးတယ်၊ ငါဒီလိုမှန်းသိရင် အသေသတ်လိုက်မှာပေါ့၊ စံထွန်း ထောင်မကျဘူးလား . . အခု ဘယ်ထောင်မှာလဲ"

'စံထွန်း'အပေါ်တွင် နာကျည်းစိတ်ဖြင့် မေးလိုက်လေသည်။

ကျော်ဇင်က ခေါင်းခါပြသည်။

"ဒီလိုကောင်မျိုးက သိတဲ့အတိုင်း၊ သူ့လူတွေဖြစ်တဲ့ ချစ်ပိုင်တို့ မောင်ထွေးတို့က ဖော်လို့ ပေါ်တာ၊ သူက ရှမ်းပြည်



www.burmeseclassic.com

www.burmeseclassic.com



ဘက် ထွက်ပြေးတယ်ဆိုလားပဲ၊ ဒါပေမယ့် သူ့အဖေ သူကြီး ဦးအေးထွန်းကတော့ သူ့ကြောင့် သူကြီးရာထူးက ပြုတ်သွားတယ်၊ ရွာမှာလဲ မနေရဲတော့တာနဲ့ သူ့ဆွေမျိုးတွေရှိတဲ့ ဟင်္သာတကို ပြောင်းသွားပြီ"

"ကောင်းပါတယ်ကွာ . . ရွာသူရွာသားတွေအတွက် တစ်တောရှင်းတာပေါ့၊ ငါထောင်က လွတ်ရင်တော့ စံထွန်းကို တွေ့အောင် ရှာပြီး လက်စားချေဦးမယ်"

ကျော်ဇင်က ဘုတ်လူကြီးကို လှမ်း၍ကြည့်၏။ ဘုတ်လူကြီးက ရေလောင်းနေသူများကို အော်ဟစ်ငေါက်ငန်း အမိန့်ပေးနေသည်။

"ငါ့အဖေအမေတွေရော နေကောင်းရဲ့လား"

ကျော်ဇင် သက်ပြင်းချလိုက်သည်။

"ခင်ဗျား ရွာမသွားရင် အကောင်းဆုံးပဲ၊ စိတ်မချမ်းသာစရာတွေ တွေ့မယ်"

"ဘာလို့လဲကွ . . ပြောပါဦး"

"ခင်ဗျားအမေ ဆုံးသွားပြီ"

"ဘာ . . အမေဆုံးပြီ"

သတင်းဆိုးကို ကြားလိုက်ရသောကြောင့် ဘသိုက်မှာ မဆောက်တည်နိုင်အောင် ဖြစ်သွားသည်။ သူ့မျက်လုံးအိမ်မှ မျက်ရည်များ လျှံကျလာသည်။

"ဘယ်တုန်းက ဆုံးတာလဲ"

"ဒီနှစ်ထဲမှာပဲ"





"ခင်ဗျား ထောင်ကျပြီး ရက်ပိုင်းမှာ ခင်ဗျားတို့အိမ် ဓားပြတိုက်ခံရတယ်၊ ရွှေတွေ ငွေတွေ စုထားသမျှ အကုန်ပါသွားတယ်"

"ဟာ ဖြစ်မှဖြစ်ရလေ၊ အမေ တော်တော် စိတ်မချမ်းမသာ ဖြစ်မှာပဲ"

သူထောင်ကျနေသည့် အချိန်တွင် အဖြစ်ဆိုးကြုံရသော မိခင်ကို သနားနေသည်။

"ဓားပြရိုက်လိုက်တာက ခေါင်းထိတော့ တစ်ချက်ထဲ သတိမေ့သွားတယ်"

"တောက် . . ဒါ ဟိုကောင်တွေရဲ့လက်ချက်ပဲ ဖြစ်ရမယ်"

"ဝါးလည်ရွာဓားပြမှု ပေါ်တော့ ရွာကလူတွေလဲ အဲဒီလိုပဲ မှတ်ချက်ချကြတယ်၊ ခင်ဗျားအမေ တစ်နှစ်ကျော် အိပ်ရာထဲမှာ လဲပြီးနေတယ်၊ ခင်ဗျားအဖေက ဆေးဆရာနဲ့ ကုပါတယ် ဒါပေမယ့် မရတော့ဘူး"

"အဖေ ဦးဘလေးကတော့ အဲဒီအိမ်မှာပဲ ရှိဦးမှာပေါ့"

ကျော်ဇင်က ခေါင်းခါလိုက်လေသည်။

"မရှိတော့ဘူး၊ ခင်ဗျားကလဲ ဘယ်အချိန်ထွက်မှန်းမသိ၊ ဇနီးကလည်း ဆုံးဆိုတော့ ဆုတောင်းပြည့်က ဦးသုမန ကျောင်းမှာ သင်္ကန်းဝတ်ပြီး တရားအားထုတ်နေတယ်"

"အော် . . တော်သေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဆုံးသွားသော်လည်း ဖခင်ကျန်သေးသည်ဟု ဆိုသောကြောင့် ဘသိုက်အနည်းငယ် ဖြေသာသွားလေသည်။ လက်သီးကို ဆုပ်ကာ မျက်လုံးက မျက်ရည်များကို လက်မောင်းဖြင့် ပွတ်သုတ်လိုက်လေတော့သည်။

"ကဲ . . မင်း သွားချင်သွားတော့၊ နောက်တော့ အေးအေး စကားပြောသေးတာပေါ့၊ မင်းကို ငါမလွှတ်ခင် ငါ့အခန်းခေါ်ထားပါ့မယ်၊ နောက်နှစ်ရက်ပြီးရင် ငါလာခေါ်မယ်"

"ကျေးဇူးပါပဲ ကိုဘသိုက်၊ ခင်ဗျားရှိနေတာ ကျုပ်အတွက် တအားပဲ၊ တရားနဲ့ဖြေပေါ့ဗျာ . . ဘယ်တတ်နိုင်မလဲ"

"ငါနားလည်ပါတယ်ကွာ၊ ဒါပေမယ့် ဒါတွေ အားလုံးဖြစ်ရတာဟာ စံထွန်းဆိုတဲ့ကောင်ကြောင့်ပဲကွ၊ အဲဒါတော့ လုံးဝ သေချာတယ်"

နောက်တစ်လခန့် ရှိသောအခါတွင် ပြည်ထောင်မှ ဘသိုက် လွတ်မြောက်လာခဲ့လေသည်။ ဘသိုက်သည် လွတ်မြောက်သည်နှင့် ထောင်ထဲတွင် သူတိတ်တဆိတ် စုထားသော ခရီးစရိတ်လေးဖြင့် ပြည်ဆိပ်ကမ်းမှ မော်တော်စီးကာ အထက်သို့ ဆန်တက်လာခဲ့လေသည်။

ရွှေဘိုမြို့သို့ ရောက်သောအခါ မြို့သည် သူ့ကို စိမ်းစိမ်းကားကား ကြည့်နေသည်ဟု ထင်မှတ်ရတော့၏။ နွေရာသီ တပေါင်းလဖြစ်၍ သစ်ရွက်များက တဖွဲဖွဲ ကြွေကျနေသည်။ ပေါက်ပင်များ ရဲရဲနီအောင် ပွင့်နေပြီး မန်ကျည်းပင်များကတော့ ရွက်နုဝေနေကြလေသည်။





"ဥသြ . . ဥသြ"

အလွမ်းဓာတ်ခံရှိသူအတွက် အဝေးရပ်မှ လွမ်းလွမ်းဆွေးဆွေး အော်လိုက်သော ဥသြတွန်သံက ရင်ထဲတွင် နင့်ခနဲဖြစ်သွားသည်။

ထောင်မှလွတ်လာလျှင် သူ့အဖေ၏စကားသံနှင့် အမေ၏မျက်နှာကို မြင်ရလိမ့်မည်ဟု ထင်သည်။ တရားရုံးတွင် သူ့ကို ပွေ့ဖက်ထားသော အမေ့ရုပ်ပုံလွှာကို မြင်လာသည်။

"အော် . . အမေ . . အမေ အမေနဲ့ကျွန်တော် ဘယ်တော့မှ ပြန်တွေ့ရတော့မှာ မဟုတ်ဘူးနော်"

ဘသိုက်သည် အံကိုက်ထားသည့်ကြားမှပင် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။ သူသည် ရွာလမ်းသို့ ရောက်သောအခါ မျက်ရည်များကို စင်ကြယ်အောင် သုတ်ပစ်လိုက်သည်။

သူကြီးအိမ်နားသို့ ရောက်သောအခါ ခေတ္တရပ်ကြည့်လိုက်သည်။ အလုံပိတ်ကာရံထားသော သစ်လုံးများ မရှိတော့။ နောက်ဝယ်သူက ခြံကို လှလှပပ ခပ်ကျဲကျဲနှင့် အတွင်းကို မြင်ရအောင် ကာထားသည်။ အတွင်းဘက်တွင်လည်း ပန်းခင်းလေးများ စိုက်ထားလေသည်။

အခြေအနေဆိုသည် တစ်ခုပြောင်းလဲသည်နှင့် အားလုံး ပြောင်းလဲတတ်သည့် သဘောလား၊ သူ့ခြေထောက်ကတော့ သူ့အိမ်ကို သိနေသည်။ သို့သော် အိမ်ဝသို့ရောက်သောအခါ သူ မဝင်ရဲတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ပြောသော စကားများကို သတိရလာသည်။ မိန်းမများ ယောကျ်ားများသည် အိမ်ထဲတွင် မောင်းထောင်းသူထောင်း၊ ဆန်ပြာသူပြာ လုပ်နေ၏။ သူ့ကို တစ်ယောက်က မြင်သွားသည်။

"ဘသိုက် . . မဟုတ်လား"

"ဟုတ်တယ် အဒေါ် . . ကျွန်တော်တို့အိမ် အဒေါ်တို့ ဝယ်လိုက်တာလား"

"ဟုတ်တယ် ဝင်ပါဦးလား"

"မဝင်တော့ပါဘူး"

ရွာထဲမှ လယ်ပိုင်ရှင် ဦးဖိုးသီးတို့ မိသားစု နေကြခြင်းပင် ဖြစ်လေသည်။

× × ×



အဖေသည် သားအတွက် မစဉ်းစားတော့။ သားပြန်လာလျှင် မည်သည့်အိမ်တွင်နေမည်၊ မည်သို့လုပ်ကိုင်စားသောက်ရမည်ဆိုသည်ကို အဖေသည် မတွက်တော့။ အဖေက လောကကြီးကို အလွန်စိတ်ပျက်သွားပုံရသည်ဟု ဘသိုက် ထင်မိတော့သည်။

ဘသိုက်မှာလည်း ဆံပင်ရှည်၊ မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးရှည်ရှည်၊ လွယ်အိတ်စုတ်စုတ်တစ်လုံးနှင့် မြင်သူက သူခိုးဘိန်းစားဟု ထင်မြင်ချင်စရာ ဖြစ်နေသည်။ လျှောက်ရင်း ဦးမြို့တို့ ထန်းတောနားသို့ ရောက်လာ၏။ ကျော်ဇင်မှာလိုက်သော စကားကို ဝင်ပြောရဦးမည်။

ထန်းတဲထဲသို့ ဝင်လာသောအခါ ကွပ်ပျစ်ပေါ်တွင် ကိုပေသီးသည် အိပ်နေ၏။ ဦးမြို့က ရေနွေးအိုး တည်နေသည်။

"ဦးမြို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဦးမြို့က ဘသိုက်ကိုမြင်ရသောအခါ တစ္ဆေသရဲကို မြင်တွေ့သည့်အတိုင်း ထရပ်လိုက်သည်။ ကိုပေသီးကလည်း ဘသိုက်အသံကြောင့် မျက်လုံးများ ပွင့်လာလေသည်။

"မင်း . . မင်း"

"ကျုပ် ဘသိုက်လေ"

"ဟာ . . ဘသိုက်၊ ငါ့သားလဲ နွားခိုးမှုနဲ့ ထောင်ကျသွားတယ်ကွ၊ ဒီကောင် မလည်ရှုပ်ပါ၊ နွားက သူများခိုးလာတာ ပေါ်တဲ့နေရာ လိုက်သွားရင်း အဖမ်းခံရတာ"

ဦးမြို့က ရေနွေးအိုးနှင့် စားစရာယူလာကာ ကွပ်ပျစ်ပေါ်တင်သည်။

"တွေ့ပါတယ်၊ ကျုပ်က အခန်းလူကြီးဆိုတော့ ပြည်ထောင်မှာ ကျုပ်အခန်းထဲ ခေါ်ထားတာ၊ ကောင်းကောင်းနေပါတယ်"

"အေး . . မင်းကတော့ ကိုယ့်ရွာသူရွာသားချင်း ကူညီမယ်ဆိုတာ သိပြီးသားပါ"

ကိုပေသီးက ထလာရင်း

"မင်း ဒုက္ခပေးတဲ့ မကောင်းဆိုးဝါးတွေလဲ သူ့အကုသိုလ်နဲ့သူ ရွာက လွင့်သွားကြပြီလေ"

ဟု ပြောသည်။

"ကျွန်တော် စိတ်မကောင်းတာက အမေ ဆုံးသွားတာပဲဗျာ"





"အေးပေါ့ကွာ . . မင်းအမေ ဆုံးတာလဲ ဟိုကောင့်လက်ချက်ပဲ၊ ဒါနဲ့ မင်းနဲ့ စေ့စပ်ထားတဲ့ ကောင်မလေး ပျောက်သွားတာ မင်းသိလား"

"ဗျာ . . မသိဘူး"

ကိုပေသီးက 'နန္ဒာသင်း'ကို ရည်ရွယ်ကာ ပြောခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

"ဘယ်လိုပျောက်တာလဲ"

"သတင်းကြားရတာတော့ မင်း သူကြီးအိမ်မှာ အဖမ်းခံရတုန်း မင်းအဖေနဲ့ အမေ လိုက်လာကြတယ် မဟုတ်လား"

"ဟုတ်တယ် နန္ဒာသင်းရဲ့အဖေ ဦးမောင်ကြီးလဲ ပါတယ်"

"အေး . . အဲဒါ အိမ်ဝင်းထဲဝင်ပြီးတော့ လူဆိုးတွေ၊ လူဆိုးတွေဆိုတာ စံထွန်းရဲ့လူတွေပဲ ဖြစ်ရမယ်၊ ဖမ်းသွားကြတယ်"

"ဟာဗျာ . . မိန်းမကောင်းတစ်ယောက်ကို သူတို့ဖျက်ဆီးလိုက်ကြပြီ ထင်တယ်"

"အေး . . အဲဒီညပျောက်သွားကတည်းက ဘာသတင်းမှ မကြားရတော့ဘူးလို့ပဲ သိရတယ်၊ အနိုင်ကျင့်ပြီး သတ်လိုက်ကြသလား၊ ဒါမှ မဟုတ်လဲ ဘယ်ကိုပို့ပစ်သလဲ စဉ်းစားလို့ကို မရဘူး"

"အင်း . . ဒါ ကိုပေသီးပြောလို့ ရွာရောက်မှ ကျွန်တော် သိရတာ၊ ကျော်ဇင်က မသိဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ကျော်ဇင်က ဘယ်သိမလဲ၊ ဒီကောင် ကြက်တိုက်ဖို့နဲ့ ဖဲရိုက်ဖို့ပဲ သတိရတဲ့ကောင်"

"အဖေနဲ့တွေ့ရင်တော့ အကြောင်းစုံ သိရမှာပါ"

"အေး . . ဆုတောင်းပြည့်ဘုရားကျောင်းမှာ မင်းအဖေ ရှိတယ် သက်န်းဝတ်နေတယ်"

အဖေသည် အဖေနှင့် မတူတော့။

အလွန်ပိန်လှီသော ဘုန်းကြီးအိုကြီးတစ်ပါး ဖြစ်သွားလေသည်။

ယခင်က ပြည့်ဖြိုးစိုပြေ ခဲ့သည့် အဖေ၊ အသားဆိုင်တို့မှာ နှစ်နှစ်ကျော်အတွင်း ယူပစ်လိုက်သလို ဘာမှမရှိတော့ပေ။

တောက်ပကြည်လင်စွာ ရှိတတ်သော အဖေ့မျက်လုံးများသည် မှုန်မှုန်မှိုင်းမှိုင်းနှင့် လေးလေးကန်ကန် ဖြစ်နေသည်။ အဖေသည် ဘဝအတွက် ဘာကိုမျှ မျှော်လင့်ထားပုံ မရတော့ချေ။

ယခင်က သားကိုတွေ့လျှင် ပြုံးတတ်သော အပြုံးလည်း အဖေ့မျက်နှာမှာ မမြင်ရတော့။

"အော် . . ဒကာလေး လွတ်လာပြီကိုး"

ဘသိုက်ကို အေးစက်စက်ကြည့်ကာ မှတ်ချက်ချသည်။

"ဒကာလေးလဲ ရွာက အကြောင်းတွေ သိရတော့ တော်တော်စိတ်မချမ်းမသာ ဖြစ်မှာပဲ၊ မဖြစ်နဲ့ ဒကာလေး၊ စယ မွှာ၊





ဝယမွှာ၊ ပိရာဂမွှာ၊ နိရောဓမွှာ ဆိုသလိုပဲ သင်္ခါရတရားတွေဟာ ပျက်တတ်တယ်၊ ကုန်တတ်တယ်၊ ချုပ်စေတယ်၊ ငြိမ်းတတ်တယ်၊ နောက်ဆုံး ဒကာလေးရဲ့ ခန္ဓာကိုယ်ကြီးတောင် ပျက်စီးရမှာ မဟုတ်လား"

"မှန်ပါတယ် ဘုရား"

အဖေ ဘုန်းကြီးက တရားဟောနေ၍ ဘသိုက် တရားနာနေရသည်။

"ဒါပေမယ့် ဒကာလေးအတွက် ဘုန်းကြီးစီစဉ်ထားတာ ရှိပါတယ်၊ ဆရာတော် ဦးသုမနနဲ့ ကပ္ပိယကြီး ဦးကြံတို့ ဟိုဘက်ရွာမှာ ရေစက်ချတရားနာသွားကြတယ်၊ ဒကာလေးအတွက် ဘုန်းကြီး လှူတာ၊ ဆွမ်းကျွေးတာ သင်္ကန်းဝတ်တာက လွဲရင် ကွမ်းသီးခြံနဲ့ လယ်တွေအိမ်တွေ ရောင်းထားတဲ့ငွေတွေ ရှိတယ်"

"တင်ပါ့ ဘုရား"

"ဒကာလေးကလဲ လောကီကို စိတ်မကုန်သေးတော့ ဒါတွေလိုမှာပဲ"

"အရှင်ဘုရား အလိုရှိတဲ့ ပစ္စည်းလေးပါးအတွက်လဲ ထားပါဦး ဘုရား"

"ကိစ္စ မရှိပါဘူး၊ ဒကာလေး ပြန်လာရင် ဘဝကိုထူထောင်ပြီး လူ့လောကမှာ နေနိုင်ဖို့ ဆရာတော် ဦးသုမနက အစီအစဉ်ချပြီး ကပ္ပိယကြီး ဦးကြံကို သိမ်းထားခိုင်းထားတယ်"

"အရှင်ဘုရားရော ကျန်းမာချမ်းသာရဲ့လား ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကျန်းမာချမ်းသာပါတယ်၊ ဘုရားရိပ် တရားရိပ် သံဃာတော်တွေရဲ့အရိပ်ကို ခိုလှုံရတာလောက် ငြိမ်းချမ်းအေးချမ်းတာ ဘယ်ရှိပါ့မလဲ"

မကြာမီ ဆရာတော်ဦးသုမနနှင့် ကပ္ပိယကြီး ဦးကြံတို့ ရွာထဲရှိ ရေစက်ချတရားနာမှ ပြန်လာကြသည်။ ဦးသုမနသည် သူ့တပည့်ကို တွေ့၍ ဝမ်းသာသွားသည်။

"ကပ္ပိယကြီး သူ့ကို မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ တွေ ဆံပင်တွေကို အရင်ရိတ်ပေးလိုက်စမ်း"

"တင်ပါ့ဘုရား"

ကပ္ပိယကြီး ဦးကြံကား ဘုန်းကြီးများကို ဆံရိတ်ပေးခြင်း၊ ကိုရင်များကို ဆံရိတ်ခြင်း လုပ်ပေးရာတွင် ကျွမ်းကျင်သူဖြစ်၍ ရေတွင်းသို့ ခေါ်ကာ ဆရာတော်၏အမိန့်အတိုင်း ဆံပင်ကို သင်တုံးဓားနှင့် သပ်သပ်ယပ်ယပ်ဖြစ်အောင် ညှပ်ပေးသည်။

ပြီးနောက် ရှည်နေသော ဆံပင်များကိုဘီးခံကာ သေသပ်အောင် လုပ်ပေးသည်။ ဓားနှင့် ဖြတ်လျက် ညှိကာ လုပ်လိုက်သောအခါ ဘသိုက်၏ရုပ်သွင်မှာ ကြည့်ပျော်ရှုပျော် ဖြစ်သွားသည်။

ယခင်က ရှုပ်ထွေးပွေလီနေသော မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး ပါးသိုင်းမွေးများ ရှင်းလင်းသွားသောအခါ ကြည်လင်သော ဘသိုက်၏ ရုပ်ရည်ပေါ်လာသည်။

ယောကျ်ားဝတ်အင်္ကျီသုံးစုံ၊ လုံချည်သုံးထည်၊ ခရီးဆောင်အိတ်တစ်လုံး၊ လက်နှိပ်ဓာတ်မီးတစ်လက်နှင့် မုံရွေးဆရာ





တော်ရေးသော 'သမန္တစက္ခု ဒီပနီ' ပေစာထုပ်ကြီးတစ်ထုပ်ကို ဆရာတော် ဦးသုမနက သူ့ရှေ့တွင် ချထားသည်။

"ကဲ . . ဦးချ . . ဦးချ"

ဆရာတော် ဦးသုမနက ဦးပဉ္စင်းမင်္ဂလခေါ် ဘသိုက်၏ အဖေနှင့်အတူ ထိုင်နေရာမှ ဦးချခိုင်းသည်။ ထို့နောက် ဘုရား တရား သံဃာဟူသော သရဏဂုံကို တည်စေ၍ ငါးပါးသီလ ပေးသည်။

"အင်း . . မင်း အခု သုံးနှစ်လောက်တော့ ကံဆိုးစရာ မရှိတော့ဘူး၊ မင်း ဒီရွာမှာ မနေဘူး မဟုတ်လား"

"တင်ပါ တပည့်တော် ဒီရွာမှာ နေရင် အမေ့ကို သတိရစရာတွေ ရှိနေလို့၊ စိတ်ပြေလက်ပျောက် ခရီးသွားချင်နေပါတယ်"

"အေးကောင်းတယ် . . ကောင်းတယ်၊ မင်းရှာချင်တာလဲ ရှိမှာပေါ့၊ ဒါပေမယ့် အန္တရာယ်တွေကို ရှောင်နိုင်ဖို့လိုတယ် ဒကာလေး ဘသိုက်၊ ဒေါသနဲ့ ဘယ်တော့မှ ဝုန်းခနဲ ရင်မဆိုင်နဲ့၊ စဉ်းစားပြီးမှလုပ်"

"တင်ပါ့ဘုရား"

"ကဲ လွယ်အိတ်စုတ်ထဲမှာ အဖိုးတန်တာ ဘာရှိသလဲ၊ မရှိရင် လွှင့်ပစ်၊ ဒီမှာ ခရီးဆောင်အိတ်၊ ဒီအိတ်ထဲမှာ ကပ္ပိယကြီး ငွေဘယ်လောက်"

"ကပ္ပိယကြီး ဦးကြံက"



www.burmeseclassic.com

www.burmeseclassic.com



"ငွေသုံးထောင်ပါ ဘုရား"

ဟု နောက်မှ ပြောသည်။

ထိုခေတ်က ငွေသုံးထောင်ဆိုသည်မှာ နည်းလှသည် မဟုတ်ပေ။ တိုက်တစ်လုံး ကားတစ်စီး ဝယ်နိုင်သောငွေ ဖြစ်လေသည်။

"တပည့်တော် ဒီငွေတွေကို အကုန်ယူမသွားချင်ဘူး ဘုရား"

ဘသိုက်က သူ့အတွက်ငွေနှင့် အဝတ်အစားများ ရှိနေသည်ကို တွေ့သောအခါ ဝမ်းသာ၍ စိတ်သက်သာရာ ရသွားသည်။ သူ၏အပေါ်တွင် အထင်လွဲသောစိတ်ကိုလည်း ဆင်ခြင်မိသွားလေသည်။

"ကဲ . . ဒကာလေး ကန်တော့ ကန်တော့ ငွေသုံးထောင်ကို အကုန်ယူသွားပါ၊ နောက်လိုချင်ရင်လဲ ဒီကျောင်းကို ရောက်အောင်လာခဲ့၊ ဘုန်းကြီးက ကပ္ပိယကြီးဆီ အပ်ထားတဲ့ ငွေလက်ကျန် ရှိပါသေးတယ်"

"တပည့်တော် ငွေတစ်ထောင့်ငါးရာပဲ ယူသွားပါ့မယ် ဘုရား၊ ဒီကျောင်းမှာပဲ ကျန်ငွေကို အပ်ထားပါရစေ"

ငွေတစ်ထောင့်ငါးရာမှာလည်း ရင်းနှီးစားသောက်ကာ အိမ်ဝယ်ခြံဝယ်၍ ရနိုင်သည့်ငွေပင် ဖြစ်လေသည်။

"ကဲ . . ကပ္ပိယကြီး သူ့သဘောအတိုင်း သိမ်းပေးထားလိုက်ပါ၊ အကျီလုံချည်တွေ လဲပါဦး"

ကပ္ပိယကြီးက ရေတွက်ကာ ယူလိုက်သည်။





"ကျုပ် သိမ်းထားပေးပါ့မယ်၊ ကျုပ်ကလဲ အသက်ကြီးပြီ၊ ဒီတော့ ခုထဲက ကျုပ်ထားတဲ့နေရာကို ဘုန်းကြီးတွေ ပြထားပါ့မယ်၊ ကျုပ် မရှိလဲ ကန်တော့ပြီးတော့ တောင်းပေါ့"

× × ×



www.burmeseclassic.com

www.burmeseclassic.com

ဦးနေဝနှင့် ခေါ်လှတို့သည် ပူရှူးလေးကိုပါ ခေါ်ကာ ဂေါ်ဝိန်ဆိပ်မှ မြင်းလှည်းဖြင့် သဇင်နွယ်ကို တင်ခေါ်လာခဲ့လေသည်။

သူငွေးက သဇင်နွယ်ကို ဖောင်ပေါ်တွင် ပါလာ၍ ခေါ်လာခဲ့ရမည်၊ လူကို အကဲခတ်ကြည့်မည်၊ အိမ်လိပ်စာကို စုံစမ်းကာ ပြန်ပို့ပေးမည်ဟု ပြောထားခဲ့သည်။

'သဇင်နွယ်'တစ်ဖြစ်လဲ နန္ဒာသင်းသည် လှည်းနောက်တွင် ခြေချထိုင်လာသည်။

သူ၏ဘဝကိုသာ သူမ မှတ်မိရမည် ဆိုလျှင် အလှန် ဝမ်းနည်းကြေကွဲစရာကောင်း၍ ငိုယိုနေရမည်သာ ဖြစ်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ယခုတော့ သူမသည် စိတ်လက်ပေါ့ပါး ရွှင်လန်းနေ၏။

မြင်းလှည်းနောက်တွင် ခြေနှစ်ချောင်းချကာ ထိုင်နေသည်။ သူမအင်္ကျီများမှာ မဲနေ၍ မလှ၍နံ့သာရောင်ရင်ဖုံး အင်္ကျီကို ဝတ်ဆင်လာသည်။ ဆံပင်ကို ကျကျနန ထုံးထား၍ မျက်နှာမှာ ကြည်လင်နေသည်။

"ကိုင်ထားနော် . . မမ လိမ့်ကျမယ်"

ပုစူးမက စိုးရိမ်သံဖြင့် သတိပေးသည်။ ဂုဏ်တန်ရပ်ရှိ ခြံဝင်းကျယ်ကြီးရှေ့သို့ မြင်းလှည်းရပ်လိုက်၏။

"ကဲ . . ရောက်ပြီ ဆင်းကြစို့"

ဦးနေဝက အသံပြုလိုက်သည်။ နှစ်ထပ်တိုက်အိမ်ကြီးမှာ ကြီးမားလှ၍ အိမ်ရှေ့တွင် နွယ်သာကီနှင့် နှင်းဆီပန်းများ စိုက်ပျိုးထားသည်။ သဇင်နွယ်သည် လှည်းပေါ်မှ ခုန်ချလိုက်၏။

ခြံဝင်းစောင့်က တံခါးကိုလာဖွင့်ပေးသည်။ အိမ်ပေါက်ဝမှ ထွက်ကာ ရွှေအိုးက ရပ်ကြည့်နေသည်။ နံ့သာရောင် ရင်ဖုံးအင်္ကျီနှင့် ပါတိတ်ထမိကို ကြည့်လိုက်ရင်း

"အင်း . . တော်တော်ချောတဲ့ မိန်းကလေးပဲ၊ အသက်ကလဲ နှစ်ဆယ်ဝန်းကျင်လောက် ရှိဦးမယ်"

ဟု ခန့်မှန်းလိုက်သည်။

"ဆရာဦးမောင်မောင်ကြီး ရှိတယ် မဟုတ်လား"

"ရှိပါတယ် . . ရှိပါတယ်၊ တက်ပါ ဧည့်ခန်းထဲမှာ ထိုင်စောင့်နေပါတယ်"





ရွှေအိုးက အိမ်တံခါးကို ဖွင့်ပေးလိုက်၏။

ဧည့်ခန်းမှာ ဥရောပပုံစံမျိုး အလင်းရောင်ကို ဖျော့ဖျော့သာ ပေးထားသည်။ ဆိုဖာကုလားထိုင်များမှာ အစိမ်းရောင် ကတ္တီပါကြီးများနှင့် ချုပ်ထားသော လူတစ်ကိုယ်လုံး မြုပ်သွားနိုင်သည့် ကုလားထိုင်မျိုးဖြစ်သည်။

ထိပ်ဆုံးမှ ဆိုဖာသည် စားပွဲအရှည်လိုက်နှင့် ထိပ်တိုက်ဖြစ်နေသည်။ ထိုကုလားထိုင်တွင် မောင်မောင်ကြီးက ထိုင်နေသည်။

မျက်နှာပြည့်ပြည့်နှင့် ပြုံးနေသော မောင်မောင်ကြီး၏ ဘယ်လက်မှ စိန်လက်စွပ်မှာ လှုပ်လိုက်တိုင်း လင်းခနဲ လင်းခနဲ ဖြစ်သွားသည်။ ဦးနေဝအတွက် ရိုးနေသော်လည်း ပုစူးနှင့် သဇင်နွယ်တို့အဖို့မှာ အထူးအဆန်း ဖြစ်နေသည်။

သူတို့နှစ်ဦးသည် ဆိုဖာဆက်တီခုံက ကျယ်သောကြောင့် တစ်ယောက်ထိုင်ခုံမှာပင် နှစ်ယောက်ထိုင်ကြလေသည်။ ပုစူးက ကလေးပီပီ

"မမ"

"ဟေ"

"ဟိုဦးလေးကြီးလက်က လက်စွပ်က လှတယ်နော် မမ"

"ဟဲ့ တိုးတိုး၊ တို့ကို အိမ်ဆဲက မောင်းထုတ်နေဦးမယ်"

"မမကလဲ အဲဒီဦးလေးကြီးက သဘောကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးသည် ဘေးတစောင်းအနေအထားဖြင့် ထိုင်နေသော ပုစူးမနှင့် စကားပြောနေသော သဇင်နွယ်ဆိုသည့် အတိတ်ကို သတိမရသော မိန်းကလေးကို အကဲခတ်နေသည်။

"တိုက်ဆိုင်လိုက်တာ . . ဘာလို့ ဒီမိန်းကလေးဟာ မြနဲ့တူနေရတာလဲ၊ သူ့မျက်တောင် ကော့ပုံ၊ ဆံနွယ်ချထားပုံနဲ့ နှုတ်ခမ်းတွေက မြနဲ့ တစ်ထေရာတည်းပဲ၊ ဒါပေမယ့် သူက နှစ်ဆယ်ဝန်းကျင် ရှိသေးတာပဲ၊ မြဆိုရင်တော့ ငါ့လိုပဲ အသက် (၄၅) ကျော်ပြီပေါ့"

မောင်မောင်ကြီးက စကားမပြောသေး၍ အားလုံးတိတ်ဆိတ်နေကြ၏။

"ဦးနေဝ"

"ပြောပါ ဆရာ"

"ဖောင်ပေါ်ကိုရောက်လာတဲ့ မိန်းကလေးဟာ သူလား"

သဇင်နွယ်က မေးမည့်မေးတော့ သူ့ကို တိုက်ရိုက်မေးလိုက်၍ အေးစက်ထုံကျင် သွားလေသည်။

ထိုအချိန်မှာပင် တံခါးဝမှ ရွှေအိုးက ဝင်လာသည်။ ရွှေအိုးသည် အပြင်မသွားလျှင် ပန်းခြံထဲမှ ပန်းပင်များကို ပြုပြင်ခြင်း၊ မြက်များရှင်းခြင်းကို ဝါသနာအလျောက် ပြုလုပ်လေ့ ရှိသောကြောင့် အင်္ကျီလက်တို ခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားသည်။

သူ့မျက်နှာကတော့ အမြဲလို ပြုံးရွှင်နေလေသည်။ မောင်မောင်ကြီးက သဇင်နွယ်ကို





"ထိုင်ခုံတွေက အများကြီးရှိတာ၊ ဘာဖြစ်လို့ တစ်ခုံထဲ နှစ်ယောက်လုံး ထိုင်နေရတာလဲ"

ဟု မေးသည်။ သဇင်နွယ်က စိတ်ထဲရှိသည့်အတိုင်း

"ကြောက်လို့"

ဟု ဖြေသည်။ သူဖြေပုံက မဝံ့မရဲ၊ ဇက်ကလေးကို ပု ထားသေးသည်။

"ဒီမှာ မိန်းကလေး ဒီအိမ်မှာ ဘာမှကြောက်စရာ မလိုဘူး"

"ဟုတ်ကဲ့"

"မင်းကို ဖောင်ပေါ်မှာ မထားဘဲ ဒီအိမ်ပေါ်ကို ခေါ်ထားတာ မင်းအတွက် အန္တရာယ်ကင်းအောင်လို့၊ ဖောင်ပေါ်မှာ အနေဆင်းရဲတယ်၊ အစားဆင်းရဲတယ်၊ ဒီအိမ်မှာတော့ ထမင်းချက် ဒေါ်ခင်ခင် ရှိတယ်၊ မင်းဟာ မင်းအတိတ်ကို မေ့နေတယ်ဆို"

"ဟုတ်ကဲ့ရှင့်"

မောင်မောင်ကြီးက စိတ်သဘောထားကောင်းသော်လည်း စကားပြောဆိုပုံက တည်ကြည်သည်။ သဇင်နွယ်ကတော့ မျက်နှာစိမ်းဖြစ်နေ၍ ခေါင်းကြီးငုံ့ထားသည်။

"ကဲ . . လာ ဒီဖက်ကို ရွှေ့ထိုင်ပါဦး"

မောင်မောင်ကြီးက သူ့ဘေးခုံကို ခေါ်ပြသည်။

"သဇင်နွယ် . . ဟိုမှာ ဆရာကြီး ခေါ်နေတယ်၊ သွားလိုက် . . ဆရာကြီးက သဘောကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သဇင်နွယ်ကတော့ တစ်မျိုးထင်နေသည်။ သူ့အသက်အရွယ်ငယ်ငယ်နှင့်မို့ သူ့ကိုများ မကောင်းသော အကြံအစည်ရှိသလားဟု တွေးကာ ကြောက်လာသောကြောင့် မျက်ရည်များဝိုင်းလာသည်။

အိမ်ထဲသို့ ရောက်လာပြီဖြစ်သောကြောင့် ထွက်ပြေး၍လည်း မရနိုင်ဟု သူနားလည်ထားသည်။ သူသည် မျက်ရည်ဝဲသော မျက်လုံးများဖြင့် မောင်မောင်ကြီးဘေးမှ ကုလားထိုင်ကို ခပ်ယို့ယို့လေး ဝင်ထိုင်သည်။

မျက်ရည်များ စိုစွတ်သော မျက်လုံးများကို သေချာကြည့်လိုက်တော့မှပင် မြမှ မြ။ မြငယ်ငယ်ကနှင့် တူနေသည်။

ဤကလေးမသည် မြ၏ပုံရိပ်၊ မြ၏ နိမိတ်ပုံ၊ မြ၏ကိုယ်စားပြုထားသည့် လက္ခဏာ။ နဖူး၊ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းအားလုံး တူလေသည်။

သူသည် သဇင်နွယ်ကို ကြေကွဲတမ်းတစွာ ကြည့်နေလေသည်။

"မြ ဒီအရွယ်တုန်းက ဒီလိုပုံမျိုးပဲပေါ့၊ သူနဲ့ မြနဲ့ ဘယ်လိုဆက်သွယ်မှု ရှိသလဲ၊ ဘာဖြစ်လို့ ငါ့ဆီကိုမှ တိုက်တိုင်ဆိုင်ဆိုင် ရောက်လာရပါလိမ့်၊ ဘုရား . . ဘုရား"

မျက်မှန်ကိုမော့တင်ကာ မျက်နှာကြက်ကိုကြည့်၍ ဘုရားတလိုက်မိသည်။ သူသည် သဇင်နွယ်ဆိုသော မိန်းကလေးကို မေးစရာများစွာ ရှိသည်။ လောလောဆယ်တော့ ကြောက်ရွံ့ထိတ်လန့်နေသော မိန်းကလေး အိမ်ထဲတွင် နေရဲဖို့





လိုသည်။ ပျော်မွေ့ဖို့ လိုသည်ဟု သူတွေးသည်။

"ဦးက မင်းကို ဆေးဆရာနဲ့ ဆေးကုပေးမယ်၊ ပြီးတော့ မင်းရဲ့မိဘတွေ ဆွေမျိုးတွေကို သတိရလာအောင် တတ်နိုင်သမျှ ကြိုးစားပေးမယ် ဦးပြောတာ နားလည်လား"

သဇင်နွယ်က ခေါင်းညိတ်ပြသည်။

"ဘာမှ သတိမရတာထက်စာရင် သတိရလာတော့ မင်းကိုရှာဖွေနေတဲ့ မိဘဆွေမျိုးတွေနဲ့ ပြန်တွေ့ရမှာပေါ့ မကောင်းဘူးလား"

"ကျွန်မတော့ ဘာမှ မပြောတတ်ပါဘူး"

ဟုတ်သည်။ လောလောဆယ်တော့ သဇင်နွယ် စိတ်ရှုပ်နေသည်။

"ကဲ . . ဒါဆိုရင် အိမ်ထဲကိုသွားနား၊ အိမ်ထဲမှာ ဒေါ်ခင်ခင် ရှိတယ်၊ ဒေါ်ခင်ခင်က မင်းအတွက် လိုအပ်တဲ့ အဝတ်အစားတွေ၊ အသုံးအဆောင်တွေ ဝယ်ပေးလိမ့်မယ်၊ တစ်ခု သိထားရမှာက ဒီအိမ်မှာရှိတဲ့သူတွေဟာ မင်းရဲ့အပေါ်မှာ အားလုံးစိတ်ကောင်းနှလုံးကောင်းနဲ့ ကူညီမယ့်သူတွေပဲ၊ ဘယ်သူ့ကိုမှ အထင်မလွဲနဲ့၊ ကဲ အိမ်ထဲကို ဝင်သွားပါ"

"မမ"

"ပူစူး"

သဇင်နွယ် အိမ်ထဲသို့ ဝင်ရန်ပြင်လိုက်စဉ် ပူစူးက လှမ်းခေါ်လိုက်သည်။ ပူစူးသည် ဖောင်ပေါ်တွင် အတူနေခဲ့ရသောကြောင့် သဇင်နွယ်ကို ခင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုပါ ခေါ်သွားပါ ရပါတယ်"

မောင်မောင်ကြီးက အခြေအနေ နားလည်စွာဖြင့် ပြောလိုက်လေသည်။ ပူစူးမက သဇင်နွယ်ကို ပြေးဖက်လေသည်။ သဇင်နွယ်က ပူစူးမပခုံးကိုဖက်ကာ အိမ်အတွင်းခန်းထဲသို့ ခေါ်သွားလေတော့၏။

× × ×



တိုက်အိမ်ကြီးအတွင်းမှာ မီးများထိန်ထိန်လင်းနေသည်။ မောင်မောင်ကြီးမှာထား၍ မီးဖိုထဲမှ ထမင်းစားပွဲတွင် ခန့်ခန့်ညားညား မိန်းမကြီးတစ်ယောက် ထိုင်နေသည်။ ဆံပင်ကောင်းလှ၍ နောက်တွင်ပတ်ထားသော ဘီးစပတ်မှာ ကြီးမားလှသည်။ သဇင်နွယ်ကို တွေ့သောအခါ ထလာသည်။

"လာလေ . . တူမလေး ဒီကိုဝင်ခဲ့"

"ဟုတ်ကဲ့"

သဇင်နွယ်သည် ပူစူးမ ပါလာသည်ကို အားရှိသကဲ့သို့ ပူစူးမ၏ ပခုံးလေးကိုဖက်ကာ ထမင်းစားခန်းထဲ ဝင်လာသည်။ ထမင်းစားခန်းမှာ နံရံကပ်ကြွေပြားများနှင့် ပြောင်လက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူဆယ်ယောက်ခန့် စားနိုင်သော ကျွန်းစားပွဲရှည်ကြီး နှင့် ကုလားထိုင်များ ရှိလေသည်။

"ဆရာပြောတဲ့ ဖောင်နဲ့လိုက်လာတဲ့ မိန်းကလေး ထင် တယ်"

"ဟုတ်ပါတယ် အဒေါ်"

သဇင်နွယ်က ခေါင်းငုံ့ကာ ပြောလိုက်သည်။

"သမီးတို့ အိပ်ပျော်နေတုန်း ဒီမမက မီးဖိုထဲမှာ လာအိပ် နေတာ၊ သမီးက အရင်တွေ့တာ"

"ပုစူးမက ကြီးလာတယ်၊ ဘာသောက်မလဲ"

"ကော်ဖီ"

"သမီးနာမည်ကရော ဘယ်လိုခေါ်လဲ"

"သဇင်နွယ်ပါ"

"အဒေါ်က သဇင်လို့ပဲ ခေါ်မယ်နော်၊ သဇင်ရဲ့ကိစ္စ လိုအပ်သမျှ ဆရာက အဒေါ့်ကို လွှဲထားတာ မနက်ဖြန်ကျရင် သဇင်နဲ့ တော်တဲ့အင်္ကျီတွေ၊ ပိတ်စတွေ ဝယ်ရမယ်၊ အပ်ချုပ်ဆိုင် သွားရမယ်"

သဇင်နွယ်မှာ ခေါင်းငုံ့နေ၏။ မည်သို့မျှလည်း ပြန်မ ပြောတတ်ပေ။ ဤလူသားများသည် သူ့အပေါ်မှာ ဤမျှကောင်း နေရပါသနည်း။

"သမီး သဇင်ရော ကော်ဖီပဲပေါ့"





သဇင်နွယ်က ခေါင်းညိတ်ပြလိုက်လေသည်။ ဤဝိုင်း တွင် စကားအပြောဆုံးမှာ ပုစူးပင် ဖြစ်လေသည်။ အိမ်ရှေ့တွင် ကား မောင်မောင်ကြီးသည် ဦးနေဝအား ဘဏ်စာအုပ်ကို စစ်ဆေးလျက် ငွေပေါင်းသောင်းကျော်နေသော ဘဏ်စာအုပ်ကို

"ဒီစာအုပ် ဦးနေဝ အပိုင်ဖြစ်သွားပြီ၊ လုပ်ငန်းကိုတော့ ကျွန်တော့်ဆီမှာ လုပ်သလိုပဲ လုပ်ပါ၊ အစားစားသောက်မှုကို လဲ မပြောင်းနဲ့"

ဟု ပြောလိုက်သည်။

ဦးနေဝရော ဒေါ်လှပါ တစ်ယောက်မျက်နှာတစ် ယောက် ကြည့်လျက် မည်သို့ပြောရမှန်း မသိ ဖြစ်နေလေသည်။

"ကျွန်တော့်အလုပ်ကို ရိုရိုသေသေ လုပ်သလိုပဲ ခင်ဗျား မိသားစုပိုင် ဖြစ်သွားတဲ့ အလုပ်ကို ကြိုးစားပါ၊ တစ်လတစ်ခါ ဘဏ်စာအုပ်ကိုတော့ လာပြ"

"ဟုတ် . . ဟုတ်ကဲ့ပါ ဆရာ၊ ဒါ . . ဒါပေမယ့် အခု ဖောင်က သစ်ဖိုးအမြတ်ငွေတွေကိုတော့ ဆရာ့ကိုပဲ ကန်တော့ ပါရစေ၊ ငွေငါးထောင်ကျော် လက်ခံပါ ဆရာ"

"ကောင်းပြီလေ . . ဟိုမိန်းကလေးနဲ့ ခင်ဗျားတို့သမီး လေးက တော်တော်ခင်ပုံရတယ်၊ သူ ဒီအိမ်မှာ နေချင်တယ်ဆို လဲ ထားခဲ့ပါ"

"ထားပါတယ် ဆရာ၊ ကျေးဇူးပါပဲ ဆရာ၊ မောင်



www.burmeseclassic.com

www.burmeseclassic.com



သမီးလဲ အစားအနေ ဆင်းရဲပါတယ်၊ သမီး နေမယ်ဆိုရင် နေပါစေ"

ဤသို့ဖြင့် ပုစူးမကို ညနေစာ စားကြပြီး မေးမြန်းသောအခါ

"တစ်ခါတစ်ခါ မမ သဇင်နွယ်နဲ့ နေမယ်၊ အော် . . တစ်ခါတစ်ခါလဲ ဖေဖေ့တို့ ဖောင်နဲ့ လိုက်မယ်"

ဟု လိမ်မွာစွာ ဖြေလေသည်။

သဇင်နွယ်မှာ သူမ၏အခန်းထဲတွင်ပင် ပုစူးနှင့်အတူ အိပ်ရသောကြောင့် အဖော်တစ်ဦးပါ ရရှိနေရာ ကောင်းမွန်ခန့်ညားလှသော အိမ်ကြီးထဲတွင် သူမသည် ကံအားလျော်စွာ ဖိမ်နှင့် နေထိုင်ရလေတော့သည်။

x x x

ထန်းတောထဲသို့ ဝင်လာသော ပေသီးသည် ဝါးစားပွဲတစ်ခုတွင် ကျကျနနထိုင်ကာ ခရီးဆောင်အိတ်၊ ဘန်ကောက်လုံချည်ရွှေဖလားရောင်၊ လေထီးပိုးအကျီတွင် ရွှေကြိုးတပ်ကာ ဝတ်ဆင်ထားသော ဘသိုက်ကို ထန်းရည်ရှားချကာ ကြည့်သည်။ ထန်းရည်တစ်အိုးဖြင့် ဝါးကျည်တောက်ထဲသို့ ထည့်သောက်နေသော ဘသိုက်ကတော့ ထန်းတောကို ငေးကာ သူ့အတွေးနှင့် သူမော့နေသည်။

"အံမာ ဘသိုက် . . မင်းက နာရီပိုင်းအတွင်း ပြောင်းလဲသွားလိုက်တာ၊ အံ့ဩစရာပဲ ဆံပင်က ဘယ်သူညှပ်ပေးလဲ"

သေသပ်ညီညာစွာ ဘိုကေဖြစ်နေသော ဆံပင်ကို ကြည့်ကာ မေးလိုက်သည်။

"ကပ္ပိယကြီး ဦးကြဲပေါ့ဗျာ"



"အေးကွာ . . ဒီအဘိုးကြီး ဆံပင်ညှပ်ပညာကို ဘယ်က တတ်လာသလဲ မသိဘူး၊ စက်ကပ်ကျေးတွေ ဘာတွေမရှိဘဲနဲ့ ကပ်ကျေးတစ်လက်၊ လက်သင်တုံးတစ်ချောင်းနဲ့ ဆံပင်ကို သိပ်ညှပ်တတ်တာပဲ၊ ကောင်းတယ် . . ခုမှ မင်းက တကယ့်သူဌေးသားလေးနဲ့ တူသွားပြီ"

ကြိုးဆိုင်းဖြင့် သယ်လာသော ထန်းရည်အိုးများကို ထန်းတဲထဲသို့ ယူသွားပြီး ချထားပေးခဲ့ကာ ပေသီးသည် ဘသိုက်ရှိရာသို့ ပြန်လာသည်။

"ဒီညနေ ကိုပေသီးကို ကျုပ်တိုက်မယ်ဗျာ၊ အမဲကြော်ကြက်ကြော်၊ ကြွက်ကြော်ရှိရင် ယူဗျာ . . အမြည်းဖိုးပါ ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဟား . . ဟား ထန်းရည်ဖိုးက မလိုပါဘူးကွာ၊ အမြည်းဖိုးသာပေးပါ"

ပေသီးက ငှက်ပျောဖက်ဖြင့် ကြက်ကြော်နှင့် အမဲကြော်များကို ယူလာသည်။

"ကြွက်ကတော့ ကိုမြို့က ကြော်တုန်းကွ၊ လယ်ကြွက်ကြီးတွေ ဆူနေတာပဲ၊ ညနေကမှ သူ သွားပြုတ်လာထာ၊ ကြော်ပြီးရင် ကျုပ်တို့ဝိုင်း တစ်ကောင်ပေးလို့ မှာပစ်ခဲ့တယ်"

"ကောင်းတယ်ဗျာ . . အပြင်လောကမှာ ဒီလိုလွတ်လွတ်လပ်လပ် မနေရတာ ကြာပြီ"

"အတွင်းမှာရော မင်းတော်တော် ဒုက္ခရောက်သလား"

"မရောက်ပါဘူးဗျာ၊ အချုပ်သားဘဝနဲ့တုန်းကပဲ အလုပ်နည်းနည်းပါးပါး လုပ်ရတာပါ၊ နောက် ပြည်ထောင်ကို ရောက်တော့ အခန်းလူကြီးအဖြစ်နဲ့ ထောင်မင်းသား လုပ်နေတာ"

"ဟေ . . ထောင်မင်းသားဆိုတာ ရှိလား"

"ရှိတာပေါ့ဗျာ၊ နှစ်ကြီးသမား ထောင်ကျတွေက အချုပ်ထောင်တွေမှာ အခန်းလူကြီးတို့၊ ၁၂ မှတ်တို့ ဖြစ်တဲ့အခါ အချုပ်သားတွေ စည်းကမ်းရှိရှိ အလုပ်လုပ်ဖို့ နေဖို့ထိုင်ဖို့တာဝန် ယူရတယ်၊ ထောင်ထဲမှာရှိတဲ့ အုပ်ချုပ်ရေးကို ကူညီသူတွေ ဖြစ်သွားတာပေါ့ဗျာ"

"ကောင်းကွာ . . ဒါဆိုတော့ နေသာထိုင်သာ ရှိတာပေါ့"





"သောက်ဗျာ . . ကိုပေသီး၊ ထန်းရည်လိုရင်လဲ မှာပါ"

ပေသီးက ဝါးကျည်တောက်ထဲသို့ပင် မထည့်ဘဲ ထန်းရည်ကို အိုးလိုက်မော့သောက်လိုက်သည်။ ထန်းရည်တစ်အိုးလောက်ကတော့ ကိုပေသီး သုံးခါလောက်သောက်လျှင် ကုန်သည်။ "မင်း ဒီကနေပြီးတော့ ဘယ်ကိုသွားမလဲ"

"ကျုပ်မှာ ရှာစရာလူနှစ်ယောက် ရှိတယ်၊ ဒီလူနှစ်ယောက်မှာ တစ်ယောက်ကတော့ အသက်ရှိချင်မှ ရှိတော့မယ်၊ ဒါပေမယ့် အသက်မရှိတဲ့အလောင်းကလဲ တရားခံကို ဖော်ပေးနိုင်တာပဲ"

ပေသီးက ထန်းရည်အိုးကိုချကာ ပါးစပ်မှ သွားရည်များကို သုတ်လိုက်၏။

"ဟူး . . မင်း ဒီတစ်ခေါက်ပြန်လာတာ လူရောစိတ်ရော တော်တော်ကြီးကျယ်လာပါလား"

"ဟုတ်တယ် . . ကျုပ်ထောင်ထဲမှာ လူအမျိုးမျိုးနဲ့တွေ့တယ်၊ အဲဒီလူတွေဆီက ပညာအမျိုးမျိုးရခဲ့တယ်၊ ဒါကြောင့် ကျုပ် အခု အမှုလဲလိုက်တတ်တယ်၊ ခြေရာလဲ ခံတတ်တယ်"

"အေးလေ ပြီးခဲ့တာတွေ ပြီးပါပြီကွာ၊ မင်းဘဝကို မင်းကောင်းအောင်နေဖို့ အရေးကြီးပါတယ်"

"ဟား . . ဟား . . ဟား"

သူရယ်သည်က တကယ့်ကို အားမနာပါးမနာ ရယ်လိုက်ခြင်းဖြစ်သည်။ ဘသိုက်တွင် ယခင်က အဲသလို အမူအရာမရှိ၊ ယဉ်ကျေးသည်။ သိမ်မွေ့သည်။ အားနာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု လူသူရှေ့တွင် ဟားတိုက်ရယ်မောနေသော ဘသိုက်ကိုကြည့်ကာ ပေသီး ကြောက်သလိုလို ဖြစ်နေမိတော့၏။

"မင်းက ဘာရယ်တာလဲကွ"

"လူတွေပေါ့ဗျာ၊ ကိုယ်ဖြစ်တာ မဟုတ်ရင် သူများကို တရားချဖို့ သိပ်လွယ်တာပဲ၊ စိတ်ကောင်းမရှိတဲ့သူကလဲ စိတ်ကောင်းရှိချင်ယောင်ဆောင်ပြီး အရက်မသောက်နဲ့နော်၊ အရက်ကိုဖြတ်လိုက်ပါ ဒီလို အရက်သမားကို ဆုံးမတယ်"

ပေသီးကတော့ သိပ်နားမလည်၊ ဘသိုက် ရှင်းပြသည်ကိုသာ မျက်လုံးပြူးလျက် နားထောင်နေသည်။

"နောက်ကွယ်ကျတော့ အဲဒီလူက အရက်သောက်နေတာ၊ သူက အမွေရရင်တောင် ကုန်အောင်သောက်မှာ၊ အောက်တန်းစားကလာတာ အောက်တန်းစားလိုနေမှာပေါ့၊ စားတာဘယ်လို စည်းကမ်းမရှိတာ ဘယ်လိုဆိုပြီး ကဲ့ရဲ့ကြတယ်"

"ဒါ လူသတ်မှုဖြစ်လို့ ပြည်ထောင်ကိုရောက်လာတဲ့ လူငယ်တစ်ဦးက ကျုပ်ကိုပြောပြတာ၊ လူတစ်ယောက်ဟာ အနိုင်ကျင့်ခံရတာ မတရားချခံရတာ ဖိနှိပ်တာကို မကြိုက်ဘူး၊ အဲဒါ လူ့သဘာဝဗျ"

"မင်းစကားတွေက နည်းနည်းတော့ အဆင့်မြင့်လာတယ် ဘသိုက်ရ"

ဘသိုက်မှာလည်း ထန်းရည်မူးစ ပြုနေပြီဖြစ်သည်။

"ခု ကျုပ်အမေ မရှိတော့ဘူး၊ ကျုပ်နဲ့စေ့စပ်ထားတဲ့ နန္ဒာသင်းက ပျက်စီးပြီလား၊ သေပြီလား မသိဘူး၊ ကျုပ်ရဲ့အဖေ





က ဘုန်းကြီးဝတ်နေတယ်၊ ကဲ . . အဲဒီလို ဖြစ်အောင်လုပ်တဲ့ စံထွန်းတို့သားအဖကို ကျုပ်က ခွင့်လွှတ်ရမှာလား"

"မင်းလိုက်ပြီး ကလဲ့စားချေမလို့လား၊ သူတို့လဲ ဝရမ်းပြေးတွေ ဖြစ်နေပါပြီကွာ၊ မင်းလိုက်ပြီး ဒုက္ခမပေးလဲ အစိုးရက ဖမ်းမှာပဲ"

"ဟုတ်တယ် . . ကြာတယ်ဗျာ၊ ဒီလို မကောင်းတဲ့ ကောင်တစ်ယောက် လူ့လောကက အသိုင်းအဝိုင်းထဲမှာ ရှိနေရင် လူတွေ ဒုက္ခရောက်တယ်၊ သူဘယ်သွားလဲ ကိုပေသီး မသိဘူးလား"

"တ, ချို့ကလဲ မန္တလေးမှာလို့ ပြောတယ်၊ တ ချို့ကတော့ ညောင်ရွှေမှာလိုလို သီပေါမှာလိုလို တွေ့တယ်လို့ပြောတယ်၊ ဘိန်းလုပ်ငန်းမှောင်ခို လုပ်နေတာ တော်တော်ကြီးပွားနေပြီလဲ ပြောကြတယ်"

ထန်းရည်အိုးကိုမော့ရင်း ပေသီးက ဗလုံးဗထွေး ပြောလိုက်လေသည်။

"သူတို့ ဓားပြမှုက ဘယ်ရွာမှာမိတာလဲ"

"မြေနီတောင်ရွာမှာ မိတာကွာ၊ မြေနီတောင်ရွာ သူဌေးရဲ့မျက်နှာသုတ်ပဝါအကောင်းစားက အိန္ဒိယက လာတဲ့ဟာကိုး၊ အဲဒါကို 'ချစ်ပိုင်'ရဲ့တဲမှာ သူ့မိန်းမက လျှော်လှမ်းတာတွေ့ရော"

"ဘယ်သူက တွေ့တာလဲ"

"သူကြီး ဦးဖိုးတာကွ၊ ဦးဖိုးတာက ကိုပွကြီးအလျှုလာတာ၊ ဒီဓားပြမှုကို ရာဇဝတ်အုပ်က လာကြိမ်းထားတာ ကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပါဦး စိတ်ဝင်စားစရာ ကောင်းလာပြီ"

"ဦးဖိုးတာက အလှူကို ဆက်မသွားတော့ဘူး၊ လှည်းငှားပြီး ရွှေဘိုက မြို့အုပ်ဆီသွားပြီးတော့ ရာဇဝတ်အုပ်ကိုပါ ပြော၊ ပုလိပ်တွေနဲ့ ပြန်လာတာပေါ့၊ ချစ်ပိုင်အိမ်မှာ ထမင်းစားရင်းမိတာပဲ၊ သူ့အိမ်ထဲမှာ ထပ်ရှာတော့ သေတ္တာထဲမှာ သိမ်းထားတဲ့ သူဌေးကတော်ရဲ့လက်ဝတ်လက်စားအချို့ပါ ထပ်တွေ့တယ်"

"ကောင်းတယ်ဗျာ . . သူများကို မကောင်းမှုပြုတဲ့သူဟာ မကောင်းကျိုးခံစားရတာပဲ၊ ခိုးမှုတိုက်မှုဟာ ပေါ်တာပဲဗျ"

"မင်းပြောတာ ဟုတ်တယ်၊ ချစ်ပိုင်ကိုဆွဲပြီး ပုလိပ်က ရိုက်စစ်တော့ ဒီကောင် သွေးအန်ပြီး အသေဘယ်ခံမလဲ၊ ကျောကို သုံးချက်လောက်ထုတယ်ဆိုရင်ပဲ ချစ်ပိုင် ဘယ်နေနိုင်တော့မလဲ၊ စံထွန်းတို့ မောင်ထွေးတို့ သောင်းတင်တို့ အမည်တွေ ပေါ်လာတော့တာပေါ့"

"ခုရော ချစ်ပိုင် ထောင်ထဲမှာလား"

"ဘယ်ဟုတ်မလဲ ချစ်ပိုင်က ဖော်ကောင်ဖြစ်သွားတော့ သူက တားပြအုပ်စုထဲမှာ အပြစ်ဒဏ်အသက်သာဆုံးနဲ့ လွတ်လာတာ နှစ်လရှိပြီ"

စကားကို ရပ်လိုက်သည်။ သို့သော် ပေသီး၏စကားက အစွန်းထွက်သွားပြီဖြစ်သည်။ သူတို့မိသားစုကို ဒုက္ခပေးသည့် အထဲတွင် ချစ်ပိုင်လည်း ပါသည်ဟု သိရှိထားလေသည်။

"ကိုပေသီး ချစ်ပိုင် ဘယ်မှာနေလဲ"





ပေသီးသည် စကားကို အမြန်ဆုံး ရပ်လိုက်သော်လည်း ဘသိုက်က မရတော့။

"သူလဲ ဒီရွာမှာ မနေရဲဘူးပေါ့"

"ကိုပေသီး ခင်ဗျား မြန်မာစကားကို နားလည်ပါတယ်နော်၊ ကျုပ်မေးတာက ချစ်ပိုင် မနေတဲ့နေရာတွေ ပြောစရာမလိုဘူး၊ ကျုပ်မေးနေတာ နေတဲ့နေရာ"

ပြောရင်း စိတ်မရှည်တော့သလို ဘသိုက်က သူသောက်နေသည့် ထန်းရည်ထည့်သော ဝါးခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်သည်။

"လန့်လိုက်တာ ဘသိုက်ရာ ဖြည်းဖြည်းလုပ်စမ်းပါ၊ ဒီကောင် ထောင်ကလွတ်လာတယ်၊ ပြီးတော့ ဒီထန်းတဲမှာ တစ်ခါနှစ်ခါ ထန်းရည်လာသောက်တယ်၊ ကိုပေသီး ကျုပ်လဲ ကောင်းရောင်းကောင်းဝယ်ပဲ လုပ်စားတော့မယ်လို့ ပြောတယ်"

ဘသိုက်က ပို၍စိတ်မရှည် ဖြစ်လာလေတော့သည်။

"ကိုပေသီး ကျုပ်က အလုပ်အကိုင်ကို မေးနေတာ မဟုတ်ဘူး၊ သူနေတဲ့နေရာကို ပြောတာ"

နေရာကတော့ အတည်တကျ မရှိဘူး၊ သူ့မိသားစုကတော့ 'ကညင်ကိုင်း' ရွာမှာ ရှိတယ်"

ကညင်ကိုင်းရွာဆိုသည်က ချောင်းဖြူရွာ၏တစ်ဘက်ကမ်း၊ လှေနှင့်ကူးရသည်။ လူကောင်းများနေသောရွာမဟုတ်ချေ။ ထိုရွာတွင် နွားသူခိုးများ၊ ရာဇဝတ်မှုမကင်းသူများ ပုန်းအောင်းရာနေရာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာကလည်း မြေပြန့်ပေါ်မှာ မဟုတ်။ ချိုင့်ဝှမ်းလျှို ကြီးထဲမှာ ဖြစ်သည်။ သူကြီးလည်း မရှိ၊ တရားဥပဒေလည်း မရှိသောရွာမျိုး ဖြစ်၏။

"ဒီရွာက ဝရမ်းပြေးနဲ့ ဟိုဒင်းတို့ နေတဲ့ရွာပဲ၊ ချစ်ပိုင်လဲ အဲဒီရွာမှာပဲ နေမှာပေါ့"

"ဒါတော့ မပြောတတ်ဘူး"

ပေသီးက စကားအဆုံးသတ်လိုက်သည်။ ပေသီး၏ မျက်လုံးများသည် စင်းလာပြီဖြစ်သည်။ သူသည် သည့်ထက် ဆက်မသောက်နိုင်တော့။ အိပ်ချင်လျှင်လည်း ထန်းတဲထဲမှာ ဖျာကြမ်းပေါ်တွင် လှဲကာအိပ်တော့မည်ဖြစ်သည်။

ထမင်းမစားဖြစ်ဘဲ ကြက်ကြော်နှင့် ကြွက်ကြော်များ၊ ငါးကြော်များစားကာ ဘသိုက်လည်း မျက်လုံးစင်းလာသည်။ သူသည် ခေတ္တမျှတော့ အနားယူလိုသည်။ ကိစ္စမရှိ ယခုမှ ညနေ စောင်း (၆)နာရီလောက် ရှိဦးမည်။ ကညင်ကိုင်းရွာ ကူးတို့လှေ

ပေါ်တွင် မှီနိုင်လိုက်လို့ရသည်။ နောက်ဆုံးကူးတို့လှေသည် ည (၈)နာရီ ထွက်မည်ဟု ဦးမြို့က ပြောသည်။

အတော်ပင်အိပ်ငိုက်နေပြီဖြစ်သော ပေသီးမှာ စကား ပြောလို့ဆိုလို့ မကောင်းတော့ပေ။ ထို့ကြောင့် သူသည် ထန်းရည် အိုးများနှင့် တဲထဲ၌ထိုင်ကာ အလုပ်ရှုပ်နေသော ဦးမြို့ကို လှမ်း နှုတ်ဆက်လိုက်သည်။





"ဦးမြို့ရေ သွားပြီဗျို့"

"ဘယ်သွားမှာလဲ မောင်ဘသိုက်၊ ရွာထဲ မကြာမကြာ လာပါကွာ"

"အင်း ထွက်ရင်တော့ တစ်ခေါက်ပြန်ရောက်ဖြစ်ဖို့ မလွယ်ဘူး"

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . တက်တက် ဒါကူးတို့နောက်ဆုံးလှေပဲ၊ ကညင်ကိုင်းရွာ၊ ဆားချက်ရွာ၊ ဖော့လုံရွာ သွားမယ်လူတွေတက်"

ပေါင်းမိုးပါသော ကူးတို့လှေထဲသို့ ဘသိုက်တက်လာခဲ့သည်။ မီးတိုင်ခွက်ဖြင့် လှေထဲမှ လူများကို သူအကဲခတ်လိုက်သည်။ သူသည် လူနှစ်ဆယ်လောက်ရှိသော လူများကို လျင်မြန်စွာ အကဲခတ်ပြီးနောက် လှေနံရံကိုမှီကာ ခေတ္တအိပ်နေလိုက်လေသည်။

သူခရီးဆောင်အိတ်ကိုတော့ သူ့ရင်ပေါ်တွင် ပိုက်ထားလိုက်သည်။ လေထီးပိတ်အဖြူက လျှော်လို့ဖွတ်လို့ ကောင်းသည်။ ပေါ့သည်။ သို့သော် ထန်းရည်မူးချိန်တွင် အသားကနိုင်လွန်ဖြစ်၍ ပူသည်။ မခံနိုင်သော ဘသိုက်ဝ ည် အင်္ကျီကိုချွတ်ကာ သူ့ခရီးဆောင်အိတ်ထဲသို့ ခေါက်ထည့်လိုက်လေသည်။

ဘန်ကောက်လုံချည်ကတော့ ကမ်းပေါ်ရောက်မှဘဲ ချည်လုံချည်နှင့် လဲဝတ်ရပေတော့မည်။ ချောင်းဖြူရွာနှင့် အခြားရွာများတွင် အလုပ်သွားရောက်လုပ်ကိုင်နေသူများ ပြန်ကြခြင်းပင် ဖြစ်သည်။

အချို့ကလည်း စပါးရိတ်သူ၊ မြေပဲနှုတ်သူ၊ ကိုင်းလုပ်သူ တောသူတောင်သားများ ဖြစ်သည်။ စွပ်ကျယ်နှင့် လှေနံရံကိုမှီကာ မျက်လုံးမှိတ်၍ အိပ်စက်နေလိုက်လေတော့သည်။ မကြာမီ လှေကူးတို့ခ တောင်း၍ လှေသည် တအိအိဖြင့် တစ်ဖက်ကမ်းသို့ ထွက်ခွာလာလေတော့သည်။





လရောင်သည် ထိန်ထိန်သာလျက် ရှိနေလေသည်။ သူသည် ထိုရွာများဘက်သို့ အဝတ်သစ်အစားသစ်နှင့် မသွားသင့်ဆိုသည်ကို သဘောပေါက်သည်။ ထို့ကြောင့်လည်း တစ်ဖက်ကမ်းသို့ ရောက်သည်နှင့် သူပြည်တောင်မှ အထွက်တွင် ဝတ်ဆင်လာသော ချည်လုံချည်နွမ်းနွမ်းနှင့် ကာကီအင်္ကျီကို ဝတ်ဆင်ကာ ထွက်လာခဲ့သည်။

သူ့ခရီးဆောင်အိတ်က အညိုရောင်ဖြစ်၍ ညဘက်တွင်တောက်ပမှု မရှိသောကြောင့် စိတ်ကျေနပ်သွားသည်။ လရောက်အောက်တွင် လှေပေါ်မှဆင်းလာသူများ ကိုယ့်ခရီးကိုယ် သုတ်ခြေတင်နေကြသည်။ 'ကညင်ကိုင်း'ရွာဘက်သို့ သွားသော လမ်းပေါ်သို့ ဘသိုက်ရောက်ရှိလာသောအခါတွင် လရောင်မှာ ရွာလမ်းမကြီးကို ထိန်ထိန်လင်းစေသည်။

မြေသည် တဖြည်းဖြည်းနိမ့်သွားကာ ရွာအဝင်လမ်းမကြီးမှာလည်း လျှိုကြီးထဲသို့ တဖြည်းဖြည်းဆင်းသွားသည်။ ထူးတော့ ထူးဆန်းသည်။ ကညင်ကိုင်းရွာသည် ထိုလျှိုကြီးတွင် တည်ရှိနေခဲ့သည်မှာ အနှစ်ငါးဆယ်ကျော်ခဲ့ပြီ။

အမှန်တော့ ရေထွက်ပေါက်ရှိသည့် ချောက်ကြီးတစ်ခုဖြစ်သည်။ မူလကတော့ ဆွေမျိုးသားချင်းများ စုနေရာမှ နောက်တော့ ရွာကြီးဖြစ်သွားဟန် တူလေသည်။ ရွာထဲသို့ ချောက်ဆင်းလမ်းအတိုင်း ဝင်လာရာ ဖဲရိုက်နေသော အိမ်များကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . တစ်အိမ်လိုတယ်၊ ဘယ်သူဝင်မလဲ"

ထိုအသံကြားမှာ အိမ်ပေါ်သို့ ဘသိုက်သည် ခပ်တည်တည်ပင် တက်လာခဲ့သည်။ မူလက ဖဲမရိုက်တတ်သော်လည်း ထောင်ထဲတွင် ဖဲပညာသင်ကြားပေးဖူးသော ဖဲဝိဇ္ဇာရှိသည်။ သူသည် အိတ်ကပ်ထဲတွင် ထည့်ထားသော ငွေအကြွေများကို ပုတ်ကြည့်သည်။

မတ်တတ်ရပ်သူများကြားသို့ သူရောက်သွားလေသည်။ ဖဲပညာမှာ နည်းအမျိုးမျိုးရှိသည်။ လှော်ပြီးမှ စားသောနည်း၊ စားပြီးမှ လှော်သောနည်းနှင့် လှော်ရင်းစားရင်း ကိုယ်နိုင်အောင် လုပ်နည်း ဖြစ်သည်။

ဖဲချပ်ကတော့ ကိုယ်လိုချင်တာ ရအောင်ယူလို့ရသည်။ သို့သော် ယုတ္တိရှိဖို့လည်း လိုပေသေးသည်။ ယုတ္တိရှိရှိဖြင့်နိုင်မှသာ တစ်မြို့တစ်ရွာက လူများက "ဒီလူ ကံကောင်းတယ်ကွာ" ဟု မှတ်ချက်ချကာ ဘာမျှမတတ်နိုင် ဖြစ်ကြရလေသည်။

× × ×

"ကစားမှာလား၊ ကစားမယ့်လူရှိရင် တစ်အိမ်တင်ပါ၊ ဒိုင်ကိုင်နိုင်တဲ့သူ ရှိရင်လဲ ကိုင်ပါ"

"ကျုပ် ဒိုင်ကိုင်မယ်"

ထိုစကားကို ပြောလိုက်သူမှာ ဘသိုက်ပင် ဖြစ်သည်။ ဘသိုက်က မျက်နှာစိမ်းဖြစ်နေ၍ အားလုံးက မော့ကြည့်ကြသည်။





"ကြည့်လုပ်ပါကွာ . . သွားစရာ လာစရာရှိတဲ့ လမ်းစရိတ်တွေ ကုန်လို့ ခရီးမသွားရဘဲ နေပါဦးမယ်"

ဘသိုက်ကို စေတနာထားသော အသက်ငါးဆယ်အရွယ် လူကြီးက ပြောလိုက်သည်။ ဖဲသမားထဲတွင်လည်း ထိုသို့ စာနာတတ်သူ ရှိသည်။

"ကျွန်တော်က တစ်ယောက်ထဲ၊ ဦးလေး အလျော်အစား လုပ်ပေးမလား"

"ကောင်းသားပဲ ပြီးရင်တော့ ဦးလေးကို မုန့်ဖိုးပေးပေါ့"

"ကျွန်တော်နိုင်ရင်တော့ ပေးမှာပေါ့ ဦးလေးရာ၊ ရှုံးရင် ဦးလေးက ပြန်ပေးရမယ်"

"ဟာ . . ဒါတော့ မရှိဘူးနော်"

"အလကားပြောတာပါ"

ထိုလူကြီး ဆင်းရဲကြောင်း၊ ဖဲဝိုင်းများတွင်သာ မုန့်ဖိုး ရှာနေသူဖြစ်ကြောင်း သိသူများက ပြုံးလိုက်ကြလေသည်။

"ကဲ . . ကျွန်တော် ခုထဲက စပြောမယ်၊ ၂၁ ပေါက်ကို ၂၁ လှည့် ကစားမယ်၊ ရှုံးရှုံးနိုင်နိုင် ထပြန်မယ်နော်၊ ကိုယ့်ဟာကိုယ် ကြည့်ထိုး၊ ကျေနပ်ကြလား"

"ကျေနပ်ပါတယ်"

"ဒီလိုပြောထားတာ ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားသမားများကတော့ သူတို့အကွက် သူတို့ ကြည့်နေကြသည်။ ဘသိုက်က ခရီးဆောင်အိတ်ကို ပေါင်ကြား တွင်ထားကာ တပလ္လင်ခွေထိုင်လိုက်၏။ ပြီးနောက် အိတ်ထဲမှာ ရှိသော အကြွေများကို ပုံချလိုက်သည်။ အကြွေအသစ်စေ့များ။

နှစ်ရာထက်နည်းမည် မဟုတ်ပေ။ ထိုခေတ်က တစ် ကျပ်တွင် (၆၄)ပြား သုံးသောခေတ်ဖြစ်ရာ ပြားစေ့တစ်စေ့သည် ပင် မုန့်ပေါင်း၊ မုန့်ဆီကြော်ကောင်းကောင်း၊ ကောက်ညှင်း ပေါင်း၊ ဆီထမင်းတို့ စား၍ရသည်။ သည်တော့ ငွေတစ်ကျပ် ရှိသူသည် အတော်သုံးနိုင်သူဟု ဆိုရမည့်အခါပင် ဖြစ်တော့၏။

"ကဲ . . တစ်ချပ်ဝေမယ်"

နှစ်ဆယ့်တစ်ပေါက်ဖြစ်၍ ဖဲထုတ်ကို ကုလားဖန်မထိုး ဘဲ ဤအတိုင်းကိုင်ကာ တစ်ချပ်ချင်း ဝေပေးလိုက်လေသည်။

"ထိုးထိုး . . ကိုယ်ထိုးမှ ကိုယ်ပေါက်မှာ"

ဘေးက ရပ်ကြည့်သည့် လူများကပါ ဖဲကိုကြည့်၍ ထိုး ကြသည်။ တစ်ခံ၊ ကုလားခံများက ဘန်လတ်နှင့် နှစ်ဆယ်ကျ နိုင်သောကြောင့် ပြားသုံးဆယ် ပြားလေးဆယ် ပုံထိုးကြသည်။

"ကဲ . . ဒိုင်က သေတယ်"

"ဟေး"

"ဟုတ်ပြီ"

"ဦးပေါ်ထင် ဒီကိုလျော်ပါ"

"ဒီအိမ်က ပြားခြောက်ဆယ်နော်"





အကြွေသံများ တချွင်ချွင်နှင့် ဦးပေါ်ထင်က လျော် သည်။ ဤနည်းအတိုင်း သုံးလှည့်လောက် လျော်လိုက်ရာ ထိုး သားများ ပျော်သွားကြသည်။

"ကဲ . . ထိုးကြနော်၊ ခုလှည့်ကစားပြီးရင် ၁၈ လှည့်ပဲ ရှိတော့တယ်"

ဘသိုက်က ဖဲကို သေသပ်ကျသော သဘောဖြင့် ကု လားဖန် ထိုးနေသည်။ သူသည် လေးလှည့်မြောက်တွင် ဖဲများ ကို မှတ်သားလိုက်မိပြီး ဖြစ်လေသည်။

အထူးသဖြင့် တစ်၊ တစ်ဆယ်၊ ကုလား၊ သူ့လက်နှလေး နှင့် ပွတ်သည်နှင့် သိနေသည့်အရာ။ သာမန်မျက်လုံးများဖြင့် ကြည့်၍ မည်သို့မျှ အစင်းအခြစ်ရာ မရှိ။

ပထမတစ်ချပ်ဝေကတည်းက သူက အောက်ဖဲများ မှတ် သားလိုက်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ဖဲသေသည်ဟူသော အမှတ်ဖြင့် ထိုးသားများက ဆတိုးထိုးကြသည်။

"ထိုးပါ . . ကြိုက်သလောက်ထိုးပါ၊ အောက်မှာ မရှိလဲ အိတ်ထဲမှာရှိတယ်၊ ပြည့်အောင် လျော်မယ်"

တစ်ချပ်စီဝေအပြီး ဘသိုက်က တွန်းအားပေးလိုက်သည်။ ငါးမူး၊ တစ်ကျပ်အထိ ထိုးကြသည်။ တစ်ဝိုင်းလုံး လေးကျပ်ကျော်ကျော်။

"ကဲ . . ထိုးပြီးရင် လက်တွေဖယ်၊ နောက်တစ်ချပ်ဝေမယ်"

အောက်ဖဲကို အသာပွတ်ကာ ပွတ်ကာ ဝေပေးလိုက်ရာ မည်သည့်အိမ်တွင် မည်သည့်ဖဲများ ရှိကြောင်း သိရပြီ။

"ကဲ . . ဆွဲ"

"မဆွဲဘူး တော်ပြီ"

ဘသိုက်က ပြုံးသည်။ (၁၇)နှင့် တော်ခြင်းဖြစ်လေသည်။ (၁၇)အိမ်ပြီးတော့ (၁၄)အိမ် အောက်မှာ ကုလားဖဲကို စဉ်ထားသည်။

"ဆွဲမလား"

"ဆွဲရမယ်"

"ဆွဲ"

"တော်ပြီ . . ခုမှ ဖဲကြောင်းဇော့တယ်"





ဒိုင်မသိဘူးထင်၍ အိုက်တင်လုပ်သည်။ အမှန်မှာတော့ နှစ်ဆယ့်လေးဖြစ်ကာ သေနေပြီ။ အလားတူ (၁၃)ဆင်အိမ်သို့ ဆယ်ဖဲ (၁၂)ဆင်အိမ်သို့ (၁၀)ဖဲများ စဉ်ထားခဲ့ရာ တစ်ဝိုင်းလုံးတွင် တစ်အိမ်သာရှင်တော့၏။

ထိုအိမ်က ကုလားနှစ်ကောင် နှစ်ဆယ်။ ယှဉ်တွဲရှိအောင် ပေးထားခြင်း ဖြစ်သည်။

မည်သူ့ကိုမျှ မဖမ်းသေး။

"ဒီမှာ ဒိုင်က (၁၇) ရှိတယ်၊ မဖမ်းဘူးနော်၊ ဆွဲပြီးမှ ဖမ်းမယ်"

သူစီစဉ်ထားသည့်အတိုင်း (၄)ဖဲရှိနေသည်ကိုဆွဲယူကာ သေချာပွတ်ကြည့်သည်။

"ပွတ် . . အလယ်က လွတ်ရင် တစ်ဝိုင်းလုံးစားရမယ် ပွတ် . . ပွတ်"

စိတ်ဝင်တစား ဒိုင်ဖဲကို ဝိုင်းကြည့်နေကြလေသည်။ ထို့နောက် (၄)ဖဲကြီး ပေါ်လာရာ

"ကဲ . . ၂၁ ပေါက်"

"ဟာ"

"ဟင်"

ဤသို့ဖြင့် တစ်ဝိုင်းလုံး ဦးပေါ်ထင်က သိမ်းကာစားလိုက်ပြန်လေသည်။ သုံးလှည့်ဆက်တိုက်စား၍ ဝိုင်းထဲမှာ အနည်းငယ်ဆူညံလာ၏။

"ဒိုင်ကောင်းနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . ဒိုင်အိမ်က ပြန်ကောင်းနေတယ်၊ ကြည့်ထိုး"

တစ်ဦးနှင့်တစ်ဦး သတိပေးကြသည်။

"ထိုး (၁၈)လှည့် ရှိသွားပြီ နောက် (၃)လှည့်ပဲ ကျန်တော့တယ်"

ထိုးသားများမှာ မရှုံ့မရဲ ဖြစ်နေလေသည်။ ဖဲက စိတ်မချရ။ ဒိုင်က တစ်လှည့်လျှော်ပြီးလျှင် သုံးလှည့်စားနေသည်။ ဝိုင်းထဲမှာ ငွေနည်းနေပြီ။ ဆယ်ပြား၊ ပြားသုံးဆယ်လောက်သာ တစ်အိမ်ကို ထိုးနိုင်တော့၏။ အလှည့်နှစ်ဆယ်မြောက်တွင်ကား ထိုးသားများပင် မပြည့်စုံတော့။

"ကဲ ၂၁ လှည့်တောင် မပြည့်တော့ဘူး၊ ဝိုင်းက ၂၀ နဲ့ ပြီးသွားပြီ"

ဘသိုက်က အကြွေများကို ပြုံးကာ ခရီးဆောင်အိတ်ထဲ ထည့်၍ ပြောလိုက်လေသည်။

"လာ ဦးပေါ်ထင် . . ခင်ဗျားနဲ့ ကျုပ်နဲ့တစ်ခုခု သွားစားရအောင်၊ ဒီနားမှာ အရက်ဆိုင်ရှိလား"

"ဟာ . . ရှိတာပေါ့၊ ဒီရွာမှာ ညသန်းခေါင်အထိ အရက်ဆိုင်ရှိတယ်"

"ဦးလေးရော သောက်လား"

"သောက်တယ်"

"ဒါဆို ကောင်းတာပေါ့"

× × ×



ဦးပေါ်ထင်နှင့် ဘသိုက်တို့ ခြံကျယ်ကျယ်ရှိ လသာသာတွင် ဖွင့်ထားသော အရက်ဆိုင်လေးထဲ ရောက်လာသည်။ ရွာအရက်ဆိုင်ဖြစ်၍ လူရှင်းနေသည်။ ဖဲဝိုင်းများမှ ထွက်ကာ သောက်ကြသောဆိုင် ဖြစ်နိုင်လေသည်။

ချက်အရက်တစ်ပိုင်းနှင့် ကြက်သားဟင်းမှာကာ မြည်းကြသည်။ ဘသိုက်က သိပ်မသောက်တော့ပါ။

"အော် . . ဦးပေါ်ထင်ကို ကျုပ်က တစ်ခုမေးချင်လို့"

ခရီးဆောင်အိတ်ထဲမှ ငွေများနှိုက်ကာ ဦးပေါ်ထင်ရှေ့ လက်တစ်ဆုပ် ချပေးသည်။ ငွေသုံးလေးဆယ်ထက် မနည်းပါ။ ဦးပေါ်ထင်သည် ငွေများကို မျက်လုံးတောက်တောက်ဖြင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျက် "ဒါ ကျုပ်အတွက် ပေးတာလား" ဟုပြော၏။

"ဟုတ်တယ် ဘာဖြစ်လို့လဲ"

"များလို့ပါ"

"များလဲ ယူပါဗျာ၊ ကျုပ်က ငွေနှစ်ရာလောက် နိုင်တာပဲ"

"ဟုတ်တယ်နော် . . မင်းနိုင်တာ ဗိုင်းထဲမှာ ငွေအကုန်ပြတ်သွားတာပဲ"

ဦးပေါ်ထင်က ဘသိုက်ကို ကံကောင်းသူတစ်ဦးအဖြစ် ချီးကျူးလိုက်၏။

"ဒါက ထားပါ၊ ကျုပ်သူငယ်ချင်း ချစ်ပိုင်ဆိုတာ ချောင်းဖြူရွာကနေ ဒီရွာကိုပြောင်းလာတာ ဘယ်အိမ်လဲ"

"အော် . . ထောင်ထွက် ချစ်ပိုင်ထင်တယ်"

"ဟုတ်တယ် . . ဟုတ်တယ်"

"သူ့မိန်းမက သူ့မိဘတွေနဲ့ လာနေတာကြာပြီ၊ ဒီကောင်ထောင်ကလွတ်လာတာ (၂)လလောက်ပဲ ရှိမယ်ထင်တယ်၊ ဒီလမ်းအတိုင်းသွား၊ သူတို့အိမ်ရှေ့မှာ ညောင်ပင်ကြီးရှိတယ်၊ ဘယ်ဘက်ခြမ်းကို ကြည့်သွား . . ကျုပ်သွားခေါ်ပေးရမလား"

ငွေများကို အိတ်ထဲသို့ထည့်ရင်း ဦးပေါ်ထင်က ပြောလိုက်သည်။

"ကောင်းသားပဲ ဦးပေါ်ထင်"

"ကျုပ် ဒီက စောင့်နေမယ်၊ ဗိုက်နာရင် ဘယ်သွားရလဲ"

"ဒီအိမ်နောက်မှာ သက်ကယ်ချုံတွေလဲ ရှိတယ်၊ အဲဒီ





သွားလို့ရတယ်"

"ကောင်းပြီ . . တကယ်လို့ ခင်ဗျား ချစ်ပိုင်ခေါ်လာရင် ကျုပ် အဲဒီခဏ သွားနေတယ်မှတ်နော်၊ သူပြောလိုက် မင်းသူငယ်ချင်း ဖဲတွေနိုင်လို့ မင်းလာခေါ်တာလို့"

"ဟာ . . စိတ်ချ၊ ဒါဆို ဒီကောင် မလိုက်လာဘဲ မနေဘူး၊ ဒီကောင်က ဘိုင်ပြတ်နေတာ"

ဦးပေါ်ထင်က ထွက်သွားသည်။ အရက်တစ်ပိုင်းထပ်မှာကာ ငွေရှင်း၍

"ခဏကြည့်ထားနော် . . ကျုပ်နောက်ဘက် သွားမလို့"

ဟုပြော၏။

"ရတယ် အဲဒီနောက်မှာ ချုံတွေချိုင့်တွေ ရှိတယ်"ဟု ပြောသည်။

ဤသည်မှာ ရှေးယခင်က ကျေးလက်တောရွာရှိ အိမ်သာ၏သဘောပင် ဖြစ်လေသည်။ အမှန်တော့ ချစ်ပိုင်ကို လူရှင်းရာသို့ မျှားခေါ်ယူခြင်းသာ ဖြစ်လေသည်။ ကျင်းများ ချိုင့်များရှိရာ မသွား၊ ချုံကြီးတစ်ခုအေး၌ လရောင်ကွယ်ကာ ရပ်နေသည်။

သိပ်မကြာပါ၊ ဦးပေါ်ထင်၏ အသံနှင့် ချစ်ပိုင်၏အသံ ကြားနေရသည်။

"ဟာ . . ဒီမှာတော့ အရက်ရော အမြည်းပါ ထပ်မှာထားတယ်"

"ဟုတ်တယ် . . ကြည့်ရတာ သူက မင်းကိုမြိုရချင်



www.burmeseclassic.com

www.burmeseclassic.com



နေတယ် ထင်တယ်"

"ဘယ်သူလဲ"

"သိချင်ရင် လိုက်သွားကွာ၊ ကျုပ်ကတော့ သောက်လိုက်ဦးမယ်"

× × ×

ဦးပေါ်ထင်က အရက်ပုလင်းကိုင်ကာ ထည့်သည်။ ချစ်ပိုင်က စိတ်လှုပ်ရှားနေသည်။ သူသိချင်သည်မှာ သူ့သူငယ်ချင်း ဓားပြအဖွဲ့သားထဲက ငွေရချောင်လာသူလား၊ အလုပ်လုပ်ဖို့ သူ့လာခေါ်သူလားဟူ၍ စဉ်းစားနေ၏။

ချစ်ပိုင်က အရက်တစ်ခွက်သောက်ပြီ

"နည်းနည်းကြာနေပြီ၊ ကျုပ်လိုက်သွားကြည့်မယ်"

"သဘောပဲ"

ချစ်ပိုင်သည် လရောင်ထဲမှ ပေါ်လာသည်။ သူသည် ဟိုဟိုသည်သည် လှရှာကြည့်သည်။ ဘသိုက်ပုန်းနေသော ချုံနားသို့ ရောက်ရှိလာသည်။ ဘသိုက်က နောက်မှ လည်ကုပ်ရှိ အင်္ကျီစကို ဆောင့်ဆွဲလိုက်၏။

"ဟေ့ကောင်"

"ဟင်"

"ငါဘယ်သူလဲ မင်း သေသေချာချာ ကြည့်စမ်း"

ချစ်ပိုင်က လူအရှင်လတ်လတ်ကို တစ္ဆေသရဲလို ကြည့်လိုက်သည်။





"မင်း . . မင်းဟာ ဘသိုက်"

"ဟုတ်တယ် ဘသိုက်ပဲ"

ချစ်ပိုင်က လက်ဦးမှုရအောင် ခါးမှဓားမြှောင်ကို ဆွဲယူကာ ရင်ဝကို ထိုးလိုက်သည်။

"ဖမ်း"

ဘသိုက်က ထိုလက်ကို ဖမ်းလိုက်ပြီး ချစ်ပိုင်၏ကိုယ်ကိုထမ်းကာ မညီမညာသော မြေပြင်ပေါ်သို့ ကိုင်ပေါက်ချလိုက်သည်။

"ဘုန်း"

"အား"

ချစ်ပိုင်၏ဓားကိုင်လက်ကို ခြေထောက်နှင့်နင်းကာ ရင်ဝပေါ် ဖိထိုင်လိုက်သည်။ လက်ဖျံကိုနင်း၍ ဓားကို လုယူရာ ချစ်ပိုင် လက်ကျိုးမည်စိုး၍ ဓားကိုလွှတ်ပေးလိုက်ရသည်။

ချစ်ပိုင်ဓားက ဘသိုက်လက်ထဲရောက်သွားလေသည်။

ဘသိုက်သည် ဒူးနှစ်ဖက်နှင့် ချစ်ပိုင်၏လက်ကိုဖိကာ ညာလက်မှဓားနှင့် ချစ်ပိုင်လည်မျိုကို ထောက်လိုက်သည်။

"ချစ်ပိုင် မင်းပြေးလို့ မလွတ်တော့ဘူး၊ မင်း ငါ့ကိုမှန်မှန်ပြောရင်ပြော မပြောရင်တော့ ငါမင်းကို သတ်ရမှာပဲ"

ဘသိုက်မှာ သူ့ဆရာစံထွန်းကြောင့် ထောင်ကျရုံမက လက်ထပ်မည့်ချစ်သူလည်း ဆုံးရှုံးကာ အိမ်ဓားပြတိုက်ခံရခြင်းတို့ကို သိ၍နေပြီဟု ထင်မှတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ . . ငါမေးမယ်၊ မင်း သေသေချာချာပြော၊ ငါ့ကို စံထွန်းအဖေက ဖမ်းချုပ်ထားတုန်း ငါ့အဖေနဲ့အမေ လိုက်လာတော့ ငါ့အိမ်ထဲဝင်ပြီး 'နန္ဒာသင်း'ကိုဖမ်းတာ မင်းပါတယ် မဟုတ်လား"

ဘသိုက်က သေချာမသိ၊ မှန်းကာမေးမြန်းခြင်း ဖြစ်သည်။ သို့သော် သေဘေးကိုကြောက်နေသော ချစ်ပိုင်က

"ကျုပ်ပါပါတယ်၊ ကျုပ်ရယ် မောင်ထွေးရယ်၊ အုန်းသင်ရယ်၊ ကျားသစ်ရယ်ပါ"

ဟု အမှန်အတိုင်း ဝန်ခံလိုက်မိလေသည်။

"နန္ဒာသင်းကို မင်းတို့သတ်ပစ်လိုက်ပြီလား ပြောစမ်း"

"ကျုပ်ကို နည်းနည်းလျော့ပေးပါ၊ ကျုပ်ထပါရစေ . . ကျုပ် ဒီအကြောင်းကို ကိုဘသိုက်ကို ရှင်းပြပါ့မယ်"

"မင်း ငါ့ကို ယီးတားယားတား မလုပ်နဲ့နော်၊ မင်း ထွက်ပြေးရင် ငါမင်းအိမ်က မိန်းမနဲ့ ကလေးတွေ သတ်ပစ်လိုက်မှာ"

"ကျုပ် . . ကျုပ် သိပါတယ်"

ချစ်ပိုင်က ထလာကာ ထိုညက လှေပေါက်၍ သစ်စက်နားရောက်သည့်အကြောင်း၊ သတိမေ့နေသော နန္ဒာသင်းကို ကင်းလှည့်ပုလိပ်များလာ၍ သစ်ပုံပေါ်တွင် သွားထားကြောင်း၊ နောက်တော့ လုံခြုံရေးအစောင့်များ အော်သံဟစ်သံကြားရ၍ ခဏငြိမ်နေပြီး ညဥ့်နက်မှ တက်၍ရှာသည်။





နန္ဒာသင်းကို မတွေ့၊ နောက်တစ်နေ့တွင်လည်း သစ်စက်ထဲသို့သွားကာ ရှာဖွေရာ လုံးဝ သတင်းမရတော့ကြောင်း ရှင်းပြသည်။

ချစ်ပိုင်မှာ ယခုတော့ 'လူကောင်းဘဝ'ကို မက်မောအားကျနေသည်။ သူသည် ဖြစ်သမျှ ဓားပြကိစ္စက အစ ရှင်းပြသည်။ နောက်ဆုံး မိုးကုတ်ဘိန်းစခန်းတွင် ဘိန်းများရောင်းနေသော စံထွန်းကိုပါ လမ်းညွှန်လိုက်သည်။ ဤမျှဆိုလျှင် ချစ်ပိုင်ကို သူ မသတ်သင့်တော့ဟု ဘသိုက် ယူဆလိုက်သည်။

"ကောင်းကွာ . . ချစ်ပိုင်၊ မင်း ဒီလိုရှင်းပြတာ ကျေးဇူးတင်ပါတယ်၊ ငါ မင်းကို မသတ်ပါဘူး၊ မင်းလဲ လူကောင်းဘဝနဲ့ ရပ်တည်နိုင်ပါစေ"

ငွေများနှိုက်ကာ ချစ်ပိုင်လက်ထဲသို့ ထည့်ခဲ့သည်။ ငွေသုံးဆယ်လောက်ရှိ၍ ချစ်ပိုင် ဝမ်းသာသွားသည်။

"ကျုပ် . . ကျုပ်ပြောတာတွေ အမှန်တွေပါ ကိုဘသိုက်၊ ကျုပ် မကောင်းမှုနဲ့ ငွေရအောင် ဘယ်တော့မှ မလုပ်တော့ဘူးလို့ သန္နိဋ္ဌာန် ချပြီးပါပြီ"

အရက်ဆိုင်ထဲသို့ ပြန်ရောက်လာသည်။ ဦးပေါ်ထင်မှာ အတော်မူးနေပြီ ဖြစ်သည်။

"မင်းတို့သူငယ်ချင်းနှစ်ယောက် ကွင်းထဲမှာ စကားထိုင်ပြောနေတာလား"

"ဟုတ်တယ်"

ဘသိုက်က ပြောလိုက်သည်။ အရက်နောက်တစ်ပိုင်းမှာကာ အိပ်ချင်ပြေအောင် ချစ်ပိုင်နှင့်အတူ သောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ပိုင် မင်းပြောတဲ့စကားအတိုင်း တည်ရင်တော့ မဆိုးဘူးပေါ့ကွာ၊ ချောင်းဖြူရွာကို မင်္ဂလာပြန်ပြောင်းဖို့ ကောင်းတယ်"

"ဒါကတော့ မဖြစ်နိုင်ဘူး ကိုဘသိုက်၊ ချောင်းဖြူရွာက လူတွေက ကျုပ်ကို စားပြဆိုတဲ့ မျက်လုံးတွေနဲ့ပဲ အမြဲကြည့်တယ်"

"အင်း . . ဒါဆိုလဲ ဒီရွာကလွဲရင် တ ခြားရွာရွှေ့ပေါ့ကွာ"

"အဲဒီလိုပဲ စိတ်ကူးတာပဲ၊ နောက်လဲ တွေ့ကြသေးတာပေါ့" "အေး . . ကဲ ငါက ခရီးသွားရဦးမှာ သိပ်မှုးလို့ မဖြစ်ဘူး ချစ်ပိုင် သွားမယ်"

ဆိုင်ရှင်ကို ငွေရှင်းကာ ထွက်လာခဲ့သည်။ သူသည် မနက်စောစော ချောင်းဖြူသို့ကူးမည့် လှေဆိပ်သို့ရောက်အောင် လျှိုထဲရှိရွာမှ ပြန်တက်ခဲ့သည်။ ချစ်ပိုင်ပြောသည့်အတိုင်းဆိုလျှင် နန္ဒာသင်းမှာ မသေနိုင်သေး။

သည်တော့ မြစ်ငယ်ရှိ သစ်စက်သို့ရောက်အောင် သွား၍ စုံစမ်းချေဦးမည်။ သူသည် လသာသာတွင် လျှောက်လာရာ လှေဆိပ်ရှိ တဲလေးနားသို့ ရောက်လာလေသည်။ တစ်ဖက်ကမ်းသို့ကူးမည့်သူများ ရောက်ကာ ဈေးရောင်းသူရောင်းနေသည်။

"ကောက်ညှင်းပေါင်း ၂ ပြားဖိုးလောက် ပေးပါ"

ကောက်ညှင်းပေါင်းကို ဗိုက်အပြည့်စားကာ နံနက်တစ်နာရီလောက်တွင် တဲနံရံကိုမှီကာ ဘသိုက် အိပ်ပျော်သွားလေသည်။

× × ×



"ဘယ်လိုလဲ ဆရာကြီးရေ၊ ရွှေအိုးနဲ့ သဇင်နွယ်ကို နိုင်ပါဦးမလား"

မောင်မောင်ကြီးသည် ပြတင်းပေါက်မှကြည့်နေ၏။ သူတို့တိုက်ဘေးရှိ ခြံကျယ်ထဲတွင် ရွှေအိုးက မြင်းစီးပြသည်။ သဇင်နွယ်ကလည်း ရွှေအိုးဆင်းသည်နှင့် မြင်းကို ယူကာစီးသည်။

ယခု သဇင်နွယ်မှာ အိမ်သားတစ်ဦးလို ဖြစ်နေချေပြီ။ မောင်မောင်ကြီးသည် သဇင်နွယ်ကို အမွေစားအမွေခံသမီးအဖြစ် မွေးစားဖို့ ရည်ရွယ်ထားသည်။ သူသည် သဇင်နွယ်၏ ယဉ်ကျေးပုံ၊ အလိုက်သိပုံတို့ကို တွေ့ရ၍ သားသမီးတစ်ဦးကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ပင် ချစ်မြတ်နိုး ခင်တွယ်မိလေသည်။

သဇင်နွယ်မှာ သူမ၏အတိတ်ကို သတိမရဘဲ ဤအိမ်တွင် ပျော်နေသည်။ ပူစူးလေးသည်လည်း သဇင်နွယ်နှင့်အတူနေကာ ပျော်နေပြန်သည်။

"သူ့အတိတ်ဘဝကို သူပြန်သတိမရဘဲ ဒီလိုပဲ ရှိနေတာက စိတ်ချမ်းသာမယ်လို့ ကျုပ်ထင်တယ်"

ဒေါ်ခင်ခင်ကို မောင်မောင်ကြီးက ပြောလိုက်သည်။

"ဆရာလဲ ဒီသူငယ်မကို တော်တော်သံယောဇဉ် ဖြစ်နေပြီ ထင်ပါရဲ့"

"ဟုတ်တယ် ဒေါ်ခင်ခင်၊ ကျုပ်က သားသမီးမရှိ၊ အိမ်ထောင်လဲ မပြုချင်တဲ့ လူပျိုကြီးဆိုတော့ ဒီလိုသမီးတစ်ယောက် ကျုပ်နားမှာရှိဖို့ လိုတယ်ထင်တယ်"

"အင်း . . ဆရာအတွက် ဒီကိစ္စအကြောင်းပြုပြီး စိတ်ဆင်းရဲစရာ ပေါ်လာမှာ ကျွန်မ စိုးရိမ်တယ်"

"စိတ်ဆင်းရဲစရာတော့ ဖြစ်ဖို့မရှိပါဘူး ဒေါ်ခင်ခင်၊ ကျုပ်က သဇင်နွယ်ကို မိဘလို ဖြူစင်တဲ့ မေတ္တာနဲ့ ချစ်တာပဲ၊ ကျုပ်သမီးပဲ ဆိုပါတော့၊ သူ အိမ်ထောင်ပြုမယ်ဆိုလဲ သူ့ဘဝ လှပအောင် ကျုပ်က ထူထောင်ပေးရမှာပဲ"

ထို့နောက် မြင်းတစ်ယောက် တစ်စီးစီးကာ ခြံဝင်းထဲမှ ရွှေအိုးနှင့် သဇင်နွယ်တို့ ထွက်သွားကြသည်။ သူတို့ မန္တလေးတောင်အထိ မြင်းသွားစီးကြမည် ဖြစ်သည်။





"ဒီရွှေအိုးဟာ မိန်းကလေးကို လျှောက်ပြီး မြင်းစီးသင်ပေးလား သင်ပေး၊ ကားမောင်းသင်ပေးလား သင်ပေးနဲ့"

"ဆရာရဲ့ညီ ဆရာရွှေအိုးကလဲ သဇင်နွယ်ကို တော်တော်ချစ်တယ်၊ သားချင်းတွေလိုပဲ"

"ခုမှ ဘုန်းကြီးရှူးနဲ့ လေ့လူးတွေ ကြတာလေ၊ သူကလဲ ဘူမတွေ သမီးတွေဝတ်နေတဲ့လူပဲ"

"ကဲပါ ဆရာရယ်၊ ဒီမိန်းကလေး ရောက်လာတာ ကျွန်မတို့ တစ်အိမ်လုံး စည်ကားသွားတာပဲ၊ ဆရာလဲ စိတ်ချမ်းသာတယ်၊ ဆရာ အဲဒီလို စိတ်ချမ်းသာပျော်ရွှင်တာ ကျွန်မတို့ ကျေနပ်ပါတယ်"

ပြုံးခဲရယ်ခဲသော မောင်မောင်ကြီးက သဇင်နွယ်နှင့် ရယ်ကာမောကာနှင့် စကားပြောသည်ကို တွေ့ရ၍ ထိုသို့ရည်ညွှန်းပြောလိုက်ခြင်း ဖြစ်သည်။ မောင်မောင်ကြီးသည် စားပွဲပေါ်မှ လယ်တီဆရာတော်၏ သမန္တစက္ခုဒီပနီစာအုပ်ကို လှမ်းဆွဲလိုက်သည်။

"အင်း . . ကျုပ်အသက်ကလဲ ငါးဆယ်နားနီးနေပါပြီ၊ သူတို့တွေကိုပဲ ကျုပ်က လုပ်ငန်းထူထောင်ပေးချင်တာ၊ ခု ကျုပ်သူငယ်ချင်းက မိုးကုတ်က နဂါးကျောက်တွင်းဆိုတာ ရောင်းမဘဲ့၊ မိုးကုတ်မှာဆိုရင် ကျုပ်တို့ အေးအေးလူလူ နေရစရာတိုက်က တော်တော်ကောင်းတယ် ဆိုပဲ"

"ဆရာ့သမီးကို မေးကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ခင်ခင်ကလုပ်ပြီ၊ ဒေါ်ခင်ခင့်သဘောကရော"

"ကျွန်မကတော့ ဆရာကြိုက်ရင် ငြင်းစရာ မရှိပါဘူး"

သူတို့စကားပြော၍ အတော်ကြာမှပင် ချွေးတရွှဲရွဲနှင့် သဇင်နွယ်နှင့် ရွှေအိုးတို့ပြန်ရောက်လာသည်။ သဇင်နွယ်က ခေတ္တထိုင်ကာ အမောဖြေနေသည်။

ပြီးမှ ချွေးများသုတ်ကာ ရေချိုးခန်းသို့ ဝင်သွား၏။ ခဏကြာတော့ လှလှပပ အဝတ်လဲကာ အခန်းထဲမှထွက်လာသည်။

"ဦးလေး မနက်အတွက် ဆေးသောက်ပြီးပြီလား"

"ဟာ . . ဟုတ်သားပဲ၊ သမီးက တိုက်မှ မတိုက်ဘဲ"

"သမီးက ထမင်းစားပွဲမှာ ဆေးရော ရေရော အဆင်သင့် လုပ်ပြီးသား၊ လာ ဦးလေးကို ပြမယ်"

သဇင်နွယ်က ဦးမောင်မောင်ကြီးကို ဆွဲခေါ်သွားသည်။ မောင်မောင်ကြီးက ပြုံး၍လိုက်သွား၏။

"ဒီမှာ"

"အေးဟုတ်တယ် . . ဦးလေးအပြစ် ဦးလေး မကြည့်မိဘူး"

နှလုံးအားနည်းနေသော မောင်မောင်ကြီးကို ဆရာဝန်က နံနက်နှင့် ညနေပိုင်းသောက်ရန် ဆေးပေးထားသည်။ ထိုဆေးကို မေ့တတ်သော မောင်မောင်ကြီးကို သဇင်နွယ်က အမြဲသတိပေးရသည်။

"ကဲ . . ဦးလေးသောက်၊ ခဏနေရင် ဦးလေးကြိုက်တဲ့





ဟင်းနဲ့စားမယ်"

"ဟာဟင်းလဲ သမီးရဲ့"

"ဘဲပေါင်းလေ"

"ဟား . . ဟား . . ဟား ဦးလေး ဒီနေ့ဘာစားချင်တယ်ဆိုတာ သမီးက သိနေတာပဲ"

ဦးမောင်မောင်ကြီးက သဇင်နွယ်၏ပခုံးကို လက်သီးနှင့်ထိုးရင်း ရယ်လိုက်သည်။

× × ×

ထမင်းဝိုင်းမှာ စည်ကားလှသည်။ မောင်မောင်ကြီး၊ ရွှေအိုး၊ ဒေါ်ခင်ခင်၊ သဇင်နွယ်၊ ပုစုမ၊ ခြံစောင့်ဦးတိုး၊ မာလီအုန်းမောင် အားလုံးပေါင်း လူခုနစ်ဦး ရှိသည်။ အခြားအချိန်များတွင် လူစုံချင်စုံ မစုံချင်နေ မောင်မောင်ကြီးက ထမင်းစားသည့်အချိန်တွင်တော့ လူစုံမှကြိုက်သည်။

ဧည့်ခန်းထဲတွင် ဆင်စွယ်ကို ငွေကြိုးတပ်ကာ လုပ်ထားသော မောင်းလေးတစ်လုံး ရှိသည်။ ထိုမောင်းမှာ ပဥ္စလောဟာဟုခေါ်သော သတ္တုငါးမျိုးကို ဆီလျော်အောင် စပ်ထားသည်။

မောင်းနှုတ်ခမ်းသားမှာ ငွေရောင်ထနေပြီး မောင်းပတ်ပတ်လည်တွင် ကြေးနီရောင်ရှိသည်။ မောင်းနေသည့် နေရာတွင်မူ ငွေရောင်ပြောင်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားချိန်ကို နံနက်(၁၁)နာရီခွဲဟု သတ်မှတ်ထားသည်။ နံနက်(၁၁)နာရီခွဲတိတိရှိသည်နှင့် မောင်မောင်ကြီးက ငွေရောင်မောင်းအုံလေးကို သုံးချက်တီးလိုက်သည်။

"ဒူ"

"ဒူ"

"ဒူ"

ထမင်းစားခါနီးတွင် မည်သည့်အလုပ်ကို လုပ်ကိုင်နေခြင်းမှ မကြိုက်။ (၁၁)နာရီထိုးလျှင် ရွှေအိုးတို့ ဦးအုန်းမောင်တို့ ခြံစောင့်မောင်တိုးတို့ ခြေလက်များဆေး အဝတ်အစားလဲကာ မောင်းသံနားထောင်နေရသည်။

ဤအိမ်သို့ ရောက်ကာစတွင်တော့ မောင်းသံကြားပေမယ့် ပန်းခြံထဲတွင် ထိုင်ချင်ထိုင်နေသည်။

"ထ . . ထ . . ဟိုမှာ အစ်ကိုကြီး စိတ်ဆိုးနေလိမ့်မယ်"

ဟု ရွှေအိုးက သတိပေးကာ ခေါ်ရသည်။ ဆရာဝန်အမျိုးမျိုးဖြင့် သခင်နွယ်ကို ခေါ်ပြသည်။

ဆရာဝန်များက ဤရောဂါမျိုးမှာ နိုင်ငံခြားတွင်လည်း ရှိတတ်ကြကြောင်း သွေးလန့်မှုနှင့် ဦးခေါင်းကို ထိခိုက်မှုတို့ကြောင့် ဖြစ်တတ်၍ ပြန်ကာ သတိဖော်နိုင်ဖို့မလွယ်ဟု ဆိုကြသည်။

အကယ်၍ တိုက်ဆိုင်သော အကြောင်းရပ်များနှင့် သူ၏ သွေးလန့်မှု၊ ထိခိုက်မှု ပြေစေနိုင်သည့်အကြောင်းတို့ ရှိပါမှ ကံ





ကောင်းလျှင် သတိရနိုင်မည်။ အချို့လည်း တစ်သက်လုံး သတိမရဘဲ ရှိသွားသည်ဟု ဆိုသည်။

"ကဲ . . စားကြ၊ အခု သခင်နွယ်အတွက် မိုးကုတ်မှာ ကျောက်စိမ်းတွင်း တစ်တွင်းဝယ်မလို့၊ ကျောက်စိမ်းတွင်းရယ် မဟုတ်ပါဘူး၊ ပတ္တမြား၊ နီလာ၊ ဂေါမုတ်ထွက်ချင်တာ ထွက်မှာပဲ၊ ငါ့ရဲ့မိတ်ဆွေဟာ ရောင်းဖို့လာဆိုင်တာနဲ့ မင်းဝယ်ချင်အဲဒါမျိုး ဘယ်တော့မှ အရင်းမရှုံးဘူးဆိုလို့"

ထမင်းဝိုင်းတွင် အိမ်သားများအားလုံးကို ပြောလိုက်သည်။

"ဦးလေး ကျွန်မက ဘာမှ မလုပ်တတ်ဘူးနော်၊ ကျောက်အကြောင်းလဲ ကျွန်မ နားမလည်ဘူး"

သခင်နွယ်က အားတုံ့အားနာနှင့် ငြင်းသည်။

"ကျောက်က နားလည်စရာ မလိုဘူးလေ၊ အစ်ကိုကြီးရှိတယ်၊ အစ်ကိုကြီးက ကျောက်မျက်ပညာရှင်ပဲ၊ သဇင့်ကို သင်ပေးမှာပေါ့ တူမရဲ့"

ဒေါ်ခင်ခင်က ဝင်ပြောလိုက်လေသည်။

"မိုးကုတ်က တော်တော်ဝေးသလားဟင်ဦး"

"ဟာ . . ဝေးတာပေါ့၊ မန္တလေးနဲ့ အတော်ဝေးတာ၊ ဒါပေမယ့် နေလို့ကောင်းတယ်၊ ခုလို ပူလောင်တဲ့ နွေရာသီမှာ မိုးကုတ်မှာနေရရင် သိပ်ကောင်းတာပေါ့"

အားလုံး မောင်မောင်ကြီး၏ အစီအစဉ်ကို မျက်နှာများဝင်းပသွားသည်။ ပူစူးမက



www.burmeseclassic.com

www.burmeseclassic.com



"ပူစူးမနဲ့ မမခြံထဲမှာ ကြက်တောင်ရိုက်လို့ ကောင်းတာပေါ့"

ဟု ပြောလိုက်သည်။

"ကောင်းတယ် . . ဒီအပတ်အတွင်းမှာပဲ စာချုပ်ချုပ်ဖို့ ပြောတယ်၊ ကျုပ်က မန္တလေးက အလုပ်တွေ ဖြတ်ပြီး အိမ်ကို သော့ခတ်မယ်၊ ရွှေအိုး၊ ဒေါ်ခင်ခင်နဲ့ သဇင်နွယ်တို့က အိမ်သစ်မှာ ကြိုပြီးတော့ အစီအစဉ် လုပ်ထားဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ဦးလေး"

"ဟိုမှာလဲ ပင်ပန်းတဲ့အလုပ်တွေ ပြီးနိုင်အောင် လူတစ်ယောက်ငှားပေးပြီး အိမ်မှာ လုပ်ထားဖို့ ကျုပ်မှာထားပါတယ်"

× × ×

ဘသိုက်သည် ထောင်ထဲတွင် နေခဲ့ဖူးသူ ဖြစ်သောကြောင့် တတ်နိုင်သမျှ ရာဇဝတ်မှုမဖြစ်ရန် သူဆင်ခြင်သည်။ ပြီးတော့ ချစ်ပိုင်သည် အဓိကတရားခံမဟုတ်။ သူ့မှာလည်း သားနှင့်မယားနှင့်။

ထို့ကြောင့် ချစ်ပိုင်၏အသက်ကို မသတ်ဘဲ သိလိုရာ မေးကာ ထွက်လာခဲ့သည်။ ဤတွင် မြစ်ငယ်လေ့ဆိပ်မှ သစ်ပုံကြားတွင် နန္ဒာသင်း ပျောက်သွားကြောင်း သိရသည်။

နှစ်နှစ်ကျော်သည့် ကိစ္စကို လိုက်စုံစမ်းရခြင်းကတော့ မလွယ်။ သစ်စက်ထဲဝင်ကာ သိသူရှိသလားဟု မေးကြည့်သည်။ လူကြီးတစ်ယောက်က





"အင်း . . ခပ်ရေးရေးပဲ၊ ကျုပ် တစ်ည လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လို့ အဝတ်အိတ်နဲ့ စွပ်ထားတဲ့ မိန်းမတစ်ယောက်ကို တွေ့တယ်"

"ကျုပ်က လုံခြုံရေးသမားတွေကို အသိပေးဖို့ သံချောင်းသွားခေါက်တယ်၊ လုံခြုံရေးသမားတွေကလဲအလာ ကျုပ်က အဲဒီ သစ်ပုံကြားထဲ ပြန်သွားကြည့်တော့ အိတ်အနက်ကြီးပဲ ကျန်ခဲ့တယ်၊ မိန်းကလေးက ကြောက်လန့်တကြား ထွက်ပြေးသွားတယ် ထင်ပါရဲ့"

"ဟုတ်ပြီ"

ဘသိုက် ဘယ်လက်ဝါးကို ညာလက်သီးဖြင့် ထုချလိုက်လေသည်။

"ကဲ . . ဒါဆို သူ့ကိုတွေ့တဲ့နေရာ ကျွန်တော့်ကို လိုက်ပြပါ၊ ကျွန်တော် ကြည့်ချင်တယ်၊ ဒါပြီးရင် ပြန်ပါတော့မယ်၊ ဦးလေးတို့ရဲ့ကျေးဇူး မမေ့ပါဘူး"

ပြောပြောဆိုဆို သစ်စက်လုံခြုံရေးသမားကြီး၏ လက်ထဲသို့ ငါးမူးစေ့တစ်စေ့ထည့်ပေးလိုက်ရာ အလွန်အားနာသွားပုံရလေသည်။

"ဟာ . . ဒီလောက်ငွေတွေ ပေးစရာ မလိုပါဘူး၊ ကျုပ်ကလဲ မှတ်မိသလောက် ပြောပြတာကလွဲပြီး ဘာမှ ကူညီနိုင်တာမဟုတ်ဘူး"

"ရပါတယ်"

သစ်စက်ထဲတွင် သစ်လုံးရွှေ့နေသူများ ဘက်သို့လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ

"ငါ ခဏလိုက်သွားမယ်ဟေ့"

ဟု အော်လိုက်သည်။

သစ်လုံးများကို တစ်ပုံမှတစ်ပုံ သံကြိုးဖြင့် ပတ်ချည်ကာ စက်သီးဖြင့်ဆွဲလျက် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ကရိန်းကားလို့ အသုံးပြုကာ ရွှေ့နေကြခြင်း ဖြစ်သည်။ သစ်ကကိုင်တွယ်ပုံ မသေသပ်လျှင် လက်ပြတ်ခြေပြတ်ဖြစ်ရုံမျှမက အသက်ပင် သေဆုံးတတ်၍ သတိထားရလေသည်။

"သစ်ပုံတွေက နေရာတော့ ပြောင်းတယ်၊ ဒါပေမယ့် အကွက်ရိုက်ထားတဲ့ ဖောင်လုပ်မယ့် သစ်တွေကတော့ သူ့လုံးရေတွက်နဲ့သူ မပြောင်းပါဘူး၊ အင်း"

သစ်ပင်တွေကြားထဲ ရပ်ကြည့်ရာ တစ်နေရာသို့ အရောက်တွင်

"ဒီနေရာလို့ ထင်တာပဲ ငါ့တူ"

ဟု သစ်လုံးနှစ်ပုံကြားကို လက်ညှိုးထိုးပြသည်။ မြစ်ကမ်းစပ်နှင့် ပေနှစ်ဆယ်မျှကွာသော ကမ်းနားမှ သစ်လုံးပုံပင် ဖြစ်လေသည်။

ဘသိုက်ရပ်ကာ စဉ်းစားသည်။

"အင်း . . သူက ထိတ်လန့်နေတာဆိုတော့ မြစ်ကမ်းစပ်ဘက်မှာပဲ ထွက်ပေါက်ရှိမယ်၊ ဒီတော့ ဒီလမ်းအတိုင်း ထွက်မယ်၊ ညဖက်ဆိုတော့ သူ ချုံတွေဘာတွေထဲမှာ ပုန်းချင်ပုန်းလို့ရမယ်"





ချုံစပ်မှ ရပ်ကြည့်ရာ မြစ်ငယ်ဖောင်ဆိပ်မှ ဖောင်များကို တွေ့ရလေသည်။

ဖောင်ဆိပ်နှင့် သစ်ပုံမှာ သိပ်မဝေးလှ။ ရှိလှလျှင် ခြေလှမ်း(၁၀၀)ခန့်သာ။ ညဆိုလျှင် မအိပ်သေးသော ဖောင်များပေါ်မှ မီးရောင်ကို ဤချုံများကြားမှ မြင်တွေ့နိုင်ပေမည်။

ထိုဖောင်များသည် မြစ်ငယ်မှ မန္တလေးသို့ မျောမည့် ဖောင်များ ဖြစ်သည်။ သူသည် သစ်လုံးဖောင်များဖြင့် မန္တလေးသို့ လိုက်၍ရမရကို မေးနိုင်ရန် ဖောင်ဆိပ်သို့ ဆင်းလာခဲ့လေသည်။

အချို့ဖောင်များပေါ်မှ ကလေးများရော၊ ခွေးများပါ တွေ့ရလေသည်။ ခွေးရှိသော ဖောင်ပေါ်သို့ကား ဘသိုက် မလိုက်ချင်ပေ။

တဲကလေးသုံးခုထိုးထားသော ဖောင်ပေါ်သို့ တက်လာရာ တဲထဲတွင် ပက်လက်ကုလားထိုင်ဖြင့် အေးအေးလူလူ ထိုင်နေသော လူကြီးတစ်ဦးကို တွေ့ရသည်။

"ဦးလေး ကျွန်တော် မန္တလေးကို လိုက်လို့ရမလား၊ ဒီဖောင်က ဒီနေ့ထွက်မှာလား"

"မဟုတ်ဘူးကွ၊ မနက်ဖြန်မှ ထွက်မှာ၊ ဒါပေမယ့် စောင့်နိုင်ရင်တော့ လိုက်ခဲ့လေ"

"အင်း . . စောင့်တော့ စောင့်နိုင်ပါတယ်၊ ဒီနားမှာ ဘာဆိုင်ရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကုန် အချိန်ဖြုန်းရမည် ဖြစ်သောကြောင့် ဘသိုက်က မေးလိုက်သည်။

"ရှိပါ့ကွာ . . သစ်ဖောင်သမားတွေနဲ့ သစ်စက်အလုပ်သမားတွေ စားတဲ့ထမင်းဆိုင်တို့ လက်ဖက်ရည်ဆိုင်တို့ သစ်စက်နောက်မှာ ရှိပါတယ်၊ နည်းနည်းလေးလျှောက်ရင် ဈေးတန်းလေးမြင်ရတယ်။ အဲဒီဈေးမှာပဲ ဦးလေးတို့မိန်းမ ဈေးသွားဝယ်နေတယ်၊ ဖောင်ပေါ်စားချင်လဲစားပေါ့"

ဖောင်သမားဆိုပေမယ့် လေထီးပိုး ကာကီရောင်နှင့် လဖက်ရည်ရောင်ဘန်ကောက်လုံချည် ဝတ်ဆင်ထားသော လူကြီးက ပြောသည်။

"ဖောင်ပေါ်မှ လူဘယ်နှစ်ယောက်ပါသလဲ ဦးလေး"

"တို့လင်မယားနှစ်ယောက်ပါပဲကွာ"

"ဖောင်ခရော ဘယ်လောက်ယူမှာလဲ"

"ဟာ . . မဟုတ်ပါဘူးကွာ၊ တို့က သစ်လုံးလုပ်ငန်းလုပ်တာ လမ်းကြုံလို့ လိုက်တဲ့သူကိုတော့ စေတနာနဲ့ ခေါ်မှာပါ၊ တစ်ပြားမှ ပေးစရာ မလိုပါဘူး"

ဘသိုက်မှာ အလွန်သဘောကောင်းသော လူကြီးနှင့် တွေ့ရသည်ဟူ၍ ဝမ်းသာသွားသည်။

"ကျွန်တော် ကမ်းပေါ်တက်ပြီး အဲဒီဈေးဘက်လျှောက်လိုက်ဦးမယ်"

"ဈေးက နည်းနည်းလှမ်းတယ်၊ ညဘက်ကျတော့ အေးတယ်ကွ၊ သောက်တတ်စားတတ်ရင် တစ်ခါတည်း ဝယ်လာခဲ့"





"ဦးလေးရော သောက်တတ်လား"

"သောက်တတ်ပါတယ်၊ ဒါပေမယ့် မသောက်တာတော့ ကြာပြီကွ၊ စကားပြောဖော်ရှိရင်တော့ သောက်ပါတယ်"

"ကျွန်တော် ပြန်လာခဲ့မယ်"

"ကောင်းပါပြီ"

သူသည် လက်ဖက်ရည်ဆိုင်သို့ ဝင်ကာ ထိုင်၏။ မြစ်ငယ်သစ်စက်တွင် "နန္ဒာသင်း"၏ကိစ္စက လမ်းစပြတ်သကဲ့သို့ ဖြစ်နေသည်။ ကြောက်ကြောက်နဲ့ ချုံတိုးရင်း ရေထဲပြုတ်ကျကာ သေဆုံးသွားခြင်းလည်း ဖြစ်ချင်ဖြစ်ပေမည်။

မတတ်နိုင်။ နန္ဒာသင်းကိစ္စကို အလျင်လုပ်၍ မရလျှင်လည်း သူကြီးသားစံထွန်း ဝရမ်းပြေးကောင်ကို ရှာကာ လက်စားချေရမည်။ ထိုတာဝန်ပြီးမှ သူ့ဘဝ ရှေ့ဘယ်သို့ ရပ်တည်ရမည်ကို စဉ်းစားရတော့မည်။

သူသည် နံနက်စာထမင်းကို ထမင်းဆိုင်တွင် ဖြစ်သလို ဘားကာ ကြက်တစ်ကောင်၊ အရက်နှစ်လုံး၊ ဝက်သားတွဲတစ်တွဲနှင့် ဟင်းချက်စရာ ငရုတ်၊ ကြက်သွန်၊ ဆီများကို ဝယ်ကာ အိတ်တစ်လုံးနှင့် ထည့်၍ ဖောင်ရှိရာသို့ ပြန်လာခဲ့လေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မြစ်ငယ်ရှိ သစ်ဖောင်ဆိပ်သည် နှင်းတောထဲတွင် အေးဆေးငြိမ်သက်နေ၏။ ညနေစာအတွက် ဖောင်ပေါ်တွင် ချက်ပြုတ်လျက် ရှိနေကြသည်။

ဖောင်သမားများသည် ညအတော် မှောင်မှ ချက်ပြုတ်၍ စားကြရ၏။ ဖောင်ဆိုက်ထားစဉ်အတွင်း ကုန်းပေါ်ရှိ သစ်စက်၊ ပဲစက်၊ ဆန်စက်တို့တွင် လုပ်သူများက မိုးချုပ်မှ ပြန်လာတတ်ကြသောကြောင့် ဖြစ်၏။

မလှသည်လည်း ညနေဈေးမှ ပြန်ကာ ကြက်သားများကို ခုတ်၍ ဘူးသီးနှင့်ကာလသားချက်ချက်ရန် ပြင်ဆင်နေလေသည်။ မနီးမဝေးတွင် ဘသိုက်က ထိုင်ကာ ညီညာသော ဖျဉ်တစ်ချပ်ခင်းကာ အရက်တစ်လုံးနှင့် မြေပဲကြော်၊ ဘူးသီးကြော်တို့ကို စားသောက်နေသည်။

"ဒီတစ်ခေါက်တော့ သမီးကို သွားခေါ်မှ ဖြစ်မယ် ကိုနေဝရေ"

မလှက ဟင်းအိုးနယ်ရင်းမှ လှမ်း၍ ပြောလိုက်ရာ ငါးလေးများကြော်ကာ ပန်းကန်ထဲထည့်နေသော ဦးနေဝက

"အေးပါကွာ . . ငါလဲ အသက်ကြီးပြီ၊ ပူးစူးကို ခေါ်ပြီး မန္တလေးက တို့ဝယ်ထားတဲ့ တိုက်မှာနေမယ်၊ ဖောင်လုပ်ငန်းတော့ ရပ်လိုက်လို့ မဖြစ်ဘူး၊ လူငှားနဲ့လုပ်မယ်"

"ဆရာဦးမောင်မောင်ကြီးက သဘောတူပါ့မလား"





"အကျိုးအမြတ် ငါ့အတွက် မှန်မှန်ရမယ်ဆိုရင် သူသဘောတူရမှာပေါ့"

ဘသိုက်က နားထောင်ရင်း

"ဦးလေးတို့က သမီးရှိလို့လား"

"ရှိတယ်ကွယ့် . . ဆယ့်နှစ်နှစ်လောက်ရှိနေပြီ၊ ဦးလေးတို့ရဲ့ သူဌေးက ခေါ်ထားတာ"

ဘသိုက်မှာ သမီးလေးတစ်ယောက်ရှိသော လင်မယားကို ကြည့်ကာ . .

"ဆယ့်နှစ်နှစ်ဆိုတာ တော်တော်အကူအညီရနေပြီ ကိုယ်နဲ့ ခေါ်ထားပေါ့" ဟု ပြော၏။

"အစကတော့ ခေါ်ထားတာပါပဲ၊ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်နှစ်လောက် ဒီဖောင်ပေါ်ကို ဒုက္ခသည်မိန်းကလေးတစ်ယောက် ရောက်လာတယ်"

ဦးနေဝက ကြော်ပြီးသော ငါးများကို ယူလာကာ အရက်တစ်ခွက် ငှဲ့ရင်း ပြောလိုက်သည်။

"ဗျာ . . ဘယ်လို ဒုက္ခသည်မိန်းကလေးဟုတ်လား"

မီးဖိုပေါ်သို့ မလှက ဟင်းအိုးတင်ရင်း

"ဒုက္ခသည်တော့ မဟုတ်ပါဘူး၊ သူက အရွယ်ငယ်ငယ်ချောချောလေး၊ သူ့ဘဝကို သူမေ့ပြီး ဒီးအခု အဒေါ်ချက်တဲ့ မီးဖိုထဲမှာ လာအိပ်နေတာ"

မလှက လွန်ခဲ့သည့် နှစ်နှစ်ကျော်က ဖောင်ပေါ်သို့ ရောက်လာသည့် သဇင်နွယ်ဆိုသော မိန်းကလေးအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်လေသည်။ သခင်နွယ်မှာ "နန္ဒာသင်း"ဖြစ်နိုင်ကြောင်း ရိပ်မိသော ဘသိုက်က ညာဘက်လည်ပင်းအောက်တွင် မှည့်နက်ကလေးတစ်လုံးပါမပါ မေးသောအခါ ပါနေကြောင်း သိရလေတော့သည်။

"ဟာ . . ဒါဆိုရင် ကျွန်တော်ရှာနေတဲ့ "နန္ဒာသင်း" ဆိုတဲ့ ကျွန်တော့်ချစ်သူပဲ"

"အင်း . . သူဆိုရင် လိုက်ခဲ့ပေါ့၊ သူ့ဒွေးက သဘောကောင်းပါတယ်"

ဦးနေဝက

"လိုက်ခဲ့ပြီး အကျိုးအကြောင်း ပြောသာပြပါကွာ"

ဟု ပြောလိုက်လေသည်။



လှိုင်လင်မြို့ရှိ ကားဝပ်ရှော့ လုပ်ထားသော ခြံဝင်းကြီးထဲတွင် စံထွန်းသည် ခြောက်လုံးပြူးသေနတ်ကို ခါးထိုးကာ

"ဒီနေ့ ကျောက်မြက်ရတနာ ကုန်သည်ငါးယောက် မေမြို့ပွေးကောက် ရေတံခွန်မှာ ဆုံကြမယ်ဆိုတဲ့ သတင်းက သေချာလား မောင်ထွေး"

"သေချာပါတယ် ဆရာစံထွန်း"

"ဒါဆို သိုက်မောင်၊ စွန်ကျန်း၊ အဲကြီးတို့ကို အဲဒီကို လွှတ်ထား၊ ငါ နောက်က လိုက်လာခဲ့မယ်၊ သေနတ်တွေကို လူ လုံးဝမမြင်စေနဲ့"

စံထွန်းက အလွန်ပါးနပ်သောသူ ဖြစ်သည်။

သူသည် ဓားပြတိုက်၍ ရလာသော ကျောက်မြက်ရတ



www.burmeseclassic.com

www.burmeseclassic.com



နာနှင့် ရွှေငွေများကို ယူဆောင်ကာ ရှမ်းပြည်နယ်ရှိ ကားပြင်စက်ရုံကြီးတစ်ခုကို ငှားရမ်းလိုက်သည်။ ထို့နောက် မောင်ထွေးနှင့်အတူ အခြေအနေမဲ့ဖြစ်သော လူလေလူလွင့်များကို စားသောက်ဆိုင်အရက်ဆိုင်များမှ ခေါ်ယူကာ သူ၏ကားပြင်စက်ရုံတွင် မွေးထားလိုက်၏။

စံထွန်း ခိုင်းသမျှလုပ်မည့် တပည့်များ ဖြစ်လာသော ထိုသူတို့က မောင်ထွေး ရှာပေးသည့် ကျောက်မျက်ရတနာရောင်းဝယ်သည့် ကုန်သည်များ၊ နှစ်ဦးချင်းချိန်းတွေ့သည့်နေရာတို့ကို ရွေး ချယ်ကာ လုယက်ခဲ့လေသည်။

ကိုလိုနီခေတ်က ပြည်မနှင့်ပြည်နယ်များမှာ ခွဲခြားအုပ်ချုပ်သောကြောင့် ပုလိပ်အဖွဲ့က ရှမ်းပြည်သို့ရောက်လျှင် တော်ရုံတရားခံပြေးများ နောက်သို့ မလိုက်တော့ပေ။

စံထွန်းသည် သူ့သေနတ်ကို ဖြုတ်ကာ ကျည်အိမ်ကိုဖွင့်ကြည့်လိုက်သည်။ ကျည်အိမ်ထဲတွင် ကျည်အပြည့်ရှိနေသည်။ ဤဒေသတွင် ပုလိပ်ထက် ရှမ်းစော်ဘွား၏ လူများကိုကြောက်ရသည်။ ရှမ်းစော်ဘွား၏လူများ ပါလာလျှင် ဝေးဝေးက ရှောင်တိမ်းမှ အန္တရာယ်ကင်းလေသည်။

မေမြို့ပွေးကောက်ရေတံခွန်မှာ နွေရာသီတွင် အပန်းဖြေသည့်လူများ ပေါများသောကြောင့် စံထွန်းသည် သူ့ထံတွင်ရှိသော ပွေးကောက်ရေတံခွန်သို့သွားသည့် လမ်းကြောင်းများကို ရွေး ချယ်ကြည့်သည်။





"ဒီလမ်းက လူများတယ်၊ လုယက်ပြီး ပြန်လာ ဒီလမ်းက ပြန်လို့ မကောင်းဘူး၊ ခရီးသွားရတာတော့ ခက်မယ်၊ ဒါပေမယ့် ဒီတောထူတဲ့လမ်းကိုရွေး ကြားလား"

"စိတ်ချပါ ဆရာ"

"ကဲ . . ငွေရေးကြေးရေး လိုသလောက် ယူသွား၊ စားပွဲပေါ်မှာ တင်ထားတယ်။ ဘာပြဿနာမှ မဖြစ်စေနဲ့၊ သူတို့လူစုကိုသာ ထောက်လှမ်းထား ငါလာမှ အလုပ်လုပ်မယ်"

"ကောင်းပါပြီ"

ငွေများကို ရေတွက်ကာ တစ်ဦးလျှင် သုံးထောင်စီ စံထွန်းက ဝေပေးလိုက်သည်။ သည်တစ်ပွဲဆိုလျှင် သိန်းချီ၍ရနိုင်သည် မဟုတ်ပါလား။

× × ×



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ကြီးတို့ တိုက်သို့ရောက်သောအခါတွင် ဒေါ်ခင်ခင်ကိုသာ တွေ့ရ၍ ပုစူးမက ဒေါ်ခင်ခင်ကို ကူညီလုပ်ကိုင်လျက် ရှိသည်။ 'နဂါးတွင်း'ဟုခေါ်သော ကျောက်တွင်းကို 'သဇင်နွယ်'အကွက်ဝယ်ထား၍ ရှမ်းပြည်သို့ သွားကြကြောင်း သိရသည်။

ဦးနေဝတို့ကတော့ အဆင်ပြေသည်။ ပုစူးမကို ခေါ်ကာ ဂေါ်ဝိန်ဆိပ်သို့ ပြန်သွားကြသည်။

"ဒီမိန်းကလေးက အစစအရာရာ ယဉ်ကျေးတယ်ကွယ့် ဒါကြောင့်မို့ ဆရာကလဲ သူ့ကို သမီးအရင်းလို မွေးစားတာပဲ



www.burmeseclassic.com

www.burmeseclassic.com



သူကလဲ သူ့အတိတ်ကို ဘယ်လိုမှ သတိမရဘူး ပြောတာကိုး"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ သူဟာ သစ်စက်ထဲက သစ်လုံးပုံပေါ်က လိမ့်ကျပြီး သွေးလန့်သွားပါတယ်၊ သတိရတဲ့အချိန်မှာ လူတွေက ဆူဆူညံညံနဲ့ လိုက်ရှာတော့ သူ့ကိုဖမ်းမှာပဲ ထင်ပြီး ဦးနေဝတို့ဖောင်ပေါ် တက်ပုန်းနေတာပါ၊ သူ့ရဲ့ညာဘက်မေးအောက်မှာ မှဲ့တစ်လုံးရှိတယ် မဟုတ်လား"

"အေး . . ဟုတ်တယ်၊ ဒေါ်ဒေါ် သတိထားမိတယ်၊ ဒါပေမယ့် သူအခု မင်းကို မှတ်မိမှာ မဟုတ်ဘူး"

"မှတ်မိ မမှတ်မိ ကျွန်တော့်မှာ သူပေးထားတဲ့ ပုလဲပုတီးလေး ရှိပါတယ်၊ သူငယ်ငယ်က ကျောင်းနေရင်း ငါ့ပုလဲပုတီးဖြုတ်ပေးပါဆိုလို့ ကျွန်တော်က ဖြုတ်ပေးတာ အကောင်းစားမဟုတ်ပါဘူး၊ ကနုကမာကို ပုလဲလိုလုံးပြီး အရောင်တင်ထားတာပါ၊ ဒါလေးကို ပြရင်တော့ သူအားလုံးကို သတိရမယ် ထင်တာပဲ"

ဒေါ်ခင်ခင်သည် ဘသိုက်ကို ကရုဏာသက်စွာကြည့်ရင်း လိပ်စာရေးပေးလိုက်သည်။ ဦးနေဝတို့ကလည်း စိတ်မကောင်းဖြစ်သွားကြသည်။ သို့သော် မတတ်နိုင်။ နှုတ်ဆက်ဦးနေဝတို့မိသားစုက ပြန်သွားသည့်အခါ ဒေါ်ခင်ခင်ပေးသောလိပ်စာဖြင့် မိုးကုတ်မြို့သို့ လိုက်ရန် ကားဂိတ်သို့ ထွက်လာခဲ့ပေတော့သည်။

မိုးကုတ်မြို့ကား တောင်တန်းပတ်လည်ဝိုင်းနေသော ချိုင့်ကြီး ဖြစ်သည်။ ချိုင့်ထဲတွင် တိုက်အိမ်များ၊ တွင်းများကို





တွေ့ရှိရသည်။ ပထမဆုံးတော့ သူသည် တည်းခိုးခန်းတစ်ခုကို အရင်ရှာရသည်။

ရတနာမြေတည်းခိုခန်းတွင် သူ့ပစ္စည်းများကို သိမ်းကာ နံနက်စာစားသောက်လိုက်၏။ ထိုတည်းခိုခန်း၌ ဘသိုက် နံနက်စာကို ဝက်သားပေါင်းဖြင့် စားနေစဉ်မှာပင် 'နန္ဒာသင်း'ခေါ် သဇင်နွယ်မှာလည်း ဦးဟန်ရွှေ၏ ဖိတ်ကြားချက်အရ 'ထင်းရှူးခြံ'တွင် ဦးမောင်မောင်ကြီး၊ ရွှေအိုးနှင့်အတူ နံနက်စာ စည်စည်ကျေးမွေးသည်ကို စားနေရလေသည်။

"ကိုကို ကျွန်တော်ပြောတာ သူပေါ့၊ ကျွန်တော့်အကျီကို ရွှံ့စဉ်အောင် လုပ်ပြီး လှည့်မကြည့်ဘူးဆိုတာ"

နေသီဟက ထမင်းစားပွဲတွင် ထိုင်ရင်း သူ့အစ်ကိုကို တိုင်လိုက်သည်။

လှလှပပ ဝတ်ကာ စိန်နားကပ်၊ စိန်ဆွဲကြိုးဝတ်ဆင်ထားသော သဇင်နွယ်က ပြုံး၍

"အော် . . စိတ်မရှိပါနဲ့ရှင်၊ အဲဒီနေ့က ကျွန်မက ခရီးကလဲဝေး၊ မောကလဲမောဆိုတော့ ဘေးကိုမကြည့်ဘဲ ခြံကိုအရောက်သွားမိတာ"

ဟု ပြောသည်။ မောင်မောင်ကြီးက တဟားဟားရယ်ရင်း . .

"ဒီကောင်မလေးကတော့ မပြောနဲ့ဟေ့၊ ရန်တွေ့ကောင်း၊ ရန်စွာကောင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

သဇင်နွယ်က နှုတ်ခမ်းစူလျက် . .

"ဦးလေးကလဲ သူက တိုင်နေတဲ့ဟာကို ကိုယ့်တူမကို ဒီလိုပြောရလား"

"ဟား . . ဟား . . ဟား"

လူငယ်များပြောဆိုနေကြသည်ကို ဦးဟန်ရွှေက

"ကဲ . . ကဲ . . တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ကြပါဦး၊ နောက်ကို အမျိုးတွေဖြစ်သွားပြီနော်၊ ရန်မဖြစ်ရဘူး၊ သားတို့ကလဲ သဇင်နွယ်ကို ညီမလေးလို သဘောထားရမယ်၊ သဇင်နွယ်ကလဲ နေသီဟနဲ့စိုးသီဟကို အစ်ကိုကြီးတွေလို သဘောထားရမယ်၊ သမီးဆိုးချင်ဆိုး သူတို့ဆိုးရင် အဘကိုတိုင် ဟုတ်ပြီလား"

သဘောကောင်းသော ဦးဟန်ရွှေက သဇင်နွယ်ကို ဦးစားပေးကာ ပြောလိုက်သည်။

"ကဲ . . သဇင်နွယ် ကျေနပ်ပြီ မဟုတ်လား၊ ရောက်တာနဲ့ တိုင်တာ နားပူနေတာပဲ၊ ဦးရွှေအိုး ဟိုဖက်ခြံက လူဆိုးတွေ ထင်တယ်၊ ကျွန်မကို ရန်လိုက်တွေ့တယ် ဘာညာနဲ့"

"ကြည့်ပါလား အရှက်ကွဲအောင်ဖော်ပြီ"

"အား"

ရွှေအိုးကို သဇင်နွယ်က ခါးကို လိမ်လိုက်သည်။ တဟားဟားဖြင့် ဝိုင်းစည်သွားလေသည်။ နံနက်စာ ထမင်းစားပြီး





နောက် နေသီဟနှင့် သဇင်နွယ်တို့မှာ ပို၍ရင်းနှီးသွားကြသည်။

"အဲဒီတုန်းက ကိုယ်မှားတာပါ၊ ကိုယ်က ညွှန့်သည်ကို ရန်လိုက်တွေ့သလိုဖြစ်တာ"

"မဟုတ်ပါဘူး ကိုသီဟရဲ့၊ သဇင်က လွန်တာကိုး"

မောင်မောင်ကြီးနှင့် ဦးဟန်ရွှေတို့သည် လူငယ်ချင်း စကားပြောကာ လက်ဖက်ရည်သောက်နေသည်ကို ပြုံး၍ကြည့်နေကြ၏။

× × ×

"ကဲ . . ဒီနေ့ ပွဲကောက်ရေတံခွန်မှာ ရတနာလက်သိပ်ထိုးရောင်းပွဲရှိတယ်၊ ဈေးကဖြတ်ပြီးပြီ၊ မိုးကုတ်က ကျောက်သူဌေးဦးကျောက်ဦး၊ ဦးအိုက်ထန်တို့လဲပါတယ်၊ ဗဟုသုတရအောင်သွားလေ့လာမလို့ လိုက်မလား"

မောင်မောင်ကြီးက မိုးကုတ်ရတနာဈေးကွက်ကို မသိသေးသောကြောင့်

"လိုက်တာပေါ့ ဘယ်တော့လဲ"

ဟု မေးသည်။

"ညနေသုံးနာရီ၊ ခု ဆယ့်တစ်နာရီဆိုတော့ မေမြို့ကိုသွားရမှာ၊ ကားနဲ့သွားမှာပဲ မီပါတယ်"

ဦးမောင်မောင်ကြီး၊ ဦးဟန်ရွှေ၊ နေသီဟ၊ သဇင်နွယ်တို့လေးဦး ကားပေါ်သို့ တက်ကြသည်။ ရွှေအိုးနှင့် စိုးသီဟတို့က နေခဲ့ကြသည်။ စိုးသီဟက မိုးကုတ်မှ ပန်းတိမ်ဆိုင်သို့သွားရန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိုးက ဦးခွန်သာနှင့်အတူ အိမ်တွင် ပြင်စရာရှိသည်များ ဆက်ပြင်ရန် ဖြစ်သည်။

ရွှေအိုးသည် ခြံထဲသို့ ရောက်လာပြီး မကြာမီ

"ဒီအိမ်က ဦးမောင်မောင်ကြီးတို့အိမ်လား"

ဟု မေးသံကြားရသည်။

"ဟုတ်တယ် ညီလေး ဘာကိစ္စလဲ"

"ကျွန်တော်၊ ဦးမောင်မောင်ကြီးရော သဇင်နွယ်နဲ့ပါ တွေ့ချင်ပါတယ်"

"ဗျာ . . သဇင်နွယ်ရဲ့ အမျိုးတွေများလား"

ရွှေအိုးက ထိတ်လန့်စွာ မေးလိုက်သည်။

"ဟုတ်ပါတယ်"

"ဒါဆိုရင်တော့ ဒီကပဲစောင့်ပါ၊ မမြို့က ပွဲးကောက်ရေတံခွန်မှာ ရတနာအရောင်းအဝယ်ရှိလို့ သွားကြပါတယ်"

"ကောင်းပါပြီ မစောင့်တော့ပါဘူး"

ဘသိုက်က 'နန္ဒာသင်း'ကို အမြန်ဆုံး တွေ့ရှိလိုသူဖြစ်သောကြောင့် ကားဂိတ်ရှိရာသို့ လာကာ ကားစင်းလုံးငှား၍ မမြို့ ပွေးကောက်ရေတံခွန်သို့ လိုက်ပါလာခဲ့သည်။

လမ်းတွင် ကားပျက်နေ၍ သုံးနာရီသာသာမှ ပွေးကောက်ရေတံခွန်သို့ ရောက်သည်။ ရေတံခွန်မှ ပြန်လာသူများ ကြောက်လန့်တကြား ပြေးလာနေကြသည်။

"ဘာဖြစ်တာလဲ . . ဘာဖြစ်တာလဲ"





"ရေတံခွန်မှာ ဓားပြတိုက်နေလို့"

"ဟင်"

'နန္ဒာသင်း'တို့အတွက် စိတ်ပူကာ လူတွေကို ဆန်ကာသူသည် ရေတံခွန်နားသို့ ကပ်လာသည်။ ရေတံခွန်ရှေ့ မြက်ခင်းပြင်တွင် လူတစ်စုက သေနတ်သုံးလက်ဖြင့် ချိန်ရွယ်ထားသည်။

ရတနာကုန်သည်များက ပစ္စည်းများကိုင်၍ ပုံပေးနေသည်။ သူသည် ဦးထုပ်နှင့်လူကို သေချာကြည့်နေသည်။

"စံထွန်း"

သူကြီးသားစံထွန်း၊ သူ့ဘေးက မောင်ထွေး။

သူသည် ပတ်ဝန်းကျင်ကို ကြည့်လျက် ခပ်ဝေးဝေးမှ ရေထဲဆင်းကာ ရေငုပ်လျက် ရေတံခွန်သံနှင့်ရောနေသည့် ကမ်းဘေးမှ ဓားပြများနောက်သို့ ရောက်အောင်သွားသည်။

ပြီးနောက် သစ်ပင်ကြီးတစ်ပင်နောက်သို့ သူကွယ်ကာ ပုန်းနေလိုက်လေသည်။ သူ့လှုပ်ရှားမှုကို မည်သူမျှမတွေ့။

"ရှိတာ ဒီပုဆိုးထဲကိုထည့်ပါ၊ ဟိုကောင်မလေး စိန်နားကပ်နဲ့ စိန်ဆွဲကြိုးချွတ်စမ်း"

စံထွန်းက အမိန့်ပေးကာ အနားတိုးလာသည်။ ထိုအခါ 'နန္ဒာသင်း'ကို မှတ်မိသွားသည်။

"ဟင် . . မင်း . . မင်း ဒီမှာရောက်နေတာကိုး လာခဲ့စမ်း"

'နန္ဒာသင်း'ကို ဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို . . မလုပ်ပါနဲ့၊ ကျုပ်တူမကို ထားခဲ့ပါ"

ဦးမောင်မောင်ကြီးက ထအော်လိုက်သည်။

"မသေချင်ရင် ခေါင်းငုံ့ထား၊ အားလုံး မြေကြီးနဲ့ခေါင်း ထိအောင် ငုံ့ထား"

နန္ဒာသင်း ခေါ် သဇင်နွယ်က ရန်းနေသည်။

"လွှတ် . . ကျွန်မကိုလွှတ်"

"အို . . ဒီလောက်ရုန်းနေတာ ကဲကွာ"

"ခွပ်"

"အမယ်လေး"

သေနတ်ဒင်နှင့် ခေါင်းကို ချလိုက်၍ သဇင်နွယ် ခွေကျ သွားသည်။ သဇင်နွယ်ကို ပခုံးပေါ်ထမ်းရန် ကောက်ပွေ့လိုက် စဉ်မှာပင် . .

သစ်ပင်ပေါ်မှ ဘသိုက် ခုန်ချကာ စံထွန်းကို ဒူးနှင့်ကိုက် ၍ ငေးနေသော မောင်ထွေးလက်မှ သေနတ်ကို ဆတ်ခနဲ ယူ လိုက်သည်။

အိုက်မောင်က သေနတ်နှင့် ပစ်ရန် ထိုးချိန်လိုက်၏။

"ဒိုင်း"

"အား"

ဘသိုက်က ဦးအောင်ပစ်လိုက်၍ လက်ထဲမှ သေနတ် လွှတ်ကျသွားသည်။

"ပုလိပ်တွေလာပြီ . . ပုလိပ်တွေလာပြီ"



BURMESE CLASSIC



"ဓားပြတွေကို မလွှတ်စေနဲ့"

ရတနာကုန်သည်များက အော်ကာ ဝိုင်းလိုက်ကြသည်။ စံထွန်းကတော့ အနားကပ်မခံ။ သူ့ဓားမြောင်ကို ဆွဲထုတ်လိုက် ၏။

"ဘသိုက် မင်းသတ္တိရှိရင် လက်ထဲက သေနတ်ကို လွှင့် ပစ်လိုက်စမ်း"

မြေပြင်မှ ဆတ်ခနဲ ထကာ ဘသိုက်ကို ပြောလိုက်၏ ဘသိုက်က . .

"ဟား . . ဟား . . ဟား . . ရတယ် စံထွန်း၊ မင်းဓား ကို လွှင့်ရင် ငါလဲ ဟောဒီသေနတ်ကို လွှင့်ပစ်လိုက်မယ်"

ဟု ပြောသည်။ ကျန်ဓားပြနှစ်ဦးကို ရတနာကုန်သည် များက ဝိုင်းထားပြီး သူတို့ရတနာများကို ထုပ်သိမ်းလျက် ဘသိုက်နှင့်စံထွန်းတို့ပွဲကို ကြည့်နေသည်။

"ချွမ်"

စံထွန်းက ဘသိုက်စကားအတိုင်း ဓားကို လွှင့်ပစ်လိုက် သည်။ ဘသိုက်ကလည်း လူအုပ်စုထဲသို့ သူ့လက်ထဲမှ သေနတ် ကို ပစ်ပေးလိုက်ရာ ဦးမောင်မောင်ကြီးက ဖမ်း၍ စံထွန်းကို ချိန်ထားလိုက်သည်။

"ဟိတ်"

စံထွန်းသည် အော်ကာ ဘသိုက်ကို ဒူးနှင့်ပြေးတိုက် သည်။ ဘသိုက်က ရှောင်တိမ်းကာ စံထွန်း၏နံကြားကို ညာတံ တောင်နှင့် တွတ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အွတ်"

စံထွန်း ဒူးထောက်ကျသွားသည်။

"ထလေကွာ"

စံထွန်း အားတင်းကာ ထလာသည်။ သူသည် ဘသိုက်ကို မှန်းတီးစွာ လက်သီးများ အဆက်မပြတ် ထိုးချအသည်။

"ခွပ်"

"ခွပ်"

ဘသိုက်က မေးစေ့ပေါ် ကျလာသော လက်သီးနှစ်ချက်ကို မရှောင်နိုင်ဘဲ ခံလိုက်ရပြီး ညာခြေက စံထွန်းနံကြားကို ပတ်ကန်လိုက်ပြန်လေသည်။

"ဘုန်း"

"အား"

စံထွန်း အရုပ်ကြိုးပြတ် ပုံခနဲ လဲကျသွားသည်။

"ဘသိုက် . . မင်း . . မင်း . ."

စံထွန်းသည် ထရန်ကြိုးစားပါသေး၏။ သို့သော် ကန်ချက်ပြင်းလှသောကြောင့် ငြိမ်သက်သွားလေတော့သည်။

မကြာမီ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ရောက်ရှိလာကာ ဓားပြများကို ဖမ်းဆီးသွားကြလေတော့သည်။ ဘသိုက်သည် သဇင်နွယ်ကို ပွေ့ချီကာ 'နန္ဒာသင်း' . . 'နန္ဒာသင်း' ဟု ခေါ်လိုက်လေသည်။







မောင်မောင်ကြီးက အနီးမှ ရပ်ကြည့်နေသည်။ ကျောက်မျက်ရတနာပွဲစားတစ်ဦးက စားသောက်ဆိုင်မှ ရေခပ်ပေးသည်။ ဒီရေလေးနဲ့ တောက်လိုက်ဟု ပြော၍ ရေနှင့်တောက်လိုက်၏။

"အင်း"

"သတိရပြီလား . . သဇင်နွယ် ဦးလေးလေ"

ဦးမောင်မောင်ကြီးက သဇင်နွယ်ကို လှုပ်ကာပြောလိုက်သည်။

သဇင်နွယ်သည် ဦးမောင်မောင်ကြီးကိုကြည့်ပြီး မျက်နှာလွှဲသွား၏။ သူမကို ပွေ့သူကို မော့ကြည့်လိုက်တော့မှ

"ဟင် . . ကိုသိုက်၊ ကိုသိုက် သင်းဆီကို ရောက်လာသေးတယ်နော်"

"သင်း . . အစ်ကို့ကို မှတ်မိတယ်နော်၊ သင်း အတိတ်ကို မေ့နေတယ်ပြောလို့"

ဦးမောင်မောင်ကြီးက ထိုနှစ်ဦးကို ကြည့်ကာ သက်ပြင်းချလိုက်မိလေတော့သည်။

ပြီးပါပြီ

အိမ်ကြာသိုက်



www.burmeseclassic.com